# မြန်မာ့အလင်း

၁၉၁၄ ခုနှစ်က တည်ထောင်သည်။ Established in 1914

Myanma Alinn Daily


**နိဗ္ဗာန်ကမ်းတစ်ဖက်သို့**

ကောင်းစွာဟောအပ်သော တရားတို့ကို တရားအားလျော်စွာ ကျင့်ကြံကုန်သော သူတို့သည် ကူးမြောက်နိုင်ခဲသော သေမင်းနေရာသံသရာကို (ကူးမြောက်၍) နိဗ္ဗာန်တည်းဟူသော ကမ်းတစ်ဖက်သို့ ရောက်ကုန်လတ္တံ့။ ပဏ္ဍိတဝဂ်(ဓမ္မပဒ-၈၆)


၁၃၈၆ ခုနှစ်၊ ပြာသိုလဆန်း ၅ ရက် ၂၀၂၅ ခုနှစ်၊ ဇန်နဝါရီ ၃ ရက်၊ သောကြာနေ့ အတွဲ (၆၄)၊ အမှတ် (၀၉၅)


## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ၏ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီးတရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအားမြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA) ပါ သဘောတူညီချက်များ အတိုင်း ဖြစ်နိုင်သမျှ အလေးထားလုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ် ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကိုအခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများ နစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျနမှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ ကျင်းပ၍ ထွက်ပေါ်လာသည့် အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။






နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး Judicial College အဆောက်အဦသစ်ဆိုင်းဘုတ်ကို စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးစဉ်။

# ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ Judicial College အဆောက်အဦသစ် ဖွင့်ပွဲအခမ်းအနားကျင်းပ

## ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ်ဖြစ်ထွန်းစေရေးတွင် တရားသူကြီးများ၏ ဆင်ခြင်တုံတရား၊ စိတ်ဓာတ်နှင့်စွမ်းဆောင်ရည် မြင့်မားမှုများသည် အဓိကကျသကဲ့သို့ တရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဥပဓိရုပ်ကောင်းမွန်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍဖြစ်

နေပြည်တော် ဇန်နဝါရီ ၂

နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိမြို့နယ်ရှိ ပြည်ထောင်စုတရားလွှတ်တော်ချုပ်၊ Judicial College အဆောက်အဦသစ်ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ကျင်းပပြုလုပ်ရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေး တက်ရောက်ဖွင့်လှစ်သည်။

*စာမျက်နှာ ၃ ကော်လံ ၁* ❖

**ယနေ့ ဖတ် စ ရာ**


**ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့**

ဆောင်းပါး စာ ၁၀

**နှစ်သစ်မှာ ငြိမ်းချမ်းပျော်ရွှင်ကြပါစေ**

ဆောင်းပါး စာ ၁၆


## (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကျင်းပမှု တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဇန်နဝါရီ ၂

၂၀၂၅ ခုနှစ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ နိုင်ငံတော်အလံ အလေးပြုပွဲအခမ်းအနားကို ဇန်နဝါရီ ၄ ရက်နေ့ နံနက်ပိုင်းတွင် နေပြည်တော် မြို့တော်ခန်းမရှေ့ရင်ပြင်၌ ကျင်းပမည်ဖြစ်သည်။

အဆိုပါ အခမ်းအနားကျင်းပပုံများကို ယင်းနေ့ နံနက် ၆ နာရီခွဲတွင် မြန်မာ့အသံနှင့် ရုပ်မြင်သံကြား MRTV– HD Channel၊

*စာမျက်နှာ ၅ ကော်လံ ၁* ❍

# ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေလျှော့ချ

လုံခြုံရေးဟူသည် ကျရောက်လာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်များမှ လွတ်ကင်းအောင် စီမံဆောင်ရွက်ခြင်းပင်ဖြစ်ပြီး လူပုဂ္ဂိုလ်တစ်ဦးချင်းစီ၏ လုံခြုံရေး၊ ကိုယ်ရေးအချက်အလက်များ လုံခြုံရေးမှသည် နိုင်ငံတော်လုံခြုံရေးအထိ ကြီးမားကျယ်ပြန့်သလောက် အရေးကြီးသည့် လုပ်ငန်းလည်းဖြစ်သည်။ မိမိတို့နိုင်ငံတွင် ပြည်တွင်းမတည်မငြိမ်မှုများ၏ ဘေးထွက်ဆိုးကျိုးအဖြစ် မြို့ပြဒေသများတွင် လက်နက်ကိုင်ရာဇဝတ်မှုများ၊ လက်ရဲဇက်ရဲ ကျူးလွန်လာကြသည်ကို ပိုမိုတွေ့ရှိလာရသည့်အလျောက် လူတစ်ဦးချင်းစီအပါအဝင် အိမ်ထောင်စုတိုင်း၊ လမ်းတိုင်း၊ ရပ်ကွက်တိုင်း၊ မြို့နယ်တိုင်း လုံခြုံရေးသတိအစဉ်ရှိရန် လိုအပ်လာသည်။

ရာဇဝတ်မှုခင်းများနှင့်စပ်လျဉ်း၍ ပြည်သူအများ သတိထားမိကြစေရန် နိုင်ငံပိုင်မီဒီယာများတွင် ပြည့်ပြည့်စုံစုံ ထင်ထင်ရှားရှား ဖော်ပြပေးခဲ့သည့် ရာဇဝတ်မှုခင်း သတင်းကြီးများကို သေချာစေ့ငုကြည့်ရှုလေ့လာမည်ဆိုပါက ဒုစရိုက်မှုကျူးလွန်မည့်သူများသည် ဘဏ်များ၊ ငွေကြေးလဲလှယ်သည့်လုပ်ငန်းများ၊ ရွှေဆိုင်များ၊ ရွှေလုပ်ငန်းလုပ်ကိုင်သူများ စသည်ဖြင့် ငွေကြေးပမာဏအများအပြားရရှိနိုင်မည့်နေရာများကို ပစ်မှတ်ထားရွေးချယ်ကြသည်ကို တွေ့ရှိနိုင်သည်။ ထို့နောက် ၎င်းတို့ တိုက်ခိုက်လုယက်မှုကျူးလွန်မည့်နေရာ၏ လူအင်အား၊ လူဝင်လူထွက်၊ ဖွင့်ချိန်ပိတ်ချိန်၊ ရွှေငွေပစ္စည်းများ အထုတ်အသွင်း ပြုလုပ်သယ်ယူမှု၊ လုံခြုံရေးအခြေအနေ၊ ၎င်းတို့၏ ဝင်လမ်းထွက်လမ်း စသည်တို့ကို သေချာစွာလေ့လာပြီး အကွက်ချကျူးလွန်ကြခြင်းဖြစ်သည်။ ဒုစရိုက်သမားများ ကိုင်ဆောင်သည့် လက်နက်များတွင် အတုများပါရှိသည်ကို တွေ့ရသလို မောင်းပြန်သေနတ်ကဲ့သို့သော လက်နက်များလည်း ပါရှိတတ်သည်ကို တွေ့ရသည်။ ၎င်းတို့၏ မျက်နှာများကို ကာကွယ်နိုင်ရန်အတွက် ဆိုင်ကယ်စီးဦးထုပ်များ၊ လျှာထိုးဦးထုပ်များ၊ မျက်မှန်၊ ပါးစပ်နှာခေါင်းစည်းများစသည်တို့ ဝတ်ဆင်လေ့ရှိကြသည်ကိုလည်း တွေ့ရှိနိုင်သည်။ သေစေနိုင်သည့်လက်နက်များ ကိုင်ဆောင်လာကာ ခြိမ်းခြောက်လုယက်လာသူများကို ပြန်လည်ခုခံရန်ဆိုသည်မှာ လွန်စွာအန္တရာယ်ကြီးမားသည့်အလျောက် ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းဖြင့် ဘေးအန္တရာယ်ဖြစ်နိုင်ခြေကို လျှော့ချရန်သာ ဦးစားပေးကြရမည်ဖြစ်သည်။

လူပုဂ္ဂိုလ်များ၊ လုပ်ငန်းများ စသည်တို့အတွက် လိုအပ်လာသည့်အခြေအနေတွင် လုံခြုံရေးအစီအမံများကို ကြိုတင်မျှော်တွေးဆောင်ရွက်ထားခြင်းက ဖြစ်လာနိုင်ဖွယ်ရှိသည့် ဘေးအန္တရာယ်ကို များစွာလျော့ကျသွားစေနိုင်သည်။ လုံခြုံရေးသတိအမြဲရှိပြီး မပေါ့ဆသည့်နေရာ၊ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားမှုများကြောင့် အကဲမသာသည့်နေရာများကို ဒုစရိုက်သမားတို့က ရှောင်ရှားကြမည်သာဖြစ်သည်။ ထို့ပြင် တိုက်ခန်းတွဲ၊ အိမ်ရာများတွင် နေထိုင်ကြသူများအချင်းချင်း စည်းလုံးညီညွတ်ခြင်း၊ တစ်လမ်းတည်း/တစ်ရပ်ကွက်တည်း နေထိုင်သူအချင်းချင်း စည်းလုံးညီညွတ်ခြင်း၊ စုပေါင်းတာဝန်ယူ၊ စုပေါင်းကာကွယ်၊ အပြန်အလှန်စုပေါင်းစောင့်ရှောက်ခြင်းတို့ အားကောင်းသည့်နေရာ၊ ဒေသများကိုလည်း ဒုစရိုက်သမားတို့ ဝေးဝေးရှောင်လေ့ရှိကြသည်။ သို့ဖြစ်ရာ ကြိုတင်ပြင်ဆင်ကာကွယ်ခြင်းနှင့် စည်းလုံးညီညွတ်ခြင်းတို့ကို စနစ်တကျဆောင်ရွက်ခြင်းအားဖြင့် ရပ်ရွာလုံခြုံရေးစွမ်းအားကို မြှင့်တင်ထားကြရန်လိုသည်။

ရပ်ရွာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့အစည်းများရှိသော်လည်း ကနဦးအနေဖြင့် မိမိတို့၏ လုံခြုံရေးသတိ၊ လုံခြုံရေးအသိနှင့် ကြိုတင်ကာကွယ်မှုတို့က အရင်းခံကျသည်။ သက်ဆိုင်ရာအဖွဲ့အစည်းတို့က ရပ်ရွာလုံခြုံရေး၊ တရားဥပဒေစိုးမိုးရေး လုပ်ငန်းများဆောင်ရွက်ရာတွင် ရပ်နေရွာခံပြည်သူများ တက်တက်ကြွကြွ ပူးပေါင်းပါဝင်ခြင်းဖြင့် အမှုအခင်းများကင်းစင်မှုနှင့် ဒေသတည်ငြိမ်အေးချမ်းမှုတို့ကို အထောက်အကူဖြစ်စေသည်။ သို့ဖြစ်ရာ တောမီးလောင်ချိန်တွင် တောကြောင်များ မထကြွစေရေး၊ မိမိနှင့်တကွ မိမိရပ်ရွာ လုံခြုံရေးတို့အတွက် လုံခြုံရေးသတိဖြင့် ကြိုတင်ပြင်ဆင်ကာကွယ်မှုများ၊ ပူးပေါင်းဆောင်ရွက်မှုများတွင် လူတိုင်းပါဝင်ကြရပါမည့်အကြောင်း။ ။

## ၂၀၂၅ ခုနှစ်၊ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အမျိုးသားရေးဦးတည်ချက်(၅)ရပ်

၁။ ပြည်ထောင်စုမပြိုကွဲရေး၊ တိုင်းရင်းသားစည်းလုံးညီညွတ်မှုမပြိုကွဲရေး၊ အချုပ်အခြာအာဏာ တည်တံ့ခိုင်မြဲရေးအတွက် လက်နက်ကိုင်ပဋိပက္ခများနှင့် သဘောထားကွဲလွဲမှုများကို ဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်ရေး။

၂။ နိုင်ငံသူ၊ နိုင်ငံသားအားလုံးတို့က စည်းလုံးညီညွတ်စွာဖြင့် ပြည်ထောင်စုစိတ်ဓာတ်အရင်းခံကာ နိုင်ငံတော်ကို ဝိုင်းဝန်းကာကွယ်စောင့်ရှောက်ထိန်းသိမ်းရေး။

၃။ စစ်မှန်၍စည်းကမ်းပြည့်ဝသော ဒီမိုကရေစီစနစ်ဖြစ်ပေါ်လာစေရေးအတွက် တရားမျှတသော၊ သိက္ခာရှိသော၊ နည်းလမ်းကျနမှန်ကန်မှုရှိသော အထွေထွေရွေးကောက်ပွဲပြန်လည်ကျင်းပနိုင်ရေး။

၄။ ပြည်ထောင်စုကြီးတစ်ခုလုံး ဘက်စုံထောင့်စုံ ဟန်ချက်ညီညီ ဖွံ့ဖြိုးတိုးတက်ရန်အတွက် ပြည်သူလူထုတစ်ရပ်လုံး၏ "စုပေါင်းအား" ဖြင့် ဆောင်ရွက်ရေး။

၅။ "ရှေ့သို့ချီမည်ပန်းတိုင်ဆီ" ဆိုသည့် ဆောင်ပုဒ်အတိုင်း နိုင်ငံရေး၊ စီးပွားရေး၊ ကာကွယ်ရေး၊ အမျိုးသားရေး စရိုက်လက္ခဏာနှင့် အမျိုးသားစိတ်ဓာတ် မြှင့်တင်ရေးတို့အတွက် ခိုင်မာသည့် ဖွဲ့လုံ့လ၊ ဝီရိယထားပြီး စည်းလုံးညီညွတ်စွာဖြင့် ကြိုးပမ်းဖော်ဆောင်ရေး။




### ၂-၁-၂၀၂၅ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေ ၁ ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်) ၏ ဈေးနှုန်းမှာ (၅၂၈၀၀၀၀) ကျပ်ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ)
ရည်ညွှန်းဈေး
သတ်မှတ်ရေးကော်မတီ

## နှစ်သစ်သို့ မှာတမ်း

❖ ရွှေလရယ်သာသာ
ကြယ်တာရာ ပြိုးပြိုးပြက်၊
ဤကမ္ဘာ အေးချမ်းဖို့
ပို့မေတ္တာဆက်။

❖ ထိုမေတ္တာ ရောင်ပြန်လက်
စံမူဖက် ပို့လွှတ်နေ၊
ဝိုင်းပတ်ရစ်ခွေ၊
နှိုင်းယှဉ်ပြ နှစ်သစ်ဆွေ
မြဲတစေ ရင်လွှာနွေး၊
လမေတ္တာ ကြယ်လင်းတန်း
ခြုံလွှမ်းလို့ပေး။

❖ ထူးအကောင်းပေမို့
ကူးအပြောင်းဆီးကာကြို
စိတ်ထားမြင့်မိုရ်။
လာပြီကွဲ့ ရွှေဗဟိုရ်
တီးသံချို နားဝင်အေး၊
ရွှေချိုးဖြူ ကူးလူးဆက်
ရင်ထက်မှာနွေး။

❖ ရေရှည်မျှော်ကြံဆတွေး
မှန်ပြရေးချင်းအရာ၊
ဖြန့်ဝေလျက်ပါ။
ခင်းအကျင်း နိမိတ်လှှာ
ကောင်းခြင်းဖြာ ကြိုဆိုကြ၊
ကပ်ဘေးကွာ ရန်မြေရှင်း
အပ်နှင်းလို့လှ။

❖ ကြယ်အစုံ လရောင်လင်း
အေးမြခြင်း ဖော်ဆောင်ရှင်
သိမှတ်စေချင်။
ဥပမာလင်္ကာဆင်
ကြည်စိတ်ရှင် နှစ်သစ်ဖွား၊
နှစ်အဆန်းမှာလ
တင့်လျှမ်းအထွေထွေနဲ့
ပွင့်ပန်းတစ်ဝေဝေနဲ့
ရွှေမြေလွှာ ရွှေရောင်
လွှမ်းစေပေါ့
ပြုံးပန်းဆင် ချိုသာသာနဲ့
မင်္ဂလာပါ နှုတ်ခွန်းဆက်
ပါလို့
(အလိုကွယ်) ပြည့်နက်စေ
သား။ ။

ဖိုလေးလုံးသောင်းကိုကို

မြန်မာ့အလင်း

| | | | | | |
|---|---|---|---|---|---|
| စာတည်းမှူးချုပ် | - | စိုးစိုးနိုင် | သတင်းထောက်မှူး | - | ခင်ရတနာ |
| စာတည်းမှူး | - | မြင့်စိုး | အကြီးတန်း | - | ကျော်သူဝင်း၊ ဇင်ဦး၊ တင်မောင်လွင်၊ |
| စာတည်းများ | - | ဝင်းကျော်၊ နေဇာဇာထွန်း | သတင်းထောက်များ | | ဟိန်းထက်ဇော်၊ နေဝင်းထွန်း(၂) |
| ဘာသာပြန်စာတည်း | - | ခြူးစန္ဒီနွေး၊ တင်လင်းအောင် | အငယ်တန်း | - | ဇော်ဝိုင်းအောင်၊ ဝေသူနွယ်၊ ခင်ဖြူထွေး |
| သုတေသန | - | အိအိခင်နှင့် အဖွဲ့ | သတင်းထောက်များ | | |
| စာပြင် | - | ဇော်မင်းသန်းနှင့် အဖွဲ့ | ဓာတ်ပုံသတင်းထောက် | - | တင်စိုး |
| စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း | - | ဆုမွန်သဲနှင့် ရွှေစင်အိတို့အဖွဲ့ | အီးမေးနှင့် အွန်လိုင်း | - | သက်လွင်ဦးနှင့် အဖွဲ့ |

နေပြည်တော်-စာတည်းမှူး ၀၆၇-၃၆၁၀၄၂၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၀၄၅၊ ဖက်စ် ၀၆၇-၃၆၁၀၄၃၊ ရန်ကုန်ရုံးခွဲ-အမှတ်(၅၃)၊ နတ်မောက်လမ်းသွယ်(၁)၊ ဗိုလ်ချို(၂) ရပ်ကွက်၊ ဗဟန်းမြို့နယ်၊ ရန်ကုန်မြို့၊ စာတိုက်သေတ္တာအမှတ်-၄၀၊ စာတည်းအဖွဲ့ ၀၁-၅၄၄၃၀၉၊ မန်နေဂျာ ၀၁-၅၄၄၃၁၄၊ စီမံ ၀၁-၅၄၄၃၁၅၊ ငွေစာရင်း ၀၁-၅၄၄၃၁၆၊ ကြော်ငြာ ၀၁-၅၄၅၈၃၄၊ ၀၁- ၅၅၉၁၁၈၊ Fax ၀၁-၅၄၆၂၂၁၊ ၀၆၇-၃၆၁၀၄၈၊ ဖြန့်ချိရေး ၀၁-၅၄၄၃၁၇၊ Fax ၀၁-၈၆၀၄၅၄၆။

ထုတ်ဝေခြင်းအမှတ် - (၀၁၀၉၃)
ပုံနှိပ်ခြင်းအမှတ် - (၀၀၈၇၇)

mmalin.npt@ gmail.com
www.facebook.com/MYANMAALINNNEWS

MYANMAR Digital News
Presented by NPE
www.mdn.gov.mm



ရန်ကုန်မြို့၏ညအလှ ဓာတ်ပုံ - အောင်ကျော်မိုး

**ဒီမိုကရေစီယဉ်ကျေးမှုဆိုတာ လူတစ်ဦးချင်း (သို့မဟုတ်) အဖွဲ့လိုက်ရဲ့ လိုအင်ဆန္ဒတွေကို ပဋိပက္ခလုပ်မှု၊ အကြမ်းဖက်ဖော်ဆောင်မှုတွေက ရှောင်ရှားပြီး ငြိမ်းချမ်းတဲ့နည်းနဲ့ ဖော်ဆောင်ခြင်းဖြစ်တယ်ဆိုတာကို အမြဲနှလုံးသွင်း ဆောင်ရွက်ကြဖို့လိုပါတယ်။**

(နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ၊ နိုင်ငံတော်ဝန်ကြီးချုပ်၊ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်က ၁၅-၁၀-၂၀၂၄ ရက်၊ တစ်နိုင်ငံလုံးပစ်ခတ်တိုက်ခိုက်မှုရပ်စဲရေးသဘောတူစာချုပ် (NCA) ချုပ်ဆိုခြင်း (၉)နှစ်မြောက် နှစ်ပတ်လည်နေ့တွင် ပြောကြားသည့်မိန့်ခွန်းမှ ကောက်နုတ်ချက်)



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးနှင့်အဖွဲ့ဝင်များ Judicial College အဆောက်အဦသစ်အတွင်း လှည့်လည်ကြည့်ရှုစဉ်။

❖ *ရွှေဖုံးမှ*

အခမ်းအနားသို့ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုအဆင့်ပုဂ္ဂိုလ်များနှင့် ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ပြည်ထောင်စုတရားလွှတ်တော်ချုပ်တရားသူကြီးများ၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာ ခုံရုံးအဖွဲ့ဝင်များ၊ အဂတိလိုက်စားမှုတိုက်ဖျက်ရေး ကော်မရှင်အဖွဲ့ဝင်များ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်များ၊ ပြည်ထောင်စုဥပဒေဆိုင်ရာအထောက်အကူပေးရေးဥက္ကဋ္ဌ၊ ဝန်ကြီးဌာနများမှ တာဝန်ရှိသူများနှင့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်မှ တရားရေးအရာရှိများ တက်ရောက်ကြသည်။

**ဖဲကြိုးဖြတ်ဖွင့်လှစ်**

ဦးစွာ ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာငြေး၊ နိုင်ငံတော်ဖွဲ့စည်းပုံ အခြေခံ ဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့က Judicial College အဆောက်အဦအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူး ဗိုလ်ချုပ်ကြီး အောင်လင်းဒွေးက Judicial College အဆောက်အဦသစ်ဆိုင်းဘုတ်အား စက်ခလုတ်နှိပ်ဖွင့်လှစ်ပေးပြီး အခမ်းအနားတက်ရောက်လာကြသူများနှင့်အတူ စုပေါင်းမှတ်တမ်းတင်ဓာတ်ပုံရိုက်ကြသည်။

**အမွေးနံ့သာရည်များပက်ဖျန်း**

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Judicial College အဆောက်အဦသစ်ကမ္ပည်းမော်ကွန်းအား အမွေးနံ့သာရည်များ ပက်ဖျန်းပေးသည်။

ဆက်လက်၍ အခမ်းအနားဒုတိယပိုင်းကို ကျင်းပပြုလုပ်ရာ နိုင်ငံတော် စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် Judicial College နှင့်စပ်လျဉ်းသည့် Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် ဆောက်လုပ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက Judicial College အဆောက်အဦသစ်နှင့် သက်ဆိုင်သည့် စာရွက်စာတမ်းများကို ပြည်ထောင်စု တရားသူကြီးချုပ်ထံသို့ လွှဲပြောင်းပေးအပ်သည်။ ယင်းနောက် ပြည်ထောင်စုတရားသူကြီးချုပ်က နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးထံ Judicial College အဆောက်အဦသစ်ဖွင့်ပွဲအထိမ်းအမှတ် လက်ဆောင်အား ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ်ကိုယ်စား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူးက အမှာစကားပြောကြားရာတွင် ယနေ့သည် မြန်မာနိုင်ငံတွင် ပထမဦးဆုံး အဆင့်မြင့်တရားစီရင်ရေးဆိုင်ရာ သင်ကြားရေးဌာနတစ်ခုဖြစ်သော Judicial College အဆောက်အဦသစ်ကြီးကို စတင်ဖွင့်လှစ်နိုင်သည့်နေ့ဖြစ်သဖြင့် တရားစီရင်ရေးမဏ္ဍိုင်အတွက်သာမကဘဲ နိုင်ငံတော်အတွက်ပါ ဂုဏ်ယူဝမ်းမြောက်စွာဖြင့် မှတ်တမ်းတင်ရမည့် နေ့တစ်နေ့ဖြစ်ကြောင်း။

**အာမခံချက်ပေးနိုင်သည့်အခွင့်အလမ်းဖြစ်**

ကမ္ဘာ့နိုင်ငံအသီးသီးတွင် တရားရေးကဏ္ဍ မြင့်မားရေးနှင့် တရားရေးဆိုင်ရာ အသိပညာဗဟုသုတများ တိုးတက်ရေးအတွက် Judicial Academy, Judicial College, Judicial Training Centre စသည့် အမည်အမျိုးမျိုးဖြင့် တည်ထောင်ထားသည်ကို တွေ့ရကြောင်း၊ အဆိုပါ သင်ကြားသင်ယူမှုဌာနများတွင် နိုင်ငံတကာတရားသူကြီးများကို ဖိတ်ခေါ်ပြီး တရားစီရင်ရေး လေ့ကျင့်သင်ကြားပေးခြင်း၊ တရားစီရင်ရေးစနစ် ထွန်းကားရန်အတွက် ညှိနှိုင်းဆွေးနွေးခြင်း၊ ဟောပြောပို့ချခြင်း၊ အပြန်အလှန်အသိပညာဖလှယ်ပူးပေါင်းဆောင်ရွက်ခြင်းတို့ကို လုပ်ဆောင်နေကြခြင်း တွေ့ရမည်ဖြစ်ကြောင်း၊ နိုင်ငံများအကြား တရားစီရင်ရေး ဖလှယ်မှုအစီအစဉ် (Judicial Exchange Programme) သည် နိုင်ငံအချင်းချင်း ချစ်ကြည်ရင်းနှီးမှုကို ဖြစ်ထွန်းစေရုံသာမကဘဲ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုအတွက်ပါ အာမခံချက်ပေးနိုင်သည့် အခွင့်အလမ်းဖြစ်သဖြင့် နိုင်ငံအတွက် အရေးပါအရာရောက်သည့် နေရာတစ်ခုဖြစ်ကြောင်း။

**အကျိုးရှိရှိထိထိရောက်ရောက်အသုံးချနိုင်မည်**

ထို့ပြင် ယခုကဲ့သို့နိုင်ငံတော်ငွေ ကုန်ကျစရိတ်များစွာကျခံပြီး ခမ်းနားထည်ဝါစွာ တည်ဆောက်ပေးထားသည့် Judicial College ကြီးတွင် ပြည်ပသင်တန်းသားများအပြင် မြန်မာနိုင်ငံက တရားသူကြီးအသစ်များ၊ အလယ်အလတ်အဆင့် တရားသူကြီးများ၊ အဆင့်မြင့်တရားသူကြီးများအတွက်လည်း လေ့လာသင်ယူ ဆွေးနွေးပို့ချသည့်နေရာအဖြစ် အသုံးပြုသွားမည်ဖြစ်သဖြင့် တရားသူကြီးအသီးသီး၏ စွမ်းရည်တိုးတက်ရေး အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်မည်ဟု ယုံကြည်မျှော်လင့်ကြောင်း။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီသည် ဖွဲ့စည်းပုံအခြေခံ ဥပဒေပုဒ်မ ၄၁၉ အရ ဥပဒေပြုရေး၊ အုပ်ချုပ်ရေး၊ တရားစီရင်ရေးဆိုသည့် နိုင်ငံတော်အာဏာသုံးရပ်ကို ဥပဒေနှင့်အညီ ကျင့်သုံးဆောင်ရွက်လျက်ရှိကြောင်း၊ ထိုသို့ဆောင်ရွက်ရာတွင် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၉ အရ ဥပဒေနှင့်အညီ လွတ်လပ်စွာ တရားစီရင်ရေး၊ မှန်မှန်နှင့်မြန်မြန် တရားစီရင်ရေးရှင်သန်စေရန်၊ ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၁၁ အရ ဥပဒေပြုမှုနှင့် အုပ်ချုပ်မှုအာဏာရပ်များက တရားစီရင်ရေးအာဏာအပေါ် ဝင်ရောက်စွက်ဖက်မှုကင်းပြီး အာဏာသုံးရပ် ပိုင်းခြားခွဲဝေကျင့်သုံးမှု တတ်နိုင်သမျှ ဆောင်ရွက်ရန် စသည့်နိုင်ငံတော်၏ တရားစီရင်ရေးဆိုင်ရာမူများ၊ တာဝန်နှင့် လုပ်ပိုင်ခွင့်များကို ပြည်ထောင်စု တရားလွှတ်တော်ချုပ်ကို အပြည့်အဝလွှဲအပ်ကျင့်သုံးလျက်ရှိသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း။

*စာမျက်နှာ ၄ သို့*

**❖ ယခုကဲ့သို့ နိုင်ငံတော်ငွေ ကုန်ကျစရိတ်များစွာကျခံပြီး ခမ်းနားထည်ဝါစွာ တည်ဆောက်ပေးထားသည့် Judicial College ကြီးတွင် ပြည်ပသင်တန်းသားများအပြင် မြန်မာနိုင်ငံက တရားသူကြီးအသစ်များ၊ အလယ်အလတ်အဆင့် တရားသူကြီးများ၊ အဆင့်မြင့်တရားသူကြီးများအတွက်လည်း လေ့လာသင်ယူဆွေးနွေးပို့ချသည့် နေရာအဖြစ် အသုံးပြုသွားမည်ဖြစ်သဖြင့် တရားသူကြီးအသီးသီး၏ စွမ်းရည်တိုးတက်ရေး အကျိုးရှိရှိ ထိထိရောက်ရောက် အသုံးချနိုင်မည်ဟု ယုံကြည်မျှော်လင့်**

*စာမျက်နှာ ၃ မှ*

တရားစီရင်ရေးမဏ္ဍိုင် တိုးတက်ဖွံ့ဖြိုးစေရေးနှင့် ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေးအတွက် နိုင်ငံတော်အစိုးရ၏ ဆောင်ရွက်ပေးနေမှုများကိုလည်း ထည့်သွင်းပြောကြားလိုကြောင်း၊ ပြည်သူအများ ယုံကြည်ကိုးစားသည့် တရားစီရင်ရေးစနစ် ဖြစ်ထွန်းစေရေးတွင် တရားသူကြီးများ၏ ဆင်ခြင်တုံတရား၊ စိတ်ဓာတ်နှင့်စွမ်းဆောင်ရည် မြင့်မားမှုများသည် အဓိကကျသကဲ့သို့ တရားရုံးများ၏ ဖွဲ့စည်းတည်ဆောက်မှုနှင့် ဥပဓိရုပ်ကောင်းမွန်မှုသည်လည်း အရေးပါသည့် အခန်းကဏ္ဍဖြစ်ကြောင်း။

**လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိ**

ထို့ကြောင့် တရားရုံးများ ဥပဓိရုပ်ကောင်းမွန်ပြည့်စုံစေရန်အတွက် နိုင်ငံတော်အစိုးရအနေဖြင့် မန္တလေးတိုင်းဒေသကြီး၊ မွန်ပြည်နယ် စသည့် တရားလွှတ်တော် (High Court) များကို အသစ်ဆောက်လုပ်ပေးခဲ့သကဲ့သို့ ခရိုင်တရားရုံး ငါးခုကိုလည်း အသစ်ဆောက်လုပ်ပေးခဲ့ပြီးဖြစ်ကြောင်း၊ မြန်မာနိုင်ငံ တရားသူကြီးအားလုံးအတွက် ဝန်ထမ်းတိုင်းခံစားခွင့်ရှိသည့် ဝတ်စုံစရိတ် (Outfit Allowance) အပြင် လုပ်ငန်းတာဝန်အရ မဖြစ်မနေဝတ်ဆင်ရသည့် ဝတ်ရုံစရိတ်များခွင့်ပြုပေးခြင်း စသည်များကိုလည်း နိုင်ငံတော်က တရားစီရင်ရေးကဏ္ဍအတွက် လိုအပ်ချက်များကို ဆောင်ရွက်ပေးလျက်ရှိကြောင်း။

တရားစီရင်ရေးမဏ္ဍိုင်ဖွံ့ဖြိုးတိုးတက်ရန်အတွက် နိုင်ငံတော်၏ ဆောင်ရွက်ပေးနေမှုများကို အသိပေးပြောကြားရင်း တရားစီရင်ရေးတွင် တာဝန်ယူဆောင်ရွက်နေကြသည့် ပြည်ထောင်စုတရားလွှတ်တော်ချုပ်နှင့် လက်အောက်ခံတရားရုံးအဆင့်ဆင့်မှ တရားသူကြီးများကို အထူးမှာကြားလိုသည့်အချက်ရှိကြောင်း၊ **“တရားစီရင်ရာတွင် အမှန်ကို ဆုံးဖြတ်ရုံမျှသာမကဘဲ ထိုသို့ အမှန်တရားကိုစီရင်ကြောင်း အများမြင်စေရာသည်”** ဆိုသော အသားကျနေသည့် စီရင်ထုံးလမ်းညွှန်ချက်အတိုင်းဖြစ်စေရန် နှင့် တရားသူကြီးများသည် အမှန်တရားကို ချစ်မြတ်နိုးရန်၊ နိုင်ငံအတွက်၊ အများပြည်သူအတွက် စိတ်ကောင်းစေတနာထားရန်၊ အရည်အချင်းရှိသည့် တရားသူကြီးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်ကြရန် တိုက်တွန်းမှာကြားလိုကြောင်း။

**အစွမ်းကုန်ကြိုးပမ်း**

ယနေ့အချိန်အခါတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီက နိုင်ငံတော်၏ တာဝန်အရပ်ရပ်ကို ဖွဲ့စည်းပုံအခြေခံဥပဒေနှင့်အညီ ထိန်းသိမ်းဆောင်ရွက်လျက်ရှိပြီး ရှေ့လုပ်ငန်းစဉ် (၅)ရပ်၊ ဦးတည်ချက် (၉) ရပ်တို့ကို ချမှတ်ဆောင်ရွက်လျက်ရှိကြောင်း၊ အဆိုပါ ရှေ့လုပ်ငန်းစဉ်(၅)ရပ်နှင့်ဦးတည်ချက် (၉)ရပ်တို့တွင် **“တရားဥပဒေစိုးမိုးရေး”** ကို အလေးထားဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အတိအလင်း ထုတ်ပြန်ကြေညာထားပြီးဖြစ်ကြောင်း၊ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိစေရန် အကောင်အထည်ဖော်ရာ၌ တရားစီရင်ရေး၏ မှန်ကန်မှုနှင့်မြန်ဆန်မှုသည် အရေးပါသည့် အခန်းကဏ္ဍတွင်ရှိသည့်အတွက် တရားစီရင်ရေးကို အကောင်အထည်ဖော်ကြရသည့် တရားသူကြီးများက ကျရာနေရာမှ အစွမ်းကုန်ကြိုးပမ်းဆောင်ရွက်ပေးကြရန် မှာကြားလိုကြောင်း။



ပြည်ထောင်စုတရားသူကြီးချုပ် ဦးသာဌေး၊ နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေဆိုင်ရာခုံရုံးဥက္ကဋ္ဌ ဦးအောင်ဇော်သိန်းနှင့် ပြည်ထောင်စုဝန်ကြီး ဦးမျိုးသန့်တို့ Judicial College အဆောက်အဦအသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးစဉ်။

**ညှိနှိုင်းဆွေးနွေးဖလှယ်**

Judicial College အဆောက်အဦသစ်ကြီးတည်ထောင်ဖွင့်လှစ်ရသည့် ရည်ရွယ်ချက်များအတိုင်း ယခုကျောင်းတော်ကြီးမှနေ၍ အာဆီယံအပါအဝင် မိတ်ဆွေနိုင်ငံများနှင့် နှစ်နိုင်ငံတရားစီရင်ရေးကိစ္စများကို ညှိနှိုင်းဆွေးနွေးဖလှယ်ပြီး ပူးပေါင်းဆောင်ရွက်မှုများမှတစ်ဆင့် နိုင်ငံတကာနှင့် ချစ်ကြည်ရင်းနှီးမှု၊ ယုံကြည်စိတ်ချရသည့် တရားစီရင်ရေးအကာအကွယ်ရှိသော ရင်းနှီးမြှုပ်နှံမှုပြုလုပ်နိုင်သည့် နိုင်ငံအဖြစ် ပြသနိုင်မှုများ ဖော်ဆောင်နိုင်အောင် ဆောင်ရွက်ပေးကြရန်၊ တရားမျှတခြင်း၊ လွတ်လပ်ခြင်းနှင့် ညီမျှခြင်းဆိုသည့် လောကပါလတရားများ ဖြစ်ထွန်းစေသည့် မြန်မာ့တရားစီရင်ရေးသည် အာဆီယံမှာသာမက ကမ္ဘာကပါ လေးစားဂုဏ်ယူရသည့် တရားစီရင်ရေးဖြစ်အောင် ကြိုးပမ်းဆောင်ရွက်သွားကြရန် တိုက်တွန်းမှာကြားလိုကြောင်း ပြောကြားသည်။

**အဆောက်အဦသစ်အတွင်းလှည့်လည်ကြည့်ရှု**

ထို့နောက် ပြည်ထောင်စုတရားသူကြီးချုပ်က ကျေးဇူးတင်စကားပြောကြားပြီး အခမ်းအနားအပြီးတွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ အတွင်းရေးမှူးနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် Judicial College အဆောက်အဦသစ်အတွင်း လှည့်လည်ကြည့်ရှုခဲ့ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



Multi Hall အား တွေ့ရစဉ်။



Meeting Room အား တွေ့ရစဉ်။



အမျိုးသားအိပ်ဆောင်အား တွေ့ရစဉ်။

## လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်

**လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများအနေဖြင့် ၎င်းတို့ အဝမ္ဘဝင်ရောက်နေထိုင်နေသည့် မြို့၊ ရွာများ၌ တပ်မတော်၏ တန်ပြန်ထိုးစစ်ဆင်မှုများကို ကာကွယ်ရန်အတွက် ပြည်သူတို့၏နေအိမ်အဆောက်အဦများ၊ အရပ်ဘက်အုပ်ချုပ်မှုဆိုင်ရာအဆောက်အဦများကို အသုံးပြုခြင်း၊ အပြစ်မဲ့ပြည်သူလူထုကို လူသားတံတိုင်းအဖြစ်အသုံးပြုနိုင်ရေး ယာယီနေရပ်စွန့်ခွာနေရသူများကို ပြန်လည်နေထိုင်ရန်ဆွဲဆောင်စည်းရုံးခြင်း၊ အတင်းအဓမ္မလူသစ်စုဆောင်းခြင်းများကို လုပ်ဆောင်လျက်ရှိကြောင်း၊ တပ်မတော်အနေဖြင့် နိုင်ငံတော်၏ အချုပ်အခြာအာဏာကို မဖြစ်မနေကာကွယ်စောင့်ရှောက်သွားမည်ဖြစ်ပြီး အဆိုပါ လက်နက်ကိုင်အကြမ်းဖက်သောင်းကျန်းသူများ၏ သတင်းရရှိမှုနှင့် အခြေအနေအရပ်ရပ်အပေါ်မူတည်၍ လိုအပ်သလိုတုံ့ပြန်ဆောင်ရွက်သွားမည်ဖြစ်သဖြင့် ၎င်းတို့အဝမ္ဘဝင်ရောက်နေထိုင်လျက်ရှိသည့် မြို့၊ ရွာများရှိ ပြည်သူများအနေဖြင့် ၎င်းတို့၏အသုံးချမှုမခံရစေရေးနှင့် ဘေးကင်းလုံခြုံမှုရှိစေရေးတို့အတွက် သတိပြုကြရန် လိုအပ်ကြောင်း။**

( ၃-၉-၂၀၂၄ ရက်နေ့တွင် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဥက္ကဋ္ဌ နိုင်ငံတော်ဝန်ကြီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင် ရှမ်းပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ပြည်နယ်နှင့် ခရိုင်အဆင့်ဌာနဆိုင်ရာတာဝန်ရှိသူများအား ပြောကြားသည့် အမှာစကားမှ ကောက်နုတ်ချက် )

# မြန်မာ့လယ်ယာထွက်ကုန်စည်များ ပြည်ပသို့ တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန် ဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ် စက်ကိရိယာများကို ပူးပေါင်းရင်းနှီးမြှုပ်နှံ၊ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးပွဲအခမ်းအနားသို့ ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်



**ရန်ကုန် ဇန်နဝါရီ ၂**

မြန်မာ့လယ်ယာထွက် ကုန်စည်များကို ပြည်ပသို့ တိုးမြှင့်တင်ပို့ရာတွင် အထောက်အကူပြုနိုင်ရန်အတွက် သီလဝါဆိပ်ကမ်းဇရိယာ အကွက်အမှတ်(၂၇)၊ (၂၈)နှင့် (၂၉) တို့တွင် ကောက်ပဲသီးနှံနှင့် စားသုံးဆီ တင်၊ ချ ဆိပ်ကမ်းတံတားသစ်များ တည်ဆောက်ရေးနှင့် ဆူးလေဆိပ်ကမ်း တံတားနှင့် သိုလှောင်ရုံ အမှတ်(၁၊ ၂၊ ၃ နှင့် ၄) တို့တွင် အမိုးအကာပါ ကွန်ဗေယာစနစ် (Sheltered Conveying System) တပ်ဆင်ရေးလုပ်ငန်းများကို ပူးပေါင်းရင်းနှီးမြှုပ်နှံ တိုးချဲ့တည်ဆောက်နိုင်ရေးအတွက် သဘောတူညီမှုစာချွန်လွှာ(Memorandum Of Agreement) များ လက်မှတ်ရေးထိုးပွဲ အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် Novotel Yangon Max ဟိုတယ်၌ ကျင်းပရာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ် ကုန်သွယ်မှုနှင့် ကုန်စည်စီးဆင်းမှုများ မှန်ကန်မြန်ဆန်စေရေးဗဟိုကော်မတီဥက္ကဋ္ဌ ပို့ဆောင်ရေးနှင့်ဆက်သွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီး မြထွန်းဦး တက်ရောက်အဖွင့်အမှာစကား ပြောကြားသည်။

**တက်ရောက်**

အခမ်းအနားသို့ ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ်၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၊ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးများ၊ ပို့ဆောင်ရေးနှင့် ဆက်သွယ်ရေးဝန်ကြီးဌာန အမြဲတမ်းအတွင်းဝန်နှင့် ဌာနဆိုင်ရာအကြီးအကဲများ၊ မြန်မာနိုင်ငံ ကုန်သည်များနှင့် စက်မှုလက်မှု လုပ်ငန်းရှင်များအသင်းချုပ်၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်၊ မြန်မာနိုင်ငံပဲမျိုးစုံ ပြောင်းနှင့် နှမ်းကုန်သည်များအသင်း၊ မြန်မာနိုင်ငံ ဆီကုန်သည်နှင့် ဆီလုပ်ငန်းရှင်များအသင်းနှင့် ဆက်စပ်ကုမ္ပဏီများ၊ Myanmar China Harbour Engineering (MCHEC) ကုမ္ပဏီမှ တာဝန်ရှိသူများနှင့် ဖိတ်ကြားထားသည့် ဧည့်သည်တော်များ တက်ရောက်ကြသည်။

**တိုးမြှင့်ဆောင်ရွက်**

ဦးစွာ ပြည်ထောင်စုဝန်ကြီးက ရန်ကုန်ဆိပ်ကမ်းအနေဖြင့် ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်တွင် ဆန်တင်ပို့မှု တန်ချိန် ၁ ဒသမ ၇ သန်းသာ ရှိခဲ့သော်လည်း ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်၊ ဧပြီမှ ဒီဇင်ဘာအထိ ကိုးလတာကာလအတွင်း တန်ချိန် ၂ ဒသမ ၁ သန်းအထိ တင်ပို့ထားခဲ့ပြီး ဖြစ်ကြောင်း၊ ပြောင်းတင်ပို့မှုအနေဖြင့် ယခင်ဘဏ္ဍာနှစ်တွင် တန်ချိန် ၁ ဒသမ ၃ သန်းခန့်သာ ရှိခဲ့သော်လည်း ယခုဘဏ္ဍာနှစ် ကိုးလအတွင်း တန်ချိန် ၁ ဒသမ ၆ သန်းခန့်အထိ တိုးတက် ကိုင်တွယ်လာရသည့်အတွက် အထွေထွေကုန်စည်ကိုင်တွယ်မှုအပိုင်းတွင် ဆိပ်ကမ်းတံတားများ လိုအပ်လာသည့်အပြင် အလုပ်တွင်စေမည့် ခေတ်မီကုန်ကိုင်တွယ်စက်ကိရိယာများကို မဖြစ်မနေတပ်ဆင်အသုံးပြုပြီး စွမ်းဆောင်နိုင်မှု (Productivity) ကို မြှင့်တင်ဆောင်ရွက်ရန် လိုအပ်လာပါကြောင်း၊ နိုင်ငံတော်အကြီးအကဲ၏ လမ်းညွှန်ချက်ဖြစ်သည့် ပို့ကုန်နှစ်ဆ တိုးမြှင့်နိုင်ရေး အထောက်အကူပြု လုပ်ငန်းစဉ်အဖြစ် ယခုလို ဆိပ်ကမ်းတံတားများနှင့် ကုန်ကိုင်တွယ်စက်ကိရိယာများကို တိုးချဲ့တည်ဆောက်ထားနိုင်ခြင်းဖြင့် တိုးတက်လာမည့် ကုန်သွယ်မှုပမာဏကို နိုင်နင်းစွာကိုင်တွယ်နိုင်ရန်အတွက် အဆင်သင့်ဖြစ်မှု (Readiness) ကို ရရှိစေနိုင်မည်ဖြစ်သည့်အတွက် ယခုစီမံကိန်းလုပ်ငန်း လေးခုစလုံးကို နှစ်ဖက်အောင်မြင်စွာ ပူးပေါင်းအကောင်အထည် ဖော်နိုင်ရန် လိုကြောင်းနှင့် ဆိပ်ကမ်းလုပ်ငန်းကဏ္ဍတွင် အစိုးရ-ပုဂ္ဂလိက(G2B)၊ ပုဂ္ဂလိက-ပုဂ္ဂလိက (B2B) ပူးပေါင်းဆောင်ရွက်မှုများ ယခုထက်ပိုမို၍ တိုးမြှင့် ဆောင်ရွက်သွားကြရန် တိုက်တွန်းပြောကြားသည်။

**လက်မှတ်ရေးထိုး**

သီလဝါအကွက်အမှတ်(၂၇)၌ စားသုံးဆီ ဆိပ်ကမ်းတံတားတည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာအက်ဒီဘယ်(လ်)အွိုင်း(လ်) အင်ဒတ်စထရီရယ် အများနှင့်သက်ဆိုင်သော ကုမ္ပဏီလီမိတက် (MEICO) နှင့် MCHEC၊ သီလဝါဆိပ်ကမ်း အကွက်အမှတ်(၂၈)၌ ကောက်ပဲသီးနှံ ဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာနိုင်ငံ လယ်ယာစီးပွားရေး အများပိုင် ကုမ္ပဏီလီမိတက် (MAPCO)နှင့် MCHEC၊ သီလဝါဆိပ်ကမ်း အကွက်အမှတ်(၂၉)၌ ကောက်ပဲသီးနှံ ဆိပ်ကမ်းတံတား တည်ဆောက်ရေးလုပ်ငန်းအတွက် မြန်မာ့လယ်ယာ ထွက်ကုန်နှင့် အထွေထွေ ဖွံ့ဖြိုးတိုးတက်ရေး အများပိုင် ကုမ္ပဏီလီမိတက် (MAGDPL)နှင့် MCHEC၊ ဆူးလေသိုလှောင်ရုံ အမှတ် (၁၊ ၂၊ ၃၊ ၄) တို့နှင့် ဆိပ်ကမ်းတံတားများတွင် အမိုးအကာပါ ကွန်ဗေယာစနစ် (Sheltered Conveying System) တပ်ဆင်ရေး လုပ်ငန်းအတွက် မြန်မာနိုင်ငံ ဆန်စပါးအသင်းချုပ်နှင့် MCHEC တို့အကြား သဘောတူညီမှုစာချွန်လွှာများ လက်မှတ်ရေးထိုးခဲ့ကြပြီး စီမံကိန်းများ၏ ကနဦး ရင်းနှီးမြှုပ်နှံမှုတန်ဖိုး စုစုပေါင်း အမေရိကန်ဒေါ်လာ ၆၁ သန်းဖြစ်ကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**

○ *ရှေ့ဖုံးမှ*

MRTV-News Channel၊ MRTV-NRC၊ MRTV Farmers'၊ MRTV Sports နှင့် MRTV Parliament Channel၊ MITV Channel၊ MWD HD Channel၊ MWD Variety HD Channel၊ Channel 7၊ 5 plus Channel၊ Sky Net Up to Date၊ MNTV၊ Channel 9၊ M Channel နှင့် မဟာရုပ်သံလိုင်းတို့မှလည်းကောင်း၊ မြန်မာ့အသံရေဒီယိုနှင့် အကျိုးတူ FM များဖြစ်ကြသော ပတ္တမြား၊ ချယ်ရီ၊ မန္တလေး၊ ပဥ္စဝတီ၊ ရွှေပုဂံတို့အပြင် မိတ်ဖက် FM များဖြစ်ကြသော Star၊ သဇင်တို့မှလည်းကောင်း၊ MOI Website၊ MOI Youtube MRTV Website၊ MRTV App အပါအဝင် MRTV Online Platform တို့မှလည်းကောင်း တိုက်ရိုက် Live ထုတ်လွှင့်ပြသမည်ဖြစ်ကြောင်း မိဘပြည်သူများအား လေးစားစွာ ကြိုတင်အသိပေးအပ်ပါသည်။ **သတင်းစဉ်**

# ယူရီးယားမြေသြဇာ ဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီအစည်းအဝေးကျင်းပ




နေပြည်တော် ဇန်နဝါရီ ၂

**ယူရီးယားမြေသြဇာဝယ်ယူဖြန့်ဖြူးရောင်းချရေး ဦးဆောင်ကော်မတီ၏ လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲပိုင်းတွင် သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပရာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီး ဦးလှမိုး၊ ကော်မတီဝင် ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်၊ ညွှန်ကြားရေးမှူးချုပ်များ၊ မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်း၊ မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များ၊ ဦးဆောင်ကော်မတီအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။** (ယာပုံ)

ဦးစွာ ဦးဆောင်ကော်မတီဥက္ကဋ္ဌ ပြည်ထောင်စုဝန်ကြီးက ဦးဆောင်ကော်မတီအနေဖြင့် ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်အတွင်း ဓာတ်မြေသြဇာနှင့် ပိုးသတ်ဆေး တင်သွင်းနိုင်ရေး လျာထားသတ်မှတ်ချက်အလိုက် ထောက်ခံပေးခဲ့ရာ ၂၀၂၄ ခုနှစ် ဧပြီမှ ဒီဇင်ဘာအထိ မြေသြဇာတန်ချိန် ၁၄၀၃၁၄၈ ဒသမ ၂၁ တန်နှင့် ပိုးသတ်ဆေးတန်ချိန် ၂၆၀၄၁ ဒသမ ၆၀ တန် တင်သွင်းခဲ့ကြောင်း၊ ယခုဘဏ္ဍာနှစ် တင်သွင်းရန်ကျန်ရှိသော မြေသြဇာနှင့် ပိုးသတ်ဆေးတန်ချိန်များကိုလည်း ဆက်လက်စိစစ်ထောက်ခံပေးသွားမည်ဖြစ်ကြောင်း၊ ယခုသတ်မှတ်မည့် ရည်ညွှန်းဈေးနှုန်းများသည် ၂၀၂၅ ခုနှစ် ဇန်နဝါရီ၊ ဖေဖော်ဝါရီနှင့် မတ်လတို့တွင် ရောင်းချပေးနိုင်မည့် ဈေးနှုန်းများပင်ဖြစ်ကြောင်း၊ ဦးဆောင်ကော်မတီအနေဖြင့် ရည်ညွှန်းဈေးနှုန်းများ ထုတ်ပြန်ပေးသည့်အခါတိုင်းတွင် သက်ဆိုင်ရာ တိုင်းဒေသကြီး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်များရှိ အရောင်းဆိုင်များကို ရန်ကုန်အထိုင် ရည်ညွှန်းဈေးနှုန်းကိုအခြေခံပြီး ဒေသအလိုက် သယ်ယူပို့ဆောင်စရိတ်နှင့် အရောင်းဆိုင်အမြတ်တို့အပေါ် ပိုမိုရောင်းချနေမှုရှိပါက စိစစ်ကြီးကြပ်ဆောင်ရွက်ပေးရန်၊ သတ်မှတ်ရောင်းဈေးနှုန်းများ မှန်၊ မမှန်၊ သွင်းအားစုများ သိုလှောင်ပြီး ဈေးကစားခြင်းများ ရှိ၊ မရှိတို့ကို ကြီးကြပ်ဆောင်ရွက်ပေးရန်နှင့် သွင်းအားစုများ အချိန်မီရရှိရေး၊ အရည်အသွေးပြည့်မီရေးနှင့် ဈေးနှုန်းသက်သာစေရေးတို့အတွက် သက်ဆိုင်ရာအဖွဲ့ဝင်ဌာနများက ပူးပေါင်းကြီးကြပ်ဆောင်ရွက်ပေးရန် ပြောကြားသည်။

ယင်းနောက် ဦးဆောင်ကော်မတီအတွင်းရေးမှူး အမြဲတမ်းအတွင်းဝန် ဦးခန့်ဇော်နှင့် မြန်မာနိုင်ငံ မြေသြဇာ၊ မျိုးစေ့နှင့် စိုက်ပျိုးရေးဆေးလုပ်ငန်းရှင်များအသင်းမှ ကိုယ်စားလှယ်များက ယခင်အစည်းအဝေး ဆုံးဖြတ်ချက်များအပေါ် ဆောင်ရွက်ထားရှိမှု၊ နိုင်ငံတကာဈေးနှုန်းအခြေအနေနှင့် မြေသြဇာဈေးနှုန်းများနှင့် ဝယ်ယူဖြန့်ဖြူးရောင်းချအသုံးပြုမှုအခြေအနေများကို ရှင်းလင်းတင်ပြကြသည်။

ထို့နောက် ဦးဆောင်ကော်မတီအဖွဲ့ဝင် ဒုတိယဝန်ကြီးများက လိုအပ်သည်များ ဖြည့်စွက်ရှင်းလင်းဆွေးနွေးကြပြီး ကော်မတီအဖွဲ့ဝင်ဦးစီးဌာနများမှ ကိုယ်စားလှယ်များ၊ မြန်မာနိုင်ငံတော်ဗဟိုဘဏ်မှ ကိုယ်စားလှယ်နှင့် မြန်မာနိုင်ငံဆန်စပါးအသင်းချုပ်မှ ကိုယ်စားလှယ်များက ဝိုင်းဝန်း အကြံပြုဆွေးနွေးတင်ပြကြရာ တင်ပြချက်များအပေါ် ပြည်ထောင်စုဝန်ကြီးက လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

အစည်းအဝေးအပြီးတွင် ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် တပ်ကုန်းမြို့နယ် အလယ်ကျွန်းကျေးရွာသို့သွားရောက်ပြီး ရွှေဝါထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသားတောင်သူ ဦးဇော်ရဲအောင်၏ RAKA 666 ဝါစိုက်ခင်း၌ ဝါများခူးဆွတ်နေမှုကို ကြည့်ရှုအားပေးသည်။

ထို့နောက် ရွှေဝါထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းမှ အသင်းသား တောင်သူများ၊ အမှုဆောင်များ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် တွေ့ဆုံပြီး အသင်းသားတောင်သူများ၏ တင်ပြမှုအပေါ် ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးသည်။

အဆိုပါ ရွှေဝါထွန်းလယ်ယာနှင့် အထွေထွေလုပ်ငန်း သမဝါယမအသင်းမှ ဝါစိုက်အသင်းသားတောင်သူများအနေဖြင့် တစ်ဧကလျှင် အနည်းဆုံး ပိဿာ ၆၀၀ မှ အများဆုံး ပိဿာ ၁၁၀၀ ထွက်ရှိပြီး တစ်ပိဿာပေါက်ဈေးမှာ ငွေကျပ် ၄၅၀၀ ရရှိကြောင်း သိရသည်။ **သတင်းစဉ်**

# လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ကျန်းမာရေးစောင့်ရှောက်မှုဆောင်ရွက်ပေး

**နေပြည်တော် ဇန်နဝါရီ ၂**

အလုပ်သမားဝန်ကြီးဌာန လူမှုဖူလုံရေးအဖွဲ့နှင့် တော်ဝင်နဂါးရောဂါရှာဖွေရေးစင်တာတို့ပူးပေါင်း၍ လူမှုဖူလုံရေးအကျိုးဝင် မှတ်ပုံတင်ထားသည့် ပြန်ကြားရေးဝန်ကြီးဌာနမှ ဝန်ထမ်းများအား ရွေ့လျားဆေးကုသယာဉ် (Mobile Medical Units) ဖြင့် ကျန်းမာရေးစောင့်ရှောက်မှုပေးခြင်းကို ယနေ့နံနက်ပိုင်းတွင် ပြန်ကြားရေးဝန်ကြီးဌာန ယာဉ်ရပ်နားဝင်း၌ ပြုလုပ်သည်။



ပြန်ကြားရေး ဝန်ကြီးဌာနအောက်ရှိ ဦးစီးဌာနနှင့် လုပ်ငန်းများမှ ဝန်ထမ်းများအား ကျန်းမာရေးဆိုင်ရာ စစ်ဆေးဆောင်ရွက်ပေးခြင်း၊ ဆေးဝါးကုသမှု၊ ဓာတ်ခွဲစစ်ဆေးမှု၊ နှလုံးအတွက် ECG စစ်ဆေးခြင်းအပါအဝင် လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးနေမှုကို ဒုတိယဝန်ကြီး ဦးရဲတင့်၊ အမြဲတမ်းအတွင်းဝန် ဦးဝင်းကျော်အောင်နှင့် တာဝန်ရှိသူများက ကြည့်ရှုအားပေးကြသည်။ **(အပေါ်ပုံ)**

လူမှုဖူလုံရေး အဖွဲ့အနေဖြင့် လူမှုဖူလုံရေးစီမံကိန်းကို အကောင်အထည်ဖော် ဆောင်ရွက်ရာတွင် ကျန်းမာရေး စောင့်ရှောက်မှုအတွက် လူမှုဖူလုံရေးအဖွဲ့ပိုင်ဆေးရုံကြီးသုံးရုံ၊ မြို့နယ်လူမှုဖူလုံရေး ဆေးခန်း ၉၆ ခန်း၊ ဌာနကြီးဆေးခန်း ၆၁ ခန်း၊ စာချုပ်ဆေးခန်း ၆၈ ခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု ဆောင်ရွက်သည့် စာချုပ်ဆေးခန်း ၄၈ ခန်း၊ မီးဖွားဝန်ဆောင်မှုပေးသော စာချုပ်ဆေးရုံ၊ သားဖွားခန်း ၁၆ ခန်း၊ တိုင်းရင်းဆေးခန်း တစ်ခန်းတို့ဖြင့် ဝန်ဆောင်မှုပေးလျက်ရှိသည်။

ပြည်ထောင်စုနယ်မြေ နေပြည်တော်၌လည်း မြို့နယ်လူမှုဖူလုံရေးဆေးခန်း နှစ်ခန်း၊ ဌာနကြီးဆေးခန်း လေးခန်း၊ စာချုပ်ဆေးခန်း လေးခန်း၊ သားဖွားမီးယပ်ပြင်ပလူနာကုသမှု ဆောင်ရွက်သည့် စာချုပ်ဆေးခန်း သုံးခန်းတို့ဖြင့် ကျန်းမာရေး ဝန်ဆောင်မှုများ ပေးလျက်ရှိပြီး ၂၀၂၅ ခုနှစ်အတွင်း ပထမအကြိမ် စီမံချက်အနေဖြင့် လူမှုဖူလုံရေးအကျိုးဝင် အလုပ်ဌာန ၂၃၉ ဌာနမှ အာမခံအလုပ်သမား ၁၈၆၃၁ ဦးတို့ကို ဇန်နဝါရီ ၂ ရက်မှ ဖေဖော်ဝါရီ ၂၇ ရက်အထိ ကျန်းမာရေး စောင့်ရှောက်မှုများ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

## မြန်မာ - ဂျပန် ချစ်ကြည်ရေးအသင်း ဖွဲ့စည်းပြီးစီး

**နေပြည်တော် ဇန်နဝါရီ ၂**

မြန်မာ-ဂျပန် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှု ပိုမိုတိုးတက်ခိုင်မာစေရန်နှင့် နှစ်နိုင်ငံအကြား လူမှုစီးပွားဆက်ဆံမှု ပိုမိုမြင့်မားခိုင်မာတိုးတက်စေရေး ကူညီဆောင်ရွက်ပေးရန်အတွက်လည်းကောင်း၊ နှစ်နိုင်ငံအကြား ရှိရင်းစွဲချစ်ကြည်ရင်းနှီးမှုကို အရင်းခံ၍ နှစ်နိုင်ငံပြည်သူများအကြား ကူးလူးဆက်ဆံမှုကို ကဏ္ဍအားလုံး ဆက်လက်တိုးမြှင့်ဆက်ဆံသွားနိုင်ရန်နှင့် နှစ်နိုင်ငံချစ်ကြည်ရင်းနှီးမှုကို ပိုမိုခိုင်မာစေရန်အတွက်လည်းကောင်း၊ မြန်မာနိုင်ငံအတွင်း ဂျပန်အစိုးရ အပါအဝင် အစိုးရမဟုတ်သော အဖွဲ့အစည်းများနှင့် သက်ဆိုင်ရာအဖွဲ့အစည်းများမှ ဆောင်ရွက်သည့် ဘက်စုံအထောက်အကူပေးမှု စီမံကိန်းများနှင့် လုပ်ငန်းများတွင် ပူးပေါင်းဆောင်ရွက်မှု ပိုမိုတိုးမြှင့်ပေးရန်အတွက်လည်းကောင်း စသည့် ရည်ရွယ်ချက်များဖြင့် ဖွဲ့စည်းထားသော မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်း( Myanmar-Japan Friendship Association)သည် အသင်းအဖွဲ့မှတ်ပုံတင်ခြင်းဆိုင်ရာ ဥပဒေနှင့်အညီ ပြည်ထဲရေးဝန်ကြီးဌာန ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့သို့ ပြည်တွင်းအသင်းအဖွဲ့အဖြစ် မှတ်ပုံတင်လျှောက်ထားခဲ့ရာ ပြည်ထောင်စုမှတ်ပုံတင်ရေးအဖွဲ့မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၂ ရက်နေ့တွင် ပြည်တွင်းအသင်းအဖွဲ့(ယာယီ) မှတ်ပုံတင်လက်မှတ် အမှတ် "ပြည်တွင်း / ၀၂၂၆ ( ၂၀၂၂ ) " ဖြင့် ထုတ်ပေးခဲ့ပြီး ဖြစ်သည်။

မြန်မာ-ဂျပန် ချစ်ကြည်ရေးအသင်းသည် ရန်ကုန်မြို့၊ အလုံမြို့နယ်၊ ဆင်မင်းရပ်ကွက်၊ ကမ်းနားလမ်း၊ ရွှေဇဗ္ဗူရေးဗားဗျူးကွန်ဒို၊ အမှတ် ၂၃ ( ဂျီ - ၁ )၊ ပထမထပ် ဖွင့်လှစ်ထားရှိ၍ မြန်မာ-ဂျပန် ချစ်ကြည်ရေးလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

## မင်းကင်းမြို့၌ ( ၇၇ )နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ကျောင်းပေါင်းစုံ အားကစားပြိုင်ပွဲများကျင်းပ

**မင်းကင်း ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီး မင်းကင်းမြို့ ပြည်သူ့အားကစားကွင်း၌ (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။ **(ယာပုံ)**



ဦးစွာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ အတွင်းရေးမှူး ရဲမှူးထွန်းဇော်က ကျောင်းသား ကျောင်းသူအချင်းချင်း စည်းလုံးစေရန်၊ ပေါင်းစည်းကူညီတတ်စေရန်၊ ပညာရေးအတွက်သာ အဓိကမဟုတ်ဘဲ ဗလငါးတန်ဖွံ့ဖြိုးစေရန်၊ ကျင်းပပေးခြင်းဖြစ်ကြောင်း ပြောကြားပြီး အားကစားသမားများအား လိုက်လံနှုတ်ဆက်ကာ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ ခေတ္တဥက္ကဋ္ဌ ဗိုလ်မှူး သန်းနိုင်က ဖူဆယ်ဘောလုံးကန်၍ ဖွင့်လှစ်ပေးပြီး ပြိုင်ပွဲများအား ဆက်လက်ကျင်းပသည်။

အားကစားပြိုင်ပွဲသို့ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ကျောင်းသား ကျောင်းသူများ တက်ရောက်အားပေးကြပြီး ဖူဆယ်ဘောလုံး၊ ပိုက်ကျော်ခြင်း၊ ထုပ်ဆီးတိုး၊ မီတာ (၁၀၀)အပြေးပြိုင်ပွဲ၊ ဆန်ကောရွက်ပြိုင်ပွဲ အားကစားနည်း ငါးမျိုးကို ဇန်နဝါရီ ၄ ရက်အထိ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ကြောင်း သိရသည်။ **မြို့နယ်(ပြန်/ဆက်)**

# ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ (ရန်ကုန်)၌ ပြုပြင်ထိန်းသိမ်းခြင်းလုပ်ငန်းများ ဆောင်ရွက်နေမှု ကြည့်ရှုစစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂**

တိုင်းရင်းသားလူမျိုးများရေးရာ ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး Jeng Phang နော်တောင်သည် ဒုတိယဝန်ကြီး ဦးဇော်အေးမောင်၊ တာဝန်ရှိသူများနှင့်အတူ ယမန်နေ့မွန်းလွဲပိုင်းက ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)သို့ သွားရောက်ပြီး ရုံးလုပ်ငန်းဆောင်ရွက်နေမှု၊ ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ် စီမံကိန်းပါ ပြုပြင်ထိန်းသိမ်းရေးလုပ်ငန်းများ အကောင်အထည်ဖော်ဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာရေးနှစ်တွင် ပြည်ထောင်စုဘဏ္ဍာရန်ပုံငွေနှင့်တိုင်းဒေသကြီးဘဏ္ဍာရန်ပုံငွေတို့ဖြင့်ဆောင်ရွက်မည့်လုပ်ငန်းများ ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိမှုများကို လိုက်လံကြည့်ရှုစစ်ဆေးသည်။



ဦးစွာ ပြည်ထောင်စုဝန်ကြီးနှင့်အဖွဲ့သည် ၂၀၂၄-၂၀၂၅ ဘဏ္ဍာရေးနှစ်အတွင်း တင်ဒါခေါ်ယူဆောင်ရွက်လျက်ရှိသည့် ပြည်ထောင်စုခန်းမပြုပြင်ခြင်းလုပ်ငန်းများ၊ အုပ်ချုပ်မှုရုံးအဆောက်အအုံများ၊ ကပွဲခန်းမပြုပြင်ခြင်းလုပ်ငန်း၊ ရေ၊ မီးရရှိရေးစသည့် ဆောက်ရွက်ဆဲလုပ်ငန်းများကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးက လုပ်ငန်းများ အရည်အသွေးပြည့်မီစေရန်၊ အချိန်မီပြီးစီးအောင် ဆောင်ရွက်ကြရန်နှင့် လိုအပ်သည်များကို အသေးစိတ်ကြည့်ရှုစစ်ဆေးမှာကြားသည်။

ယင်းနောက် ကချင်၊ ကယား၊ ကရင်၊ ချင်း၊ ဗမာ၊ မွန်၊ ရခိုင်နှင့် ရှမ်းတိုင်းရင်းသားများ၏ ရိုးရာနေအိမ်တည်ဆောက်ပြုပြင်ထိန်းသိမ်းမှု လုပ်ငန်းများ ဆောင်ရွက်ထားရှိမှုကို လှည့်လည်ကြည့်ရှုစစ်ဆေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က တိုင်းရင်းသားယဉ်ကျေးမှု ရိုးရာအိမ်များကို တိုင်းရင်းသားတို့၏ မူလရိုးရာအစဉ်အလာများ မပျောက်ပျက်အောင် ဂရုပြုထိန်းသိမ်းစောင့်ရှောက်ရန်၊ အဆောက်အအုံများ ရေရှည်တည်တံ့ခိုင်မြဲမှုရှိစေရန်၊ အကြီးစားပြုပြင်ထိန်းသိမ်းရန်လိုအပ်နေသည့် လုပ်ငန်းများကို ၂၀၂၅-၂၀၂၆ဘဏ္ဍာရေးနှစ်တွင်ဆက်လက်ဆောင်ရွက်နိုင်ရေး ကြိုတင်ပြင်ဆင်ဆောင်ရွက်ထားရှိရန်တို့ကို မှာကြားသည်။

ညနေပိုင်းတွင် ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ(ရန်ကုန်)၌ တာဝန်ထမ်းဆောင်လျက်ရှိသော ဝန်ထမ်းများနှင့်တွေ့ဆုံပြီး ပြည်ထောင်စုဝန်ကြီးက တိုင်းရင်းသားကျေးရွာသည် တိုင်းရင်းသားလူမျိုးများ၏ ရိုးရာယဉ်ကျေးမှုအမွေအနှစ်၊ ဓလေ့ထုံးတမ်းအစဉ်အလာများနှင့် အချို့သော သမိုင်းဝင်မှတ်တမ်းများကို တစ်နေရာတည်းတွင် စုစည်း၍ လေ့လာသိရှိမှတ်သားနိုင်စေရန် မီးမောင်းထိုး ပြသဖော်ကျူးထားသည့်နေရာဖြစ်သည့်အတွက် ဝန်ထမ်းများအနေဖြင့် ယခုထက် ပိုမိုကောင်းမွန်အောင် စောင့်ကြပ်ကြည့်ရှုပြုပြင်ထိန်းသိမ်းခြင်း၊ မွမ်းမံခြင်းနှင့် လာရောက်လေ့လာကြည့်ရှုသည့် ပြည်သူလူထုများကို စစ်မှန်သော မျိုးချစ်စိတ်ဓာတ်ဖြစ်သည့် ပြည်ထောင်စုစိတ်ဓာတ်ဖြင့် စနစ်တကျ ယဉ်ကျေးသိမ်မွေ့စွာဖြင့် ရှင်းလင်းတင်ပြတတ်ရန် လိုအပ်ကြောင်း ပြောကြားသည်။

ထို့နောက် ဝန်ထမ်းများက လုပ်ငန်းလိုအပ်ချက်များကို ဆွေးနွေးတင်ပြကြရာ တာဝန်ရှိသူများက ပြန်လည်ရှင်းလင်းဆွေးနွေးပြီး ပြည်ထောင်စုဝန်ကြီးနှင့် ဒုတိယဝန်ကြီးတို့က ဌာနဆိုင်ရာလုပ်ငန်း လိုအပ်ချက်များကို ညှိနှိုင်းပေါင်းစပ်ဖြည့်ဆည်း ဆောင်ရွက်ပေးခဲ့ကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

# တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဖွင့်

**နေပြည်တော် ဇန်နဝါရီ ၂**

တက္ကသိုလ်၊ ကောလိပ်ဆရာ ဆရာမများ အထူးမွမ်းမံသင်တန်း အမှတ်စဉ် (၂၄) သင်တန်းဖွင့်ပွဲ အခမ်းအနားကို ယနေ့တွင် နိုင်ငံ့ဝန်ထမ်းတက္ကသိုလ် (အထက်မြန်မာပြည်)ရှိ ရတနာခန်းမ၌ ကျင်းပရာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်၊ ပါမောက္ခချုပ်၊ ဒုတိယပါမောက္ခချုပ်များ၊ တက္ကသိုလ်သင်ကြား၊ စီမံဌာနများမှ တာဝန်ရှိပုဂ္ဂိုလ်များ၊ ပညာရေး ဝန်ကြီးဌာနမှ တာဝန်ရှိသူများ၊ ဖိတ်ကြားထားသော ဧည့်သည်တော်များနှင့် သင်တန်းသား သင်တန်းသူများ တက်ရောက်ကြသည်။

ဦးစွာ ပြည်ထောင်စုရာထူးဝန်အဖွဲ့ အဖွဲ့ဝင် ဦးကျော်မျိုးထွဋ်က တက္ကသိုလ်၊ ကောလိပ် ဆရာ ဆရာမများသည် ပညာရှင်များအဖြစ် အသိအမှတ်ပြုခံထားကြရသူများ ဖြစ်သောကြောင့် ကျောင်းသား ကျောင်းသူများ အတုယူရသည့် စံပြပုဂ္ဂိုလ်များဖြစ်အောင်လည်း ကြိုးစားအားထုတ်ကြရန် လိုကြောင်း၊ နိုင်ငံတော်အတွက် အားထားရသည့် ပညာတတ် မျိုးဆက်သစ်လူ့စွမ်းအား အရင်းအမြစ်များ ပေါ်ထွန်းလာစေရေး အလေးထား ဆောင်ရွက်ကြရန် ပြောကြားသည်။ **(အပေါ်ယာပုံ)**





အဆိုပါ သင်တန်းကို တက္ကသိုလ်၊ ကောလိပ်အသီးသီးရှိ သင်ကြားရေး ဆရာ ဆရာမများ၏ စိတ်ဓာတ်၊ စည်းကမ်း ပိုမိုကောင်းမွန်လာစေရန်၊ အဆင့်မြင့်ပညာရေးနှင့် စပ်လျဉ်းသော ဗဟုသုတများ၊ နိုင်ငံ့ဝန်ထမ်းများနှင့် သက်ဆိုင်သောဗဟုသုတနှင့် အတွေ့အကြုံများ တိုးပွားလာစေရန်၊ အစုအဖွဲ့ဖြင့် လုပ်ကိုင်ဆောင်ရွက်ရာတွင် ညှိနှိုင်းပေါင်းစပ် လုပ်ကိုင်နိုင်စေရန်၊ ယုံကြည်ချက်၊ ခံယူချက်၊ စိတ်နေစိတ်ထား ပိုမိုကောင်းမွန်လာစေရန်နှင့် အခြေခံစစ်ပညာကို နားလည် သဘောပေါက်စေရန် ရည်ရွယ်ချက်များဖြင့် ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်မှ ၃၁ ရက်အထိ ရက်သတ္တပါးပတ်ကြာ ဖွင့်လှစ်မည်ဖြစ်ကြောင်းနှင့် သင်တန်းသို့ ပညာရေးဝန်ကြီးဌာနမှ သင်တန်းသား ၆၁ ဦး၊ သင်တန်းသူ ၃၀၈ ဦး စုစုပေါင်း ၃၆၉ ဦးတက်ရောက်ကြကြောင်း သိရသည်။

**သတင်းစဉ်**

## နေပြည်တော်ကလေးပြုစုရေးဌာနနှင့် လယ်ဝေးမြို့နယ်တို့တွင် ကျင်းပသည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲနှင့် ဉာဏစွမ်းရည်ပြိုင်ပွဲများ နေပြည်တော်ကောင်စီဝင် ဦးမြင့်စိုး တက်ရောက်အားပေး

**နေပြည်တော် ဇန်နဝါရီ ၂**

(၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ်အဖြစ် ပြည်ထောင်စုနယ်မြေ နေပြည်တော်အတွင်းရှိ လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်းများမှ ကလေးငယ်များ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲ အခမ်းအနားကို ယနေ့နံနက်ပိုင်းက နေပြည်တော် ကလေးပြုစုရေးဌာန၌ ကျင်းပရာ နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုး၊ နေပြည်တော် လူမှုဝန်ထမ်းရုံးမှ ညွှန်ကြားရေးမှူး ဒေါ်ဥမ္မာဆွေ၊ နေပြည်တော် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ညွှန်ကြားရေးမှူး ဒေါ်သင်းသင်းဇင်နှင့် တာဝန်ရှိသူများ တက်ရောက်ကြည့်ရှုအားပေးကြသည်။ (ဝဲပုံ)



အဆိုပါ ပျော်ပွဲရွှင်ပွဲ အားကစားပြိုင်ပွဲများတွင် လူမှုဝန်ထမ်းဦးစီးဌာန မူလတန်းကြိုကျောင်း ရှစ်ကျောင်းမှ ကျောင်းသား ကျောင်းသူ စုစုပေါင်း ၇၅ ဦး ဝင်ရောက်ယှဉ်ပြိုင်ပြီး ရိုးရိုးပြေး၊ မုန့်စားပြိုင်ပွဲ၊ ပူဖောင်းဖောက်ပြေး၊ ရေဘူးဖြည့်ပြေး၊ အရုပ်ထောင်ပြေး၊ ဆန်ကောရွက်၊ ဖိနပ်စီး၊ ဦးထုပ်ဆောင်းပြေး၊ အာလူးကောက်ပြေး၊ အလံလက်ဆင့်ကမ်းပြေး ပြိုင်ပွဲများကို ကျင်းပရာ ဆုရရှိသည့် သားငယ်၊ သမီးငယ်လေးများအား နေပြည်တော် ကောင်စီဝင် ဦးမြင့်စိုးနှင့် တာဝန်ရှိသူများက ဆုများ ပေးအပ်ချီးမြှင့်သည်။

နေပြည်တော်အတွင်း ကိုယ်ပိုင်နှင့် ပုဂ္ဂလိက မူလတန်းကြိုကျောင်း ၉၇ ကျောင်း၊ ကိုယ့်အားကိုယ်ကိုး မူလတန်းကြိုကျောင်း ၆၀ ဖွင့်လှစ်သင်ကြားပေးလျက်ရှိကြောင်း သိရသည်။

ဆက်လက်၍ နေပြည်တော် ကောင်စီဝင်နှင့် တာဝန်ရှိသူများသည် လယ်ဝေးမြို့ အမှတ်(၁) အခြေခံပညာ အထက်တန်းကျောင်း၌ ကျင်းပသည့် ပိုက်ကျော်ခြင်းပြိုင်ပွဲသို့ သွားရောက်ကြည့်ရှုအားပေးပြီး လယ်ဝေးမြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနတွင် ကျင်းပသည့် (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲသို့ ကြည့်ရှုအားပေးကာ ပြိုင်ပွဲဝင် ကျောင်းသား ကျောင်းသူများအား ဂုဏ်ပြုဆုငွေများ ပေးအပ်ချီးမြှင့်သည်။

ထို့နောက် လယ်ဝေးမြို့နယ် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်၊ ပြတိုက်ငယ်နှင့် ကလေးစာဖတ်ခန်းတို့ကို ကြည့်ရှုလေ့လာခဲ့ကြောင်း သိရသည်။

**ဝေကြည်(ပြန်/ဆက်)**

# ဆိုက်ဘာလုံခြုံရေးဥပဒေပြဋ္ဌာန်း

*(ယမန်နေ့မှအဆက်)*

၅၀။ (က) အီလက်ထရောနစ် စာတမ်းအမှတ်အသားအဖြစ် သက်သေခံတင်သွင်းခြင်းနှင့် စပ်လျဉ်း၍ အငြင်းပွားမှု တစ်စုံတစ်ရာ ဖြစ်ပွားပါက အမျိုးသားဒီဂျစ်တယ် ဓာတ်ခွဲခန်းသို့ ပေးပို့စစ်ဆေးရမည်။

(ခ) အမျိုးသားဒီဂျစ်တယ် ဓာတ်ခွဲခန်း၏ စစ်ဆေးတွေ့ရှိချက်ရလဒ် အစီရင်ခံစာနှင့် ထင်မြင်ချက်သည် နောက်ဆုံးအတည် ဖြစ်သည်။

**အခန်း (၁၃)**

**စီမံခန့်ခွဲရေးနည်းလမ်းအရ အရေးယူခြင်း**

၅၁။ ဦးစီးဌာနသည် ပုဒ်မ ၂၉ သို့မဟုတ် ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) လိုင်စင်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) လိုင်စင်ကို ပယ်ဖျက်ခြင်း။

၅၂။ ဦးစီးဌာနသည် ပုဒ်မ ၃၀၊ ၃၁၊ ၃၂၊ ၃၃၊ ၃၄ သို့မဟုတ် ၃၅ ပါ ပြဋ္ဌာန်းချက်တစ်ရပ်ရပ်ကို လိုက်နာရန် ပျက်ကွက်သည့် ဒီဂျစ်တယ်ပလက်ဖောင်းဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူအား အောက်ပါစီမံခန့်ခွဲရေးဆိုင်ရာ အမိန့်တစ်ရပ်ရပ်ကို ချမှတ်နိုင်သည် -

(က) သတိပေးခြင်း၊

(ခ) ဒဏ်ကြေးငွေ တပ်ရိုက်ခြင်း၊

(ဂ) မှတ်ပုံတင်လက်မှတ်ကို ကာလအကန့်အသတ်ဖြင့် ယာယီရပ်ဆိုင်းခြင်း၊

(ဃ) မှတ်ပုံတင်လက်မှတ်ကို ပယ်ဖျက်ခြင်းနှင့် အမည်ပျက်စာရင်း ကြေညာခြင်း။

၅၃။ ဦးစီးကော်မတီသည် ခွင့်ပြုချက်မရှိဘဲ ဖွဲ့စည်းတည်ထောင်ထားသော သို့မဟုတ် စည်းကမ်းချက်များကို လိုက်နာဆောင်ရွက်ခြင်းမရှိသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာအဖွဲ့ကို ဖျက်သိမ်းပြီး ယင်းအဖွဲ့၏ ရန်ပုံငွေအပါအဝင် အဖွဲ့က ပိုင်ဆိုင်သော ငွေကြေးနှင့် ရွှေ့ပြောင်းနိုင်သော သို့မဟုတ် မရွှေ့မပြောင်းနိုင်သော ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းနိုင်သည်။

**အခန်း (၁၄)**

**အယူခံခြင်း**

၅၄။ ဦးစီးဌာနက ပုဒ်မ ၂၁ အရ လိုင်စင်ထုတ်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၃ အရ လိုင်စင်သက်တမ်းတိုးပေးရန် ငြင်းပယ်ခြင်း သို့မဟုတ် ပုဒ်မ ၂၅ အရ မှတ်ပုံတင်ပေးရန် ငြင်းပယ်ခြင်း၊ ပုဒ်မ ၂၇ အရ မှတ်ပုံတင်သက်တမ်းတိုးရန် ငြင်းပယ်ခြင်းကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၅။ ပုဒ်မ ၅၁ သို့မဟုတ် ၅၂ အရ ချမှတ်သည့် စီမံခန့်ခွဲရေးဆိုင်ရာအရေးယူမှုတစ်ရပ်ရပ်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၃၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဝန်ကြီးဌာနသို့ အယူခံနိုင်သည်။

၅၆။ ဝန်ကြီးဌာနသည် ပုဒ်မ ၅၄ သို့မဟုတ် ၅၅ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်းပြုနိုင်သည်။

၅၇။ ပုဒ်မ ၅၆ အရ ဝန်ကြီးဌာနက ချမှတ်သော ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ကျေနပ်မှုမရှိသူသည် ယင်းဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို ချမှတ်သည့်နေ့မှ ရက်ပေါင်း ၆၀ အတွင်း သတ်မှတ်ချက်နှင့်အညီ ဗဟိုကော်မတီသို့ အယူခံနိုင်သည်။

၅၈။ ဗဟိုကော်မတီသည် ပုဒ်မ ၅၇ အရ အယူခံခြင်းနှင့်စပ်လျဉ်း၍ သက်ဆိုင်ရာ ဆုံးဖြတ်ချက် သို့မဟုတ် အမိန့်ကို အတည်ပြုခြင်း၊ ပြင်ဆင်ခြင်း သို့မဟုတ် ပယ်ဖျက်ခြင်း ပြုနိုင်သည်။

၅၉။ ဗဟိုကော်မတီ၏ ဆုံးဖြတ်ချက်သည် အပြီးအပြတ်နှင့် အတည်ဖြစ်သည်။

**အခန်း (၁၅)**

**ပြစ်မှုနှင့်ပြစ်ဒဏ်များ**

၆၀။ နိုင်ငံ့ဝန်ထမ်းမဟုတ်သော အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံ စီမံထိန်းသိမ်းရန် တာဝန်ရှိသူသည် ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၁။ မည်သူမဆို အရေးကြီးသတင်းအချက်အလက် အခြေခံအဆောက်အအုံ၏ အီလက်ထရောနစ် သတင်းအချက်အလက်အား ခွင့်ပြုချက်မရှိဘဲ နှောင့်ယှက်ခြင်း၊ ဖျက်ဆီးခြင်း၊ ခိုးယူခြင်း၊ ထိခိုက်စေခြင်း၊ ဥပဒေနှင့်မညီဘဲ ပေးပို့ခြင်း၊ အသုံးပြုခြင်း၊ ဖြန့်ဝေခြင်း၊ ထုတ်ဖော်ခြင်း၊ ပြုပြင်ခြင်း သို့မဟုတ် ပြောင်းလဲခြင်းတို့ကို ကျူးလွန်ကြောင်း သို့မဟုတ် ကျူးလွန်ရန် ကြိုးပမ်းအားထုတ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၂။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်မရှိဘဲ ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံ ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံ ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၃။ မည်သူမဆို ဆိုက်ဘာလုံခြုံရေးဆိုင်ရာ ဝန်ဆောင်မှုလုပ်ငန်းကို လိုင်စင်သက်တမ်းတိုးခြင်း မရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းငါးဆယ်ထက်မပိုသော ငွေဒဏ်ချမှတ်ရမည်။

၆၄။ နိုင်ငံတော်အတွင်း အသုံးပြုသူဦးရေတစ်သိန်းနှင့်အထက်ရှိသော ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းဆောင်ရွက်သူသည် မှတ်ပုံတင်ခြင်းမရှိဘဲ ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်းတစ်ထောင်အောက်မလျော့သော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၆၅။ မည်သူမဆို ဒီဂျစ်တယ်ပလက်ဖောင်း ဝန်ဆောင်မှုလုပ်ငန်းကို မှတ်ပုံတင်သက်တမ်းတိုးခြင်း မရှိဘဲ ဆက်လက်ဆောင်ရွက်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ကျပ်သိန်းငါးရာအောက် မလျော့သော ငွေဒဏ်ချမှတ်ရမည်။

၆၆။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (က)၊ (ခ)၊ (ဂ) သို့မဟုတ် (ဃ) ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်း တစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး နှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၇။ မည်သူမဆို ပုဒ်မ ၃၆ ပုဒ်မခွဲ (င) သို့မဟုတ် (စ) ပါ ဆိုက်ဘာအလွဲအသုံးပြုခြင်း တစ်မျိုးမျိုးကို ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး တစ်နှစ်မှ အများဆုံး သုံးနှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ် ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၆၈။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် အောက်ပါပြုလုပ်မှု တစ်ရပ်ရပ်ကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကို ပြုလုပ်ရန် ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်နှစ်မှ အများဆုံးနှစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည် -

(က) ဆိုက်ဘာအရင်းအမြစ်ကို ပျက်စီးစေနိုင်သော လုပ်ဆောင်မှုများ ဆောင်ရွက်ခြင်း သို့မဟုတ် မောလ်ဝဲရ် (Malware) ထည့်သွင်းခြင်း သို့မဟုတ် ဝင်ရောက်စေခြင်း၊

(ခ) ဆိုက်ဘာအရင်းအမြစ်အား ရယူပိုင်ခွင့်ရှိသူကို ယင်းစနစ်အတွင်းသို့ ဝင်ရောက်နိုင်ခြင်း မရှိစေရန် ပြုလုပ်ခြင်း၊

(ဂ) ဆိုက်ဘာအရင်းအမြစ်အတွင်းရှိ သတင်းအချက်အလက်ကို ဖျက်ဆီးခြင်း၊ ဖယ်ထုတ်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ယင်း၏အသုံးဝင်မှုကို ယုတ်လျော့စေခြင်း သို့မဟုတ် အကျိုးသက်ရောက်မှုကို ထိခိုက်စေခြင်း၊

(ဃ) ကွန်ပျူတာရှိ ပင်ရင်းကုဒ်သင်္ကေတ (Source Code)များကို ပျက်စီးစေရန် ရည်ရွယ်၍ ခိုးယူခြင်း၊ အသုံးပြုခွင့်မရအောင် ပြုလုပ်ခြင်း၊ ဖျက်ဆီးခြင်း၊ ပြောင်းလဲခြင်း၊

(င) ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ လိမ်လည်လှည့်ဖြားခြင်း၊

(စ) အခြားသူကို ထိခိုက်နစ်နာစေရန် သို့မဟုတ် ဂုဏ်သိက္ခာကျဆင်းစေရန် သတင်းအချက်အလက်ကို အီလက်ထရောနစ် နည်းပညာဖြင့် ပြုလုပ်ခြင်း၊ ပြုပြင်ခြင်း၊ ပြောင်းလဲခြင်း သို့မဟုတ် ထိုသို့ပြုလုပ်ထားသော အချက်အလက်ကို ဖြန့်ဝေခြင်း၊

(ဆ) ကွန်ရက်အား အသုံးပြု၍ မလိုလားအပ်သော သို့မဟုတ် တောင်းဆိုထားခြင်းမရှိသော စာတိုပေးပို့ခြင်း၊ အီးမေးလ်ပေးပို့ခြင်း သို့မဟုတ် အချက်အလက် ပေးပို့ခြင်း။

၆၉။ မည်သူမဆို မရိုးမဖြောင့်သောသဘောဖြင့် ဆိုက်ဘာအရင်းအမြစ်ကို အသုံးပြု၍ အခြားသူ၏ အွန်လိုင်းငွေကြေးတစ်ရပ်ရပ်ကို ခိုးယူခြင်း သို့မဟုတ် အကျိုးဖျက်ဆီးခြင်းကို ကျူးလွန်ကြောင်း သို့မဟုတ် အခြားသူတစ်ဦးဦးကို ပြုလုပ်ရန် ခိုင်းစေကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံး နှစ်နှစ်မှ အများဆုံး ခုနစ်နှစ်အထိ ထောင်ဒဏ် ချမှတ်ရမည့်အပြင် ငွေဒဏ်လည်း ချမှတ်နိုင်သည်။

၇၀။ မည်သူမဆို ဝန်ကြီးဌာန၏ ခွင့်ပြုချက်ကိုရယူခြင်းမရှိဘဲ ဗီပီအန်ကို ထူထောင်ခြင်း သို့မဟုတ် ဗီပီအန်ဝန်ဆောင်မှုပေးခြင်း ပြုလုပ်ကြောင်း ပြစ်မှုထင်ရှား စီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံ ပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၁။ မည်သူမဆို ခွင့်ပြုချက်မရှိဘဲ အွန်လိုင်းလောင်းကစားစနစ် တည်ဆောက်ခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် -

(က) ထိုသူကို အနည်းဆုံး ခြောက်လမှ အများဆုံး တစ်နှစ်အထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်သိန်းငါးဆယ်မှ အများဆုံး ကျပ်သိန်းနှစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သောပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းနှစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

*စာမျက်နှာ ၉ သို့*

*စာမျက်နှာ ၈ မှ*

၇၂။ မည်သူမဆို အများပြည်သူ ကြည့်ရှုခြင်းငှာ မသင့်လျော်သော သတင်းအချက်အလက်များကို အီလက်ထရောနစ် နည်းပညာဖြင့် ဖြန့်ချီခြင်း၊ ဖြန့်ဝေခြင်း၊ ပေးပို့ခြင်း၊ ကူးယူစေခြင်း သို့မဟုတ် ရောင်းချခြင်းပြုလုပ်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် ထိုသူကို အနည်းဆုံးတစ်လမှ အများဆုံး ခြောက်လအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာ ထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံးဖြစ်စေ ချမှတ်ရမည်။

၇၃။ မည်သူမဆို ဤဥပဒေအရ ထုတ်ပြန်သည့် နည်းဥပဒေများ၊ စည်းမျဉ်း၊ စည်းကမ်း၊ အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများပါ တားမြစ်ချက် တစ်ရပ်ရပ်ကို ဖောက်ဖျက်ကျူးလွန်ကြောင်း ပြစ်မှုထင်ရှားစီရင်ခြင်းခံရလျှင် –

(က) ထိုသူကို အနည်းဆုံး တစ်လမှ အများဆုံး သုံးလအထိ ထောင်ဒဏ်ဖြစ်စေ၊ အနည်းဆုံး ကျပ်တစ်ဆယ်သိန်းမှ အများဆုံး ကျပ်သိန်းတစ်ရာထက်မပိုသော ငွေဒဏ်ဖြစ်စေ၊ ဒဏ်နှစ်ရပ်လုံး ဖြစ်စေ ချမှတ်ရမည့်အပြင် အမှုနှင့်သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

(ခ) ပြစ်မှုကျူးလွန်သူသည် ကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းဖြစ်ပါက ယင်းကုမ္ပဏီ သို့မဟုတ် အဖွဲ့အစည်းကို ကျပ်သိန်းတစ်ရာအောက်မနည်းသော ငွေဒဏ်ချမှတ်ရမည့်အပြင် အမှုနှင့် သက်ဆိုင်သော သက်သေခံပစ္စည်းများကို နိုင်ငံ့ဘဏ္ဍာအဖြစ် သိမ်းဆည်းရမည်။

၇၄။ မည်သူမဆို ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်ရန် အားထုတ်လျှင်ဖြစ်စေ၊ ပြစ်မှုကျူးလွန်ရာတွင် ပူးပေါင်းကြံစည်လျှင်ဖြစ်စေ၊ အားပေးကူညီလျှင်ဖြစ်စေ ယင်းပြစ်မှုအတွက် ဤဥပဒေတွင် ပြဋ္ဌာန်းထားသည့် ပြစ်ဒဏ်ကို ချမှတ်ခြင်းခံရမည်။

**အခန်း (၁၆)**

**အထွေထွေ**

၇၅။ ဤဥပဒေအရ တရားစွဲဆိုတင်ပို့သော ပြစ်မှုတစ်ရပ်ရပ်နှင့်စပ်လျဉ်းသည့် သက်သေခံပစ္စည်းသည် တရားရုံးရှေ့သို့ တင်ပို့ရန်မလွယ်ကူသောပစ္စည်းဖြစ်ပါက ယင်းသက်သေခံပစ္စည်းကို မည်ကဲ့သို့ ထိန်းသိမ်းထားကြောင်း စုံစမ်းစစ်ဆေးရေးအဖွဲ့၏ အစီရင်ခံစာနှင့် စာရွက်စာတမ်း အထောက်အထားများဖြင့် သက်ဆိုင်ရာ တရားရုံးသို့ တင်ပြနိုင်သည်။ ယင်းသို့ တင်ပြခြင်းကို တရားရုံးရှေ့သို့ သက်သေခံပစ္စည်း တင်ပြဘိသကဲ့သို့မှတ်ယူကာ သက်ဆိုင်ရာ တရားရုံးက ဥပဒေနှင့်အညီ စီမံခန့်ခွဲခြင်း ပြုနိုင်သည်။

၇၆။ ဤဥပဒေ အာဏာမတည်မီက ဖွဲ့စည်းတည်ထောင်ထားသော ဆိုက်ဘာလုံခြုံရေးဆိုင်ရာ အဖွဲ့သည် ဤဥပဒေ စတင်အာဏာတည်သည့်နေ့မှစ၍ ခြောက်လအတွင်း ခွင့်ပြုချက် ရယူရမည်။

၇၇။ ဦးစီးဌာနသည် ဤဥပဒေအရ ရရန်ရှိသော အခကြေးငွေနှင့် ဒဏ်ကြေးငွေများကို အခွန်မပြေ ကျန်ငွေဖြစ်ဘိသကဲ့သို့ သတ်မှတ်ချက်များနှင့်အညီ အရကောက်ခံရမည်။

၇၈။ (က) ဤဥပဒေပါ ကိစ္စရပ်များကို နိုင်ငံတကာနှင့် ပူးပေါင်းဆောင်ရွက်ရန် လိုအပ်ပါက ပြစ်မှုဆိုင်ရာ ကိစ္စရပ်များတွင် နိုင်ငံအချင်းချင်း အကူအညီပေးရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

(ခ) ဤဥပဒေပါ ပြစ်မှုတစ်ရပ်ရပ်ကို ကျူးလွန်သူသည် ပြည်ပတွင်ကျူးလွန်သည့် နိုင်ငံခြားသား ဖြစ်ပါက တရားခံလွှဲပြောင်းရေးဥပဒေနှင့်အညီ လိုက်နာဆောင်ရွက်ရမည်။

၇၉။ အရေးကြီး သတင်းအချက်အလက် အခြေခံအဆောက်အအုံစီမံထိန်းသိမ်းရန် တာဝန်ရှိသူသည် နိုင်ငံ့ဝန်ထမ်းဖြစ်ပါက ပုဒ်မ ၁၇ ပုဒ်မခွဲ (က) သို့မဟုတ် (ခ) ကို လိုက်နာဆောင်ရွက်ရန် ပျက်ကွက်ကြောင်း စစ်ဆေးတွေ့ရှိလျှင် ထိုသူကို နိုင်ငံ့ဝန်ထမ်းဥပဒေနှင့်အညီ အရေးယူရမည်။

၈၀။ နိုင်ငံ့ဝန်ထမ်း မဟုတ်သော ဦးစီးကော်မတီ သို့မဟုတ် လုပ်ငန်းကော်မတီ သို့မဟုတ် စုံစမ်းစစ်ဆေးရေးအဖွဲ့ဝင်တစ်ဦးဦးသည် ဤဥပဒေပါ လုပ်ငန်းတာဝန်များကို ဆောင်ရွက်စဉ်တွင် ယင်းတို့အား ရာဇသတ်ကြီးပုဒ်မ ၂၁ အရ ပြည်သူ့ဝန်ထမ်းဖြစ်သည်ဟု မှတ်ယူရမည်။

၈၁။ ဤဥပဒေအရ တာဝန်ဝတ္တရားနှင့် လုပ်ငန်းများကိုဆောင်ရွက်ရန် တာဝန်ပေးအပ်ခြင်းခံရ၍ သဘောရိုးဖြင့် ဆောင်ရွက်သော ပုဂ္ဂိုလ် သို့မဟုတ် အဖွဲ့အစည်းတစ်ရပ်ရပ်ကို တရားစွဲဆိုခြင်း မပြုရ။

၈၂။ ဤဥပဒေအရ တရားစွဲဆိုရာတွင် ဝန်ကြီးဌာန၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရမည်။

၈၃။ ဤဥပဒေပါ ပြစ်မှုများကို ဖောက်ဖျက်ကျူးလွန်ပါက ဤဥပဒေအရသာ အရေးယူရမည်။

၈၄။ ပုဒ်မ ၆၀၊ ၆၂၊ ၆၃၊ ၆၆၊ ၆၈၊ ၇၁ နှင့် ၇၂ ပါပြစ်မှုများကို ရဲအရေးယူပိုင်ခွင့်ရှိသော ပြစ်မှုများအဖြစ် သတ်မှတ်သည်။

၈၅။ ဤဥပဒေအရ စီမံခန့်ခွဲရေးဆိုင်ရာအရေးယူခံရခြင်း သို့မဟုတ် ပြစ်မှုကြောင်းအရ တရားစွဲဆိုခံရခြင်းသည် ယင်းကိစ္စရပ်ကြောင့် အများပြည်သူနစ်နာဆုံးရှုံးမှုများ ဖြေရှင်းဆောင်ရွက်ရန် တာဝန်ရှိပါက အရေးယူခံရသူ သို့မဟုတ် ပြစ်မှုကျူးလွန်သူအား ယင်းတာဝန်ရှိမှုမှ ကင်းလွတ်သည်ဟု မှတ်ယူခြင်းမပြုရ။

၈၆။ ဗဟိုကော်မတီ သို့မဟုတ် ဦးစီးကော်မတီသည်–

(က) အများပြည်သူ အကျိုးငှာ ပြည်ထောင်စုအစိုးရအဖွဲ့၏ ခွင့်ပြုချက်ဖြင့် အစိုးရဌာန၊ အစိုးရအဖွဲ့အစည်း သို့မဟုတ် ပုဂ္ဂိုလ်တစ်ဦးဦးအား ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက်၊ လိုင်စင် သို့မဟုတ် မှတ်ပုံတင်ခြင်းတို့မှလည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ခ) နိုင်ငံတော်အရေးပေါ် အခြေအနေနှင့် ဆက်နွယ်သည့် ကိစ္စရပ်များ၊ နိုင်ငံတော်ကာကွယ်ရေး နှင့် လုံခြုံရေးဆိုင်ရာကိစ္စရပ်များ၊ သဘာဝဘေးအန္တရာယ်ဆိုင်ရာ ကိစ္စရပ်များနှင့် သက်ဆိုင်ပါက ပြည်ထောင်စုအစိုးရအဖွဲ့၏ ကြိုတင်ခွင့်ပြုချက်ကို ရယူရန်မလိုဘဲ ဤဥပဒေအရ လိုအပ်သော ခွင့်ပြုချက် သို့မဟုတ် လိုင်စင်တို့ကို ရယူခြင်းမှလည်းကောင်း၊ အခကြေးငွေများကို ပေးဆောင်ရခြင်းမှလည်းကောင်း ကင်းလွတ်ခွင့်ပြုနိုင်သည်။

(ဂ) ပုဒ်မခွဲ (ခ) အရ ကင်းလွတ်ခွင့်ပြုသည့် ကိစ္စရပ်များကို ပြည်ထောင်စုအစိုးရအဖွဲ့သို့ ပြန်လည် တင်ပြရမည်။

၈၇။ ဝန်ကြီးဌာနသည် ဤဥပဒေပါ နည်းပညာဆိုင်ရာစကားရပ်တစ်ခုခု သို့မဟုတ် ဘာသာရပ်ဆိုင်ရာ စကားရပ် တစ်ခုခု၏ အဓိပ္ပာယ်ကို ရှင်းလင်းပေးရန် လိုအပ်လျှင် ဗဟိုကော်မတီ၏ သဘောတူညီချက်ဖြင့် အမိန့်ကြော်ငြာစာ ထုတ်ပြန်၍ ရှင်းလင်းပေးနိုင်သည်။

၈၈။ ဤဥပဒေပါ ပြဋ္ဌာန်းချက်များကို အကောင်အထည်ဖော်ဆောင်ရွက်ရာတွင် –

(က) ဝန်ကြီးဌာနသည် နည်းဥပဒေများ၊ စည်းမျဉ်းနှင့် စည်းကမ်းများကို ပြည်ထောင်စုအစိုးရအဖွဲ့၏ သဘောတူညီချက်ဖြင့် ထုတ်ပြန်နိုင်သည်။

(ခ) ဗဟိုကော်မတီ၊ ဦးစီးကော်မတီ၊ လုပ်ငန်းကော်မတီများနှင့် ဦးစီးဌာနတို့သည် အမိန့်ကြော်ငြာစာ၊ အမိန့်၊ ညွှန်ကြားချက်နှင့် လုပ်ထုံးလုပ်နည်းများကို ထုတ်ပြန်နိုင်သည်။

---

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ဖွဲ့စည်းပုံအခြေခံဥပဒေပုဒ်မ ၄၁၉ အရ ကျွန်ုပ် လက်မှတ် ရေးထိုးသည်။

(ပုံ) မင်းအောင်လှိုင်
ဗိုလ်ချုပ်မှူးကြီး
ဥက္ကဋ္ဌ
နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ

## ဒလမြို့နယ်၌ ဓာတ်အားလိုင်းများရွှေ့ပြောင်းတည်ဆောက်နေမှု စစ်ဆေး

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန် လျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းဥက္ကဋ္ဌ ဦးအောင်ကျော်ဦးနှင့် တာဝန်ရှိသူများသည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်က ဒလမြို့နယ်အတွင်း ဓာတ်အားဖြန့်ဖြူးထားမှု အခြေအနေများ၊ ဒလ–တွံတေးလမ်းပိုင်း ဒလတံတားသစ် စီမံကိန်းလမ်းတိုးချဲ့ဧရိယာများနှင့် မလွတ်ကင်းသော ဓာတ်အားလိုင်းများ ရွှေ့ပြောင်း တည်ဆောက်ပြီးမှု အခြေအနေများကို ကွင်းဆင်း စစ်ဆေးသည်။



ဦးစွာ ဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များသည် ဒလမြို့နယ်လျှပ်စစ်မန်နေဂျာရုံးသို့ရောက်ရှိပြီး ၃၃ ကေဗွီ မြို့နယ်လျှပ်စစ်မန်နေဂျာရုံး ဓာတ်အားခွဲရုံရှိ ၃၃/၁၁–၆ ဒသမ ၆ ကေဗွီ ၁၅ အမ်ဗွီအေ ထရန်စဖော်မာ၏ ၆ ဒသမ ၆ ကေဗွီ ဖီဒါများကို ၁၁ ကေဗွီစနစ်ဖြင့် ပြောင်းလဲ ဓာတ်အားဖြန့်ဖြူးပေးနိုင်ရေး၊ ဒလ–တွံတေးလမ်းနှင့် ဒလတံတားစီမံကိန်းတိုးချဲ့ဧရိယာနှင့် မလွတ်ကင်းသည့် ဓာတ်အားလိုင်းတိုင်များ ရွှေ့ပြောင်းတည်ဆောက်ပြီးစီးမှု၊ လမ်းတိုးချဲ့ဧရိယာနှင့် မလွတ်ကင်းသည့် မြို့နယ် လျှပ်စစ်မန်နေဂျာရုံး ခြံစည်းရိုးများ ရွှေ့ပြောင်းတည်ဆောက်ရန်လိုအပ်မှုနှင့် ဒလ သင်္ဘောကျင်းသို့ ဓာတ်အားဖြန့်ဖြူးပေးထားမှု အခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

ထို့နောက် ဥက္ကဋ္ဌနှင့်အဖွဲ့ဝင်များသည် ဆိပ်ကြီးခနောင်တိုမြို့နယ် လျှပ်စစ်မန်နေဂျာရုံးနှင့် ဆမားဒူးဝါး ချောင်းဖြတ်ကျော်တာဝါအနီးရှိ လေးတိုင်စင် ဓာတ်အားလိုင်း တိုင်များကို ကြည့်ရှုစစ်ဆေးကာ ဓာတ်အားပျောက်ဆုံးမှု လျော့နည်းကျဆင်းရေး၊ ဓာတ်အားခကြွေးကျန် ကျဆင်းရေး၊ ချွတ်ယွင်းတိုင်များနှင့် ဓာတ်အားလိုင်းများ ပိုမိုကြံ့ခိုင်ကောင်းမွန်စေရေး အမြန်ပြုပြင်တည်ဆောက်ရန် မှာကြားပြီး လိုအပ်သည်များ ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

ချစ်ဆောင် (YESC)

## ထန်းတပင်မြို့နယ် ရေကျော်ကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**ထန်းတပင် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ထန်းတပင်မြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆို ဂုဏ်ပြုသောအားဖြင့် အတွင်းရေကျော် ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ် ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းပေါ်၌ ကျင်းပသည်။

ဦးစွာ ထန်းတပင်မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးနိုင်နိုင်ဦးက အမှာစကားပြောကြားပြီး ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခေတ္တမြို့နယ်ဦးစီးမှူး ဒေါ်ချိုချိုအေးက ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း ဆောင်ရွက်ခဲ့မှုများကို ရှင်းလင်းပြောကြားသည်။ ထို့နောက် မြို့နယ် စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက ကွန်ကရစ်လမ်းသစ်ကို ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။ အဆိုပါလမ်းသည် အရှည် ၄၉၃ ပေ၊ အကျယ် ၁၀ ပေ၊ ဒု ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း ပံ့ပိုးရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ ဖြင့် ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ပြီးစီးပြီဖြစ်သည်။

မောင်နိုင်



## ချမ်းမြသာယာအရန်မီးသတ်စခန်း အဆောက်အအုံသစ်ဖွင့်ပွဲနှင့် မီးသတ်ယာဉ်ပေးအပ်ပွဲကျင်းပ

**မန္တလေး ဇန်နဝါရီ ၂**

ပြည်ကြီးတံခွန်မြို့နယ် ချမ်းမြသာယာရပ်ကွက် ချမ်းမြသာယာအရန်မီးသတ်စခန်း အဆောက်အအုံသစ်ဖွင့်ပွဲနှင့် မီးသတ်ယာဉ် ပေးအပ်လှူဒါန်းပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပရာ မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်း၊ ဒုတိယတိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ဒုတိယညွှန်ကြားရေးမှူး ဦးဌေးဝင်းနှင့် ပြည်ကြီးတံခွန်မြို့နယ် အထွေထွေအုပ်ချုပ်ရေးမှူး ဦးဝင်းမင်းထွန်းတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးသည်။

ထို့နောက် မီးသတ်ယာဉ်အလှူရှင် ဦးသန်းအေးနှင့်ဇနီးတို့က စခန်းတာဝန်ခံ ဒုတိယတပ်ခွဲမှူး ဦးကျော်ကျော်မင်းထံ မီးသတ်ယာဉ် လွှဲပြောင်းပေးအပ်ပြီး ပြည်ကြီးတံခွန်မြို့နယ် မီးသတ်ဦးစီးမှူး ဦးကျော်ကျော်ဦးက အလှူရှင်အား ဂုဏ်ပြုမှတ်တမ်းလွှာပေးအပ်ခဲ့ကြောင်း သိရသည်။

အောင်သူရ

ဇီဝမျိုးစုံ ကြွယ်စေဖို့ သဘာဝတောတွေ ထိန်းသိမ်းစို့

# ပြည်သူလူထု၏ သယံဇာတအား ပြည်သူလူထုထံသို့


ဝင်းဇော်(ရေနံဓာတု)

**စွမ်းအင်ဝန်ကြီးဌာနသည် ပြည်တွင်းစက်သုံးဆီဖူလုံစေရေး၊ စက်သုံးဆီလိုအပ်ချက်များ အပြည့်အဝဖြည့်ဆည်းပေးနိုင်ရေး၊ အစီအမံများချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။ မြန်မာနိုင်ငံအနေဖြင့် ၂၀၂၀ ခုနှစ်မှ ၂၀၂၃ ခုနှစ်အတွင်း စွမ်းအင်ဆိုင်ရာစာရင်းအင်းအချက်အလက်များအရ ပြည်တွင်းစက်သုံးဆီသုံးစွဲမှု၏ ၉၇ ရာခိုင်နှုန်းခန့်ကို ပြည်ပမှ တင်သွင်းပြီး ၃ ရာခိုင်နှုန်းခန့်ကို ပြည်တွင်းမှထုတ်လုပ်သုံးစွဲလျက်ရှိပါသည်။ ပြည်ပမှစက်သုံးဆီတင်သွင်းမှု လျှော့ချနိုင်ရန်အတွက် စက်သုံးဆီများ ပြည်တွင်း၌ထုတ်လုပ်ရောင်းချနိုင်ရေး စီမံကိန်း (Plan) များ အသီးသီးချမှတ်၍ အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိပါသည်။**

ယင်းသို့ဆောင်ရွက်ရာတွင် အရည်အသွေးမြင့် စက်သုံးဆီ (ဒီဇယ်၊ ဓာတ်ဆီ) များ စီးပွားဖြစ်ထုတ်လုပ်ဖြန့်ဖြူးရောင်းချပေးနိုင်ရေးအတွက် ရေနံချက်စက်ရုံအသစ်များ တည်ဆောက်ခြင်း၊ စက်ရုံအဟောင်းများ Upgrade ပြုလုပ်၍ စက်စွမ်းအားပြည့် လည်ပတ်ခြင်းများ ပါဝင်လာရာ သန်လျင်ရေနံချက်စက်ရုံအား စက်ရုံအသစ်တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေခြင်း၊ ပြည်တွင်းရေနံစိမ်းများကို တိုးမြှင့်ထုတ်လုပ်ရန်လျာထားချက်များ ချမှတ်ပြီး တိုးမြှင့်ရရှိလာသော ရေနံစိမ်းအား ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်)နှင့် ချောက်ရေနံချက်စက်ရုံတို့တွင် ချက်လုပ်ခြင်းနှင့် ရေနံဓာတုဗေဒစက်ရုံစု(သံပရာကန်) ရေနံချက်စက်ရုံအနီး Euro V အဆင့်ရှိဓာတ်ဆီ၊ ဒီဇယ်များ ထုတ်လုပ်နိုင်မည့် ရေနံချက်စက်ရုံအသစ် တည်ဆောက်ခြင်းစသည့် ပြည်တွင်း ပြည်ပစွမ်းအင်ကုမ္ပဏီများနှင့် အကျိုးတူပူးပေါင်းလုပ်ကိုင်ခြင်းဖြင့် Energy Strategy အလှည့်အပြောင်းတစ်ခုကို အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိပါသည်။



၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် ဖွင့်လှစ်ရောင်းချမည့် ပြည်ထောင်စုနယ်မြေ နေပြည်တော် ဇမ္ဗူသီရိမြို့နယ်ရှိ စက်သုံးဆီအရောင်းဆိုင်အမှတ် (၀၃၅၄)။




၂၀၂၃ ခုနှစ် ဇန်နဝါရီလမှ ဒီဇင်ဘာလ အထိ လအလိုက် ပင်လယ်ရေကြောင်းမှ စက်သုံးဆီ တင်သွင်းခဲ့မှု အခြေအနေ။

**ပြည်သူလူထုထံ တိုက်ရိုက်
ရောင်းချဖြန့်ဖြူးပေးနိုင်ရန်ဆောင်ရွက်**

ပြည်တွင်းမှထွက်ရှိသော ရေနံစိမ်းများကို ချက်လုပ်သည့် ရေနံဓာတုဗေဒစက်ရုံစု (သံပရာကန်) ရေနံချက်စက်ရုံမှထွက်ရှိသည့် (ဓာတ်ဆီ၊ ရေနံဆီ၊ ဒီဇယ်ဆီ၊ ရေနံချေး)တို့အနက်မှ ဓာတ်ဆီအား ယခင်က ပုဂ္ဂလိကလုပ်ငန်းရှင်များထံ တင်ဒါရောင်းချခဲ့ရာမှ ယခုအခါ မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်းပိုင် စက်သုံးဆီအရောင်းဆိုင်များတွင် ပြင်ပပုဂ္ဂလိကဆိုင်များ ရောင်းချနေသော ဈေးနှုန်းထက် သက်သာသော ဈေးနှုန်းဖြင့် ပြည်သူလူထုထံ တိုက်ရိုက်ရောင်းချဖြန့်ဖြူးပေးနိုင်ရန် ပြည်ထောင်စုဝန်ကြီး၏လမ်းညွှန်ချက်ဖြင့် စီမံဆောင်ရွက်ခဲ့ပါသည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီးလက်အောက်ရှိ ဓာတ်ဆီအရောင်းဆိုင်များဖြစ်သည့် မန္တလေးဓာတ်ဆီအရောင်းဆိုင်အမှတ်(၀၆၁၁)၊ (၀၆၁၄) နှစ်ဆိုင်နှင့် နေပြည်တော် (ပျဉ်းမနား) ဓာတ်ဆီအရောင်းဆိုင်အမှတ် (၀၃၅၄) စုစုပေါင်းသုံးဆိုင်တို့အား ပြန်လည်ဖွင့်လှစ်ပြီး မော်တော်ဆိုင်ကယ်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်မောင်းဆီများအား ဒေသန္တရ ပေါက်ဈေးထက် သက်သာသော ဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ရောင်းချပေးမည့် ဓာတ်ဆီ၏ အောက်တိန်းနံပါတ်မှာ (RON-68) ရှိပါသည်။

**တောင်ငူမြို့နှင့် လွိုင်လင်ဓာတ်ဆီ အရောင်းဆိုင်များ
ဖွင့်လှစ်ရောင်းချရန် ဆောင်ရွက်**

အထက်ပါဓာတ်ဆီအရောင်းဆိုင် သုံးဆိုင်အပြင် တောင်ငူမြို့ ဟင်းငုတ်ပင်ဓာတ်ဆီအရောင်းဆိုင်နှင့် ရှမ်းပြည်(တောင်ပိုင်း) လွိုင်လင်ဓာတ်ဆီအရောင်းဆိုင်များကိုလည်း ဆက်လက်ဖွင့်လှစ်ရောင်းချပေးသွားရန် စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။ ကျန်တိုင်းနှင့် ပြည်နယ်ဒေသအသီးသီးတွင်လည်း ပြည်သူလူထုများ ဈေးနှုန်းချိုသာစွာ တိုက်ရိုက်ဝယ်ယူရရှိနိုင်ရေး ဆက်လက်တိုးချဲ့ဖွင့်လှစ်ရန် Plan များချ၍ စီစဉ်ဆောင်ရွက်လျက်ရှိပါသည်။

ဝန်ကြီးဌာနပိုင် ဓာတ်ဆီအရောင်းဆိုင်များ ဖွင့်လှစ်ရောင်းချခြင်းဖြင့်

- အသေးစားအလတ်စား စက်မှုလုပ်ငန်းများအတွက် သယ်ယူပို့ဆောင်ရေး လွယ်ကူလာခြင်း၊
- ပြည်သူလူထုများ နေ့စဉ်ပုဂ္ဂလိက စက်သုံးဆီအရောင်းဆိုင်များမှ ကြီးမားသော ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲရမည့်အစား သက်သာသော ဈေးနှုန်းဖြင့် ဝယ်ယူသုံးစွဲလာနိုင်သည့်အတွက် ဓာတ်ဆီဖိုးကုန်ကျစရိတ်သက်သာပြီး မိသားစုဝင်ငွေ အထိုက်အလျောက် အထောက်အပံ့ရရှိခြင်း၊
- ဆီစားနှုန်းသက်သာ၍ ကြာရှည်အမောင်းခံခြင်း၊
- ဓာတ်ဆီဆိုင်တွင် တန်းစီစောင့်ဆိုင်း၍ ဆီဖြည့်ရသည့် အချိန်မကုန်ခြင်းကြောင့် အဘက်ဘက်တို့တွင် နှောင့်နှေးကြန့်ကြာမှု မရှိခြင်း၊
- လုပ်ငန်းခွင်တွင် လုပ်ငန်းတာဝန်များ စိတ်ကြည်လင်စွာ လုပ်ဆောင်နိုင်ခြင်း၊
- ပြည်တွင်းထွက် ဓာတ်ဆီအသုံးပြုခြင်းဖြင့် နိုင်ငံခြားမှ ဝယ်ယူတင်သွင်းရသည့် နိုင်ငံခြားသုံးငွေ အထိုက်အလျောက် လျှော့ချနိုင်ခြင်း စသည့်အကျိုးကျေးဇူးများ ခံစားကြရမည် ဖြစ်ပါသည်။

**ဇီဝလောင်စာဆီ စက်သုံးဆီများ
ရောင်းချနိုင်ရန် ဆောင်ရွက်လျက်ရှိ**

ထို့အပြင် မြန်မာနိုင်ငံအနေဖြင့် စွမ်းအင်ကဏ္ဍ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်ရေးနှင့် စွမ်းအင်ဖူလုံမှုရှိစေရေးတို့အတွက် ပြန်လည်ပြည့်ဖြိုးမြဲစွမ်းအင်များဖြစ်သည့် လေ၊ နေ၊ ရေ၊ ဘူမိအပူနှင့် ဇီဝစွမ်းအင်များ ထုတ်လုပ်သုံးစွဲနိုင်ရေးဆောင်ရွက်ရမည်ဖြစ်ရာ လယ်ယာထွက်သီးနှံနှင့် ဘေးထွက်ပစ္စည်းများ၊ အခြားဇီဝအရင်းအမြစ်များမှ ထုတ်လုပ်ရရှိနိုင်သော ဇီဝလောင်စာဆီများအား ပြည်တွင်းထုတ်ဓာတ်ဆီ(သို့မဟုတ်) ပြည်ပမှ တင်သွင်းသောဓာတ်ဆီတို့ဖြင့် သတ်မှတ်အချိုးအစားအတိုင်း ရောစပ်ကာ ပြည်တွင်း၌ ကျယ်ပြန့်စွာ ထုတ်လုပ်သုံးစွဲနိုင်ရေး စွမ်းအင်ဝန်ကြီးဌာနအနေဖြင့် သုတေသနပြုလုပ်ငန်းများ ဆောင်ရွက်လျက်ရှိပါသည်။ ပြည်တွင်း၌ ဓာတ်ဆီများအား ရေမဲ့အီသနော ရောစပ်၍အသုံးပြုမည်ဆိုပါက အခြားဒေသတွင်း နိုင်ငံများကဲ့သို့ ရုပ်ကြွင်းလောင်စာ စက်သုံးဆီ (Fossil Fuel) အသုံးပြုခြင်းအား လျှော့ချ၍ ဇီဝလောင်စာစက်သုံးဆီ (Bio Fuel) အသုံးပြုခြင်းများ တိုးမြှင့်လာစေခြင်း၊ ရေမဲ့အီသနောအား ဓာတ်ဆီနှင့်ရောနှောသုံးစွဲခြင်းဖြင့် နိုင်ငံ၏ နှစ်စဉ်စက်သုံးဆီကဏ္ဍလိုအပ်ချက်အား တစ်ဖက်တစ်လမ်းမှ ကူညီပံ့ပိုးပေးနိုင်ခြင်း၊ ပြောင်း၊ ကြံ၊ ဆန်ကွဲ စသည့် ကုန်ကြမ်းများကို တန်ဖိုးမြှင့်ထုတ်ကုန်ဖြစ်သည့် ရေမဲ့အီသနောအဖြစ် ထုတ်လုပ်အသုံးပြုနိုင်ခြင်းဖြင့် ပြည်တွင်းကုန်ထုတ်လုပ်မှုကို အားပေးအားမြှောက်ပြုနိုင်ခြင်း၊ ပြည်ပမှဝယ်ယူရသော စက်သုံးဆီပမာဏအား လျှော့ချနိုင်ခြင်းဖြင့် နိုင်ငံခြားငွေသုံးစွဲမှုလျော့နည်းစေပြီး ပြည်သူများ၏ ဝင်ငွေများ ပိုမိုတိုးတက်ကောင်းမွန်လာစေခြင်းတို့ကြောင့် ယခုဖွင့်လှစ်ရောင်းချသော နိုင်ငံပိုင်စက်သုံးဆီဆိုင်များမှစတင်၍ နိုင်ငံတစ်ဝန်းရှိ စက်သုံးဆီအရောင်းဆိုင်များတွင် ဇီဝလောင်စာဆီ စက်သုံးဆီများကိုပါ ရောင်းချသွားနိုင်ရန်အတွက် ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း ပြည်သူလူထုအား အသိပေးအပ်ပါသည်။ ။

**“၂၀၂၅ ခုနှစ် ဇန်နဝါရီလ ၄ ရက်နေ့တွင် (၇၇) ကြိမ်မြောက် လွတ်လပ်ရေးနေ့ကို ဂုဏ်ပြုသောအားဖြင့် မြန်မာ့ရေနံဓာတုဗေဒလုပ်ငန်း၊ သိုလှောင်ဖြန့်ဖြူးရေးဌာနကြီး လက်အောက်ရှိ ဓာတ်ဆီအရောင်းဆိုင်များဖြစ်သည့် မန္တလေးဓာတ်ဆီအရောင်းဆိုင်အမှတ် (၀၆၁၁)၊ (၀၆၁၄) နှစ်ဆိုင်နှင့် နေပြည်တော် (ပျဉ်းမနား) ဓာတ်ဆီအရောင်းဆိုင်အမှတ် (၀၃၅၄) စုစုပေါင်း သုံးဆိုင်တို့အား ပြန်လည်ဖွင့်လှစ်ပြီး မော်တော်ဆိုင်ကယ်နှင့် သုံးဘီးမော်တော်ဆိုင်ကယ်မောင်းဆီများအား ဒေသန္တရပေါက်ဈေးထက် သက်သာသောဈေးနှုန်းဖြင့် ဖြန့်ဖြူးရောင်းချပေးသွားမည်ဖြစ်ပြီး ရောင်းချပေးမည့် ဓာတ်ဆီ၏ အောက်တိန်းနံပါတ်မှာ (RON-68) ရှိ”**



## အကြမ်းဖက်မှုပပျောက်ရေးအတွက် ပြည်သူသို့ အသိပေးနှိုးဆော်ချက်

၁။ ပြည်သူအတွက်ဟု သုံးနှုန်း၍ ရဟန်းသံဃာများ၊ ဆရာ၊ ဆရာမများ အပါအဝင် နိုင်ငံ့ဝန်ထမ်းများနှင့် ပြည်သူကိုသတ်ဖြတ်၊ လုယက်ခြင်းကို CRPH ၊ NUG၊ PDF အမည်ခံ အကြမ်းဖက်အုပ်စုများက ဥပဒေမဲ့ကျူးလွန်နေသည်။

၂။ မြိမ်းခြောက်၊ လူသတ်၊ အဖျက်အမှောင့်လုပ်ရပ်များ လုပ်ဆောင်နေသည့် CRPH ၊ NUG ၊ PDF အကြမ်းဖက်သမားများကို အားပေးမှု၊ ထောက်ခံမှု၊ ကူညီထောက်ပံ့မှု မပြုခြင်းသည် ပြည်သူလူထု၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

၃။ ယင်းတို့၏ လက်နက်/ခဲယမ်း ကိုင်တွယ်သယ်ဆောင်မှုနှင့် အကြမ်းဖက်သမားတို့၏သတင်းကို လျှို့ဝှက်ပေးပို့ခြင်းသည် အပြစ်မဲ့ပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ်ကို ကာကွယ်ပေးခြင်းဖြစ်သည်။

## ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ တောင်သူများအတွက် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ ချီးမြှင့်ပေးအပ်ပွဲ ကျင်းပ

**ပဲခူး ဇန်နဝါရီ ၂**

ပဲခူးမြို့ မြို့တော်ခန်းမ၌ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ တောင်သူများအတွက် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ (Drum Seeder) ချီးမြှင့်ပေးအပ်ပွဲ ကျင်းပရာ ပဲခူးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးဆွေဝင်း တက်ရောက်ချီးမြှင့်သည်။

ဦးစွာ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ပဲခူးတိုင်းဒေသကြီးအတွင်း စပါးသီးနှံအပါအဝင် လယ်ယာကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးအတွက် မြေဧရိယာတိုးချဲ့ခြင်းထက် တစ်ဧကအထွက်နှုန်းတိုးတက်ရေး၊ သီးထပ်စွမ်းအားနှင့် သီးနှံစိုက်စွမ်းအား တိုးတက်ရေးတို့ကို နည်းလမ်းပေါင်းစုံဖြင့် ကြိုးပမ်းဆောင်ရွက်လျက်ရှိကြောင်း၊ စိုက်ပျိုးသီးနှံအလိုက် "မျိုး၊ မြေ၊ ရေ၊ နည်း" ပြောင်းလဲဆောင်ရွက်ပေးနိုင်ခဲ့မှုကြောင့် အဓိကသီးနှံ(၁၀)မျိုးတွင် သီးနှံခုနစ်မျိုး ပန်းတိုင်အထွက်နှုန်း ကျော်လွန်ရရှိနိုင်ခဲ့ပြီဖြစ်ကာ မိုးစပါးရေတော်မိုးတော်ဧက ၁၄ သိန်း လေးသောင်းကျော်လည်း ပန်းတိုင်အထွက်နှုန်းရရှိနိုင်ခဲ့ကြောင်း၊ ရေမြေဒေသအလိုက် ပန်းတိုင်အထွက်နှုန်း ရရှိရေးအတွက် မျိုးကောင်းမျိုးသန့်များ သုံးစွဲသွားရမည်ဖြစ်သလို ပျိုးထောင်စိုက်ပျိုးခြင်း၊ မျိုးစေ့ချကိရိယာဖြင့် စိုက်ပျိုးခြင်းနှင့် လက်ဆွဲကောက်စိုက်စက်ဖြင့် စိုက်ပျိုးခြင်းများကို အထူးအလေးထား ဆောင်ရွက်သွားရမည်ဖြစ်ကြောင်းနှင့် ယခုအခါ ပဲခူးတိုင်းဒေသကြီး(အရှေ့ခြမ်း)ရှိ ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင် မြို့နယ်များအတွက် စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ (Drum Seeder) ၅၁၀ ကို ဖြန့်ဝေပေးသွားမည်ဖြစ်ကြောင်း ပြောကြားသည်။

ထို့နောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင် စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌများအား စပါးတိုက်ရိုက်မျိုးစေ့ချ ကိရိယာ (Drum Seeder) များကို လည်းကောင်း၊ တိုင်းဒေသကြီး လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး အောင်သောင်းထိုက်နှင့် တိုင်းဒေသကြီး စီးပွားရေးရာဝန်ကြီး ဦးတင်ဦးက မြို့နယ်အလိုက် တောင်သူများအား စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ (Drum Seeder) များကို လည်းကောင်း ချီးမြှင့်ပေးအပ်သည်။

ယင်းနောက် တိုင်းဒေသကြီး စိုက်ပျိုးရေးဦးစီးမှူးက တိုင်းဒေသကြီးအတွင်း မျိုး၊ မြေ၊ ရေ၊ နည်း ပြောင်းလဲစိုက်ပျိုးခြင်းကြောင့် စိုက်ပျိုးရေးကဏ္ဍ ပိုမို တိုးတက်စိုက်ပျိုးထုတ်လုပ်နိုင်ခဲ့မှုအပေါ် Power Point ဖြင့် ရှင်းလင်းတင်ပြခဲ့သည်။ ၎င်းနောက် ပဲခူးခရိုင်၊ ညောင်လေးပင်ခရိုင်နှင့် တောင်ငူခရိုင်တို့၏ ကိုယ်စားပြုတောင်သူများက တိုင်းဒေသကြီးအစိုးရအဖွဲ့၏ ဦးဆောင်မှုအပေါ် လိုက်နာဆောင်ရွက်ခဲ့ခြင်းကြောင့် စိုက်ပျိုးသီးနှံအလိုက် ပန်းတိုင်အထွက်နှုန်း တိုးတက်ရရှိခဲ့မှုအပေါ် ၎င်းတို့၏ အတွေ့အကြုံများကို ရှင်းလင်းပြောကြားသည်။



ဆက်လက်၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများက စပါးတိုက်ရိုက်မျိုးစေ့ချကိရိယာ (Drum Seeder) များ၊ တောင်သူများအတွက် ပဲခူးတိုင်းဒေသကြီးမှ အသစ်ထပ်မံထုတ်လုပ်ထားသည့် လူလိုက်ပါစီးနင်းနိုင်သည့် ကောက်စိုက်စက်၊ ဆေးဖျန်းစက်၊ ဘက်စုံသုံး အစေ့ချစက်၊ သွင်းအားစုများ၊ ပန်းတိုင်အထွက်နှုန်းရရှိသည့် မျိုးကောင်းမျိုးသန့်များနှင့် သဘာဝရေစီးအားသုံး ရေတင်ဒလက်(Water Wheel) Video Click တို့ကို ကြည့်ရှုအားပေးပြီး တက်ရောက်လာသည့်ခရိုင်သုံးခုမှ တောင်သူများအား အသုံးပြုပုံနှင့် အကျိုးကျေးဇူးများကို ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

## ရှမ်းပြည်နယ်ဝန်ကြီးချုပ် ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသရှိ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်

**ကျိုင်းတုံ ဇန်နဝါရီ ၂**

ရှမ်းပြည်နယ် ဝန်ကြီးချုပ် ဦးအောင်အောင်၊ တြိဂံဒေသတိုင်းစစ်ဌာနချုပ် တိုင်းမှူးဗိုလ်မှူးချုပ် စိုးလှိုင်၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ်ဥပဒေချုပ်၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၁ ရက်က ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသရှိ စတုရဋ္ဌာသုမင်္ဂလာ စေတီတော်အား ဖူးမြော်ကြည်ညို၍ ပန်း၊ ဆီမီးဆက်ကပ် လှူဒါန်းပေးပြီး ဘုရားအတွက် ဘက်စုံမွမ်းမံပြုပြင်နိုင်ရန် အလှူတော်ငွေများကို စတုရဋ္ဌာသုမင်္ဂလာ စေတီတော်ရှိ ကျောင်းထိုင်ဆရာတော်ထံ ဆက်ကပ်လှူဒါန်းသည်။



ထို့နောက် နယ်စပ်ရေးရာဝန်ကြီးဌာန နယ်စပ်ဒေသနှင့် တိုင်းရင်းသားလူမျိုးများ ဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ဆောင်ရွက်လျက်ရှိသော ရှမ်းပြည်နယ်(အရှေ့ပိုင်း) လွိုင်မွေမြို့ လွိုင်မွေကန် တံတားတည်ဆောက်ရေးစီမံကိန်းကိုသွားရောက်ကြည့်ရှုစစ်ဆေးရာ တာဝန်ရှိသူတစ်ဦးက တံတားနှင့် ပတ်သက်၍ ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ ဖြည့်စွက်မှာကြား၍ တံတားကို လှည့်လည်ကြည့်ရှုစစ်ဆေးသည်။

၎င်းနောက် ရှမ်းပြည်နယ်(အရှေ့ပိုင်း) ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန ကျိုင်းတုံမြို့နယ် လွိုင်မွေဒေသ ကျေးရွာလေးရွာ ရေရရှိရေးလုပ်ငန်းဆောင်ရွက်နေမှု၊ ပန်ကွဲမှ လွိုင်မွေလမ်းအပိုင်း (၂) အား ကွန်ကရစ်ခင်းရန် ဆောင်ရွက်နေမှု၊ ၂၀၂၄ ခုနှစ် မိုးရာသီ ကျိုင်းတုံ-လွိုင်မွေအတက်လမ်း လွိုင်မွေကန်ပတ်လည်နှင့် ၂၁ မိုင်အဆင်းလမ်း လမ်းဘေးဝဲ၊ ယာ ချယ်ရီပင်စိုက်ပျိုးခဲ့မှု၊ တစ်အုပ်တစ်မစိမ်းလန်းစိုပြည်ရေး စိုက်ကွက် ချယ်ရီပင် ၁၇၀ စိုက်ပျိုးထားမှုနှင့် မြန်မာ့ဆက်သွယ်ရေး လုပ်ငန်း လွိုင်မွေစာတိုက်ကို သွားရောက်ကြည့်ရှုစစ်ဆေး၍ တာဝန်ရှိသူများအား လိုအပ်သည်များ ဖြည့်စွက်မှာကြားသည်။

ယင်းနောက် ပြည်နယ်ဝန်ကြီးချုပ်နှင့်အဖွဲ့သည် ကျိုင်းတုံ-လွိုင်မွေလမ်း အဆင့်မြှင့်တင်ခြင်းလုပ်ငန်း ဆောင်ရွက်နေမှုအား သွားရောက် ကြည့်ရှုစစ်ဆေးပြီး ရှမ်းပြည်နယ် (အရှေ့ပိုင်း) လမ်းဦးစီးဌာန ညွှန်ကြားရေးမှူး ဦးရဲလင်းက လမ်းနှင့်ပတ်သက်၍ ရှင်းလင်းတင်ပြရာ ပြည်နယ်ဝန်ကြီးချုပ်က လိုအပ်သည်များ မှာကြားသည်။

ထိုမှတစ်ဆင့် ကျိုင်းတုံမြို့နယ် ယန်းကျိန်ကျေးရွာအုပ်စု တာခွယ်ကျေးရွာ ပရဟိတစာကြည့်တိုက် အဆောက်အအုံသစ်ဖွင့်ပွဲ အခမ်းအနားကို တက်ရောက်၍ စာကြည့်တိုက်အဆောက်အအုံသစ်အားပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လုံခြုံရေးနှင့်နယ်စပ်ရေးရာဝန်ကြီး ဗိုလ်မှူးကြီး စိန်ဝင်း၊ ပြည်နယ်အစိုးရ အုပ်ချုပ်ရေးအဖွဲ့ခွဲ(ရှမ်းအရှေ့) ဥက္ကဋ္ဌ ဦးဇော်လွင်ဦးတို့က ဖဲကြိုးဖြတ်ဖွင့်လှစ်ပေးကြသည်။

၎င်းနောက် ပြည်နယ်ဝန်ကြီးချုပ်က အမှာစကားပြောကြားပြီး စာကြည့်တိုက် အဆောက်အအုံသစ်မှတ်တမ်းနှင့် ဂုဏ်ပြုမှတ်တမ်းလွှာများကို ပေးအပ်ရာ မြို့နယ် စာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေး ကြီးကြပ်မှုကော်မတီဥက္ကဋ္ဌနှင့် အလှူရှင်များက လက်ခံယူကြ၍ အလှူရှင်များက စာကြည့်တိုက်အတွက် အလှူငွေနှင့် စာအုပ်စာစောင်များ ပေးအပ်လှူဒါန်းကာ ကျေးရွာစာကြည့်တိုက်များ ဖွံ့ဖြိုးတိုးတက်ရေးကြီးကြပ်မှုကော်မတီဥက္ကဋ္ဌက လက်ခံယူသည်။

ထိုမှတစ်ဆင့် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ကျိုင်းတုံမြို့ ကျိုင်းလိတ်ရွာ နောင်ကုန်အုပ်စု၌ အရှေ့မဲခေါင် ဝက်မွေးမြူရေးခြံသို့ သွားရောက်ကြည့်ရှုစစ်ဆေးရာ ခြံပိုင်ရှင်က ရှင်းလင်းပြီး ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အသားတိုးဝက်ခြံများအား လှည့်လည်ကြည့်ရှုကာ ရှမ်းပြည်နယ်အစိုးရအဖွဲ့က ဝက်အားတိုးဆေးများကို ပြည်နယ်ဝန်ကြီးချုပ်က ပေးအပ်ရာ ခြံပိုင်ရှင်မှ လက်ခံရယူသည်။ အဆိုပါ အရှေ့မဲခေါင် ဝက်မွေးမြူရေးခြံတွင် လက်ရှိစတင် မွေးမြူသည့် ကောင်ရေ ၁၂၀၀၊ ထပ်မံရောက်ရှိ ကောင်ရေ ၈၀၀၊ အသားတိုးဝက်အဖြစ် မွေးမြူကာလ လေးလနှင့် ကျိုင်းတုံ၊ မိုင်းခတ်၊ မိုင်းယန်းမြို့ နယ်များသို့ ဖြန့်ဖြူးပေးလျက်ရှိသည်။

**မောင်မောင်သန်း(တောင်ကြီး)**

# စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် မုံရွာမြို့ ဒေသဖွံ့ဖြိုးရေးလုပ်ငန်းများ ဆောင်ရွက်နေမှုကြည့်ရှုစစ်ဆေး



**မုံရွာ ဇန်နဝါရီ ၂**

စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြတ်ကျော်သည် တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များ၊ တိုင်းဒေသကြီး/ ခရိုင်/ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ မုံရွာခရိုင်/ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌများ၊ တာဝန်ရှိသူများနှင့်အတူ ဇန်နဝါရီ ၂ ရက် နံနက်ပိုင်းက တိုင်းဒေသကြီး မြို့ပြနှင့်အိမ်ရာဦးစီးဌာန နန္ဒဝန်ဝန်ထမ်းအိမ်ရာ၌ နေထိုင်သည့် အရာထမ်း/ အမှုထမ်းများနှင့် မိသားစုဝင်များ စားသောက်ရေးအတွက် အဆင်ပြေစွာဝယ်ယူနိုင်စေရန် ဝန်ထမ်းအိမ်ရာဝင်းအတွင်း ဈေးဆိုင်ခန်းပေါင်း ၂၀ ပါဝင်မည့် သံဖရိမ်ဈေးရုံ အလျားပေ ၆၀၊ အနံပေ ၄၀ တည်ဆောက်မည့်မြေနေရာကို ကြည့်ရှုစစ်ဆေးသည်။

ဦးစွာ တိုင်းဒေသကြီး စည်ပင်သာယာရေးအဖွဲ့ ညွှန်ကြားရေးမှူး ဦးသစ်ထူးမြင့်က သံဖရိမ်ဈေးရုံတည်ဆောက်သွားမည့် လုပ်ငန်းအခြေအနေများကို ရှင်းလင်းတင်ပြရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က တည်ဆောက်ရေးလုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ်ဆောင်ရွက်ပေးသည်။

ဆက်လက်၍ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် အဆိုပါ ဝန်ထမ်းအိမ်ရာဝင်းအတွင်းရှိ အလျား ပေ ၁၃၀၊ အနံ ပေ ၉၀ ဖူဆယ်ဘောလုံးကွင်း ဆောင်ရွက်မည့် မြေနေရာသို့ရောက်ရှိရာ တိုင်းဒေသကြီးမြို့ပြနှင့် အိမ်ရာဦးစီးဌာနမှ ညွှန်ကြားရေးမှူးက လုပ်ငန်းများဆောင်ရွက်သွားမည့် အခြေအနေများကို ရှင်းလင်းတင်ပြသည်။ ယင်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်က ဆောင်ရွက်သွားမည့်လုပ်ငန်းများနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြချက်များအပေါ် လိုအပ်သည်များကို တာဝန်ရှိသူများနှင့် ဖြည့်ဆည်းပေါင်းစပ် ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# (၇၇)နှစ်မြောက်လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ လေးခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာသစ်ဖွင့်

**ဘားအံ ဇန်နဝါရီ ၂**

ကရင်ပြည်နယ် ဖွံ့ဖြိုးတိုးတက်ရေးအတွက် အားသွန်ခွန်စိုက်ကြိုးပမ်း ဆောင်ရွက်လျက်ရှိရာတွင် အရေးကြီးသည့် အခန်းကဏ္ဍတွင်ပါဝင်နေသော ဝန်ထမ်းများ၏ နေထိုင်မှုဘဝ အဆင်ပြေစေရန် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကိုကြိုဆိုဂုဏ်ပြုသောအားဖြင့် လေးခန်းတွဲငါးထပ်ဝန်ထမ်းအိမ်ရာဖွင့်ပွဲကို ဇန်နဝါရီ ၂ ရက်က ဘားအံမြို့ လှာကမြင်ကွက်သစ်ရှိ အမှတ်(၂) လှာကမြင်ဝန်ထမ်းအိမ်ရာစခန်း၌ ကျင်းပသည်။



အဆိုပါ ဝန်ထမ်းအိမ်ရာကို ပြည်နယ်မြို့ပြနှင့် အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန၏ ၂၀၂၄ - ၂၀၂၅ ဘဏ္ဍာနှစ် ပြည်နယ်ငွေလုံးငွေရင်းရန်ပုံငွေကျပ် ၉၅၂ ဒသမ ၈ သန်းကျော်ဖြင့် တင်ဒါအောင်မြင်သော ကုမ္ပဏီမှ တာဝန်ယူတည်ဆောက်ပေးခြင်းဖြစ်ပြီး ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးက ဝန်ထမ်းအိမ်ရာများတွင် နေထိုင်ကြမည့် ဝန်ထမ်းများသည် မိမိတို့ နေထိုင်သည့် အိမ်ရာကို မိမိတို့၏ ကိုယ်ပိုင်အိမ်များကဲ့သို့ ထိန်းသိမ်းစောင့်ရှောက်၍ အိမ်ငှားစည်းကမ်းချက်များနှင့် အညီ အိမ်ရာသန့်ရှင်းသာယာလှပရေး၊ စိမ်းလန်းစိုပြည်ရေးနှင့် လုံခြုံရေးအတွက်လည်း ပူးပေါင်းပါဝင်ဆောင်ရွက်ကြစေလိုကာ မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန အနေဖြင့်လည်း သတ်မှတ်စည်းကမ်းချက်များနှင့်အညီ အိမ်ရာများကို ထိန်းသိမ်းစောင့်ရှောက်ကြပ်မတ်ဆောင်ရွက်ပေးစေ လိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များနှင့် တာဝန်ရှိသူများက လေးခန်းတွဲ ငါးထပ် ဝန်ထမ်းအိမ်ရာအဆောက်အအုံကို ဖဲကြိုးဖြတ် ဖွင့်လှစ်ပေးပြီး **(အောက်ဝဲပုံ)** ဝန်ထမ်းအိမ်ရာ အဆောက်အအုံအား လှည့်လည်ကြည့်ရှုစစ်ဆေးကြသည်။

ဆက်လက်၍ ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းက ကျင်းပသည့် ဖိတ်ခေါ်စာပေဟောပြောပွဲကို နံနက် ၉ နာရီက ဘားအံမြို့ ဖွဲ့ကပင်ခန်းမ၌ ကျင်းပရာ ပြည်နယ်ဝန်ကြီးချုပ်က လူငယ်မောင်မယ်များအနေဖြင့် စာကောင်းစာမွန်များ ဖတ်ရှုလေ့လာခြင်းဖြင့် အမှား/ အမှန် ခွဲခြားသိမြင်သည့် ပညာ၊ ကိုယ့်ပတ်ဝန်းကျင်ဒေသ၏ အခြေအနေမှန်ကို မှန်မှန်ကန်ကန် တွေးခေါ် မြော်မြင်နိုင်သည့် စွမ်းရည်များ ရရှိအောင် ကြိုးပမ်းကြစေလိုကြောင်း၊ စာပေအနုပညာစွမ်းအားဖြင့် အသိပညာ ဗဟုသုတကြွယ်ဝပြီး မှန်ကန်သည့်အတွေးအခေါ် အယူအဆများနှင့် နိုင်ငံတည်ဆောက်ရေးလုပ်ငန်းများတွင် ပူးပေါင်းပါဝင်ဆောင်ရွက်ပေးကြစေလိုကြောင်း ပြောကြားသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်က စာပေဟောပြောပွဲအတွက် ငွေကျပ် ၄၅ သိန်းကို ဗမာစာပေနှင့်ယဉ်ကျေးမှုအသင်းထံ ချီးမြှင့်ပေးအပ်ပြီး ဗမာစာပေနှင့် ယဉ်ကျေးမှုအသင်းမှ ရတနာပုံသီချင်းအား စောင်းဖြင့် တီးခတ်ဖျော်ဖြေကာ အပေါင်းလက္ခဏာရဲ့ အလှပန်းချီ တေးသရုပ်ဖော်ဖြင့် ကပြဖျော်ဖြေကြသည်။

ယင်းနောက် အမျိုးသားစာပေဆုရှင် မင်းလပြည့်(ဟားခါး)က ဘဝကို ဘယ်လိုမောင်းနှင်မလဲ ခေါင်းစဉ်ဖြင့် စာပေဟောပြောရာ ပြည်နယ်ဥပဒေချုပ်က ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်ပြီး ယဉ်ကျေးမှုအဖွဲ့များမှ စလေဦးပုည၏ ရေသည်ပြဇာတ်ဖြင့် တင်ဆက်ကပြခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

# ရခိုင်ပြည်နယ်ဝန်ကြီးချုပ် (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကျင်းပနေမှု ကြည့်ရှုအားပေး



**စစ်တွေ ဇန်နဝါရီ ၂**

(၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် အားကစားပြိုင်ပွဲများကို ယနေ့နံနက်ပိုင်းက စစ်တွေမြို့ ဓညဝတီအားကစားကွင်းနှင့် အားကစားခန်းမတို့၌ ကျင်းပလျက်ရှိရာ ရခိုင်ပြည်နယ်ဝန်ကြီးချုပ် ဦးထိန်လင်းနှင့်ဇနီး၊ ပြည်နယ် အမျိုးသမီးရေးရာအဖွဲ့နာယက ဒေါ်ဆွေဆွေမြတ်၊ ပြည်နယ် တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အစိုးရအဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများ၊ အားကစားသမားများနှင့် အားကစားဝါသနာရှင်များ တက်ရောက်ကြည့်ရှုအားပေးကြသည်။

ဦးစွာ ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ အမျိုးသား အမျိုးသမီးလွန်ဆွဲဗိုလ်လုပွဲအဖြစ် ယှဉ်ပြိုင်နေမှုကို ကြည့်ရှုအားပေးသည်။ **(ယာပုံ)** လွန်ဆွဲပွဲတွင် အမျိုးသားအသင်း ၁၀ သင်း၊ အမျိုးသမီးအသင်း ရှစ်သင်း ဝင်ရောက်ယှဉ်ပြိုင်ကြရာ အမျိုးသား လွန်ဆွဲပွဲတွင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနအသင်းကလည်းကောင်း၊ အမျိုးသမီး လွန်ဆွဲပွဲတွင် အားကစားနှင့်ကာယပညာဦးစီးဌာနအသင်းကလည်းကောင်း အနိုင်ရရှိသွားကြောင်း သိရသည်။

ထို့နောက် ပြည်နယ်ဝန်ကြီးချုပ်နှင့် တာဝန်ရှိသူများသည် ဓညဝတီအားကစားခန်းမ၌ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲ ဗိုလ်လုပွဲကျင်းပနေမှုကို သွားရောက်ကြည့်ရှုအားပေးသည်။ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲသို့ ပြိုင်ပွဲဝင်အသင်း ၁၈ သင်း ဝင်ရောက်ယှဉ်ပြိုင်ကြသည်။

(၇၇)မြောက် လွတ်လပ်ရေးနေ့အထိမ်းအမှတ် အားကစားပြိုင်ပွဲများနှင့် ပျော်ပွဲရှင်ပွဲများကို ဒီဇင်ဘာ ၂၉ ရက်မှ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၂ ရက်တို့တွင် စစ်တွေမြို့ ဓညဝတီအားကစားကွင်း၌ မီတာ ၁၀၀၊ မီတာ ၂၀၀၊ မီတာ ၄၀၀ အပြေးပြိုင်ပွဲများ၊ အမျိုးသား၊ အမျိုးသမီး လွန်ဆွဲပွဲများ၊ ဓညဝတီအားကစားခန်းမ၌ အမျိုးသားပိုက်ကျော်ခြင်းပြိုင်ပွဲနှင့် ဖူဆယ်အားကစားကွင်းတို့တွင် ဖူဆယ်ဘောလုံးပြိုင်ပွဲများကို ကျင်းပခဲ့ကြောင်း သိရသည်။

**တင်ထွန်း(ပြန်/ဆက်)**

❏ **မိမိပိုင် နိုင်ငံသားစိစစ်ရေးကတ်၊** Mobile SIM Card၊ Mobile Payment Account၊ Bank Account **များအား မသက်ဆိုင်သူထံသို့ အခကြေးငွေဖြင့် ရောင်းချခြင်း၊ ငှားရမ်းအသုံးပြုစေခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။**

# သောက်သုံးရေအကျပ်အတည်း ကြုံတွေ့နေတဲ့ ဆူဒန်နိုင်ငံရဲ့ ကမ်းရိုးတန်းမြို့ကလေး

နှင်းမိုးအိမ်

ဆူဒန်နိုင်ငံအရှေ့ပိုင်း ပင်လယ်နီပြည်နယ်မှာရှိတဲ့ ပေါ့ဆူဒန်မြို့မှာ ဩဂုတ်လအတွင်းက အာဘတ် ဆည်ကျိုးမှုနဲ့ ရင်ဆိုင်ခဲ့ရတာရယ်၊ လက်ရှိဖြစ်ပွားနေတဲ့ စစ်ပွဲကနေ ထွက်ပြေးလာတဲ့ ဒုက္ခသည်တွေ အလုံးလိုက်အရင်းလိုက် ဝင်ရောက်လာတာတွေကြောင့် သောက်သုံးရေအခက်အခဲနဲ့ကြုံတွေ့နေရပါတယ်။ ကမ်းရိုးတန်းမြို့ဖြစ်တဲ့ ပေါ့ဆူဒန်မြို့မှာ တိရစ္ဆာန်ဆွဲတဲ့လှည်းတွေနဲ့ သောက်သုံးရေတွေတင်ဆောင်ပြီး သွားလာနေကြတာကို တွေ့မြင်နေရပါတယ်။

**စိန်ခေါ်မှုနဲ့ရင်ဆိုင်နေရ**

စီးပွားရေးလုပ်ငန်းတွေနဲ့ အိမ်ထောင်စုတွေကို တစ်အိမ်ထောင်လျှင် ရေအကန့်အသတ်နဲ့ ပေးဝေနေတာကိုတွေ့မြင်ရပါတယ်။ အာဘတ်ဆည်ဟာ ပေ့ါဆူဒန်မြို့ကို အဓိကသောက်သုံးရေပေးဝေနေတဲ့ အရင်းအမြစ်ဖြစ်ပြီး အဲဒီဆည်ကျိုးပေါက်သွားတဲ့အတွက် ရေတန်ဖိုးဟာလည်း နှစ်ဆကျော်တက်သွားပါတယ်။ ရေ ၂၀ လီတာကို အမေရိကန်ဒေါ်လာ ၁၀ ခန့် ကျသင့်တယ်လို့ ဒေသခံရေပေးဝေရေးတစ်ဦးဖြစ်တဲ့ မူစတာဖာဟာမက်ကပြောပါတယ်။ ရေပေးဝေရေးအတွက် လိုလားချက်တွေမြင့်မားနေတဲ့အချိန် လုပ်ငန်းရှင်တွေကိုယ်တိုင် ရေရရှိရေးအတွက် စိန်ခေါ်မှုတွေနဲ့ ရင်ဆိုင်နေရပါတယ်။



ရေစည်လှည်းများဖြင့် ရေသယ်ယူနေသည်ကို တွေ့ရစဉ်။


**လိုအပ်ချက်တွေရှိနေဆဲ**

တစ်ခါတလေ ရေမရဘဲ လက်ဗလာနဲ့ပြန်ခဲ့ရတဲ့နေ့တွေရှိသလို အဲဒီလိုနေ့တွေမှာဝယ်သူတွေရဲ့ယုံကြည်မှုရရှိဖို့ ခက်ခဲတယ်လို့ သူကဆက်ပြောပါတယ်။ ရေမပါဘူးဆိုတာ ဝယ်သူတွေသိဖို့ ရေစည်ကိုဖွင့်ပြရတဲ့အချိန်တွေတောင်ရှိတယ်လို့ သူကဆင်ဟွာကို ဆက်ပြောပါတယ်။ ပင်လယ်ရေကို ရေချိုဖြစ်အောင်ပြုလုပ်တဲ့ စက်ရုံတွေကြောင့် အနည်းငယ်သက်သာရပေမယ့် မြို့ခံပြည်သူတွေ နေ့စဉ်လုံလောက်တဲ့ သောက်သုံးရေရရှိဖို့အတွက်ကတော့ လိုအပ်ချက်တွေရှိနေတုန်းပါပဲ။

**ကျန်းမာရေးပြဿနာဖြစ်ပေါ်**

စက်ရုံလုပ်ငန်းရှင်တွေအတွက်လည်း ရေချိုထုတ်လုပ်မှုစရိတ်စကကြီးမြင့်မှုတွေနဲ့ ကြုံတွေ့နေရပါတယ်။ ရေသန့်စင်အောင်လုပ်ဖို့အတွက် စရိတ်စကကြီးမြင့်နေပါတယ်။ လျှပ်စစ်မီးမရရှိတာကြောင့် မီးစက်တွေအပေါ်မှာသာ ထုတ်လုပ်မှုအတွက် မှီခိုနေရပြီး ကုန်ကျစရိတ် ပိုမိုကြီးမားနေတယ်လို့ မြို့အနောက်ဘက်ရပ်ကွက်မှာရှိတဲ့ ရေသန့်စက်ရုံပိုင်ရှင် မို့ဇ်ယူဆက်ဖ်က ပြောပါတယ်။

- ❑ **အာဘတ်ဆည်ဟာ ပေ့ါဆူဒန်မြို့ကို အဓိကသောက်သုံးရေပေးဝေနေတဲ့ အရင်းအမြစ်ဖြစ်ပြီး အဲဒီဆည်ကျိုးပေါက်သွားတဲ့အတွက် ရေတန်ဖိုးဟာလည်း နှစ်ဆကျော်တက်သွားပါတယ်။ ရေ ၂၀ လီတာကို အမေရိကန်ဒေါ်လာ ၁၀ ခန့် ကျသင့်**
- ❑ **ပေ့ါဆူဒန်မြို့မှာ ကြုံတွေ့နေရတာကတော့ ရေအခက်အခဲတစ်ခုထဲတင် မကပါဘူး။ ထောက်ပံ့ရေးကွင်းဆက်တွေ ပြတ်တောက်တဲ့အတွက် စီးပွားရေးအပေါ် သက်ရောက်မှုတွေ ကြီးမားခဲ့ပါတယ်။ သောက်သုံးရေရရှိရေးဟာ အဓိကပြဿနာဖြစ်ပြီး ဆည်ကျိုးမှုပြဿနာဟာ လက်ရှိရေပြတ်လပ်မှုကို ပိုပြီးဆိုးရွားစေခဲ့ပါတယ်။ သောက်သုံးရေရှားပါးမှုဒဏ်ကို နှစ်ဆတိုးခံရ**





ဆည်ကျိုးမှုကြောင့် ပျက်စီးသွားသည့် တံတားတစ်စင်းကိုတွေ့ရစဉ်။

ဒီလိုမျိုးအကျပ်အတည်းတွေကြောင့် ဒေသခံအချို့ကို ဆားငန်ရေနဲ့ ညစ်ညမ်းတဲ့ရေတွေအသုံးပြုဖို့ တွန်းအားပေးသလိုဖြစ်ခဲ့ရပြီး ကျန်းမာရေးပြဿနာတွေ ဖြစ်ပေါ်စေခဲ့ပါတယ်။

**ပိုမိုဆိုးရွားစေခဲ့**

ဒီကိုမရောက်ခင်တုန်းက ကျောက်ကပ်ရောဂါမရှိခဲ့ဘူးလို့ အယ်-ဆီကာ ဟာဒီဒုက္ခသည်စခန်းမှ အဝါတစ်အစ္စမေးလ်က ပြောပါတယ်။ သောက်သုံးရန် မသင့်တော်တဲ့ ရေတွေကိုသောက်မိတာကြောင့် သူ့ရဲ့ကျန်းမာရေးနဲ့ ကလေး လေးယောက်ရဲ့ ကျန်းမာရေးကို ဆိုးရွားစွာထိခိုက်စေတယ်လို့ သူကဆက်ပြောပါတယ်။ အခုဆိုရင် ပင်လယ်ဆိပ်ကမ်းမြို့ဖြစ်တဲ့ ပေ့ါဆူဒန်မြို့မှာ နေရပ်စွန့်ခွာပြည်သူ ၃၂၁၀၀၀ နီးပါး ဝင်ရောက်နေထိုင်နေကြတဲ့အတွက် မြို့တော်ရဲ့ ရေပြတ်လပ်မှုကို ပိုပြီးဆိုးရွားစေခဲ့ပါတယ်။

**ဖိအားတွေကြီးထွားလာ**

ရေပေးဝေရေးကော်ပိုရေးရှင်း ညွှန်ကြားရေးမှူး အိုမာအီဆာတာဟီရာရဲ့ ပြောကြားချက်အရ မြို့တော်မှာ နေ့စဉ် ရေ ၅၀၀၀၀ ကုဗမီတာ ပြတ်လပ်မှုနဲ့ကြုံတွေနေရတယ်လို့ သိရပါတယ်။ ဆည်ကျိုးသွားခြင်းရဲ့အကျိုးဆက်ဟာ ဘယ်လောက်အထိ သက်ရောက်မှုရှိတယ်ဆိုတာကို ပြောနေစရာတောင်မလိုပါဘူး။ မြို့ထဲကို နေရပ်စွန့်ခွာပြည်သူတွေအလုံးအရင်းနဲ့ ဝင်ရောက်လာတဲ့အခါမှာတော့ ကဏ္ဍအားလုံးအပေါ် ဖိအားတွေကြီးထွားလာတယ်လို့ တာဟီရာက ဆင်ဟွာကိုပြောပါတယ်။ ၂၀၂၃ မေလကစလို့ ဆူဒန်နိုင်ငံမြို့တော် ခါတွန်ရဲ့ အရှေ့ဘက် ကီလိုမီတာ ၈၀၀ အကွာမှာရှိတဲ့ ပေ့ါဆူဒန်မြို့ဟာ အစိုးရ၊ နိုင်ငံတကာအဖွဲ့အစည်းတွေရဲ့ ဌာနချုပ်နဲ့ သံတမန်လုပ်ငန်းတွေ လုပ်ဆောင်ရာမြို့တော်ဖြစ်လာခဲ့ပါတယ်။

**နှစ်ဆတိုးခံရ**

ပေ့ါဆူဒန်မြို့မှာ ကြုံတွေ့နေရတာကတော့ ရေအခက်အခဲတစ်ခုထဲတင်မကပါဘူး။ ထောက်ပံ့ရေးကွင်းဆက်တွေ ပြတ်တောက်တဲ့အတွက် စီးပွားရေးအပေါ် သက်ရောက်မှုတွေ ကြီးမားခဲ့ပါတယ်။ သောက်သုံးရေရရှိရေးဟာ အဓိကပြဿနာဖြစ်ပြီး ဆည်ကျိုးမှုပြဿနာဟာ လက်ရှိရေပြတ်လပ်မှုကို ပိုပြီးဆိုးရွားစေခဲ့ပါတယ်။ သောက်သုံးရေ ရှားပါးမှုဒဏ်ကို နှစ်ဆတိုးခံရတယ်လို့ ဒေသခံလူမျိုးစုခေါင်းဆောင်တစ်ဦးဖြစ်တဲ့ မိုဟာမက်အက်စ်ဝဒ်က ပြောပါတယ်။

**မှီခိုနေရ**

လိုအပ်ချက်ပြည့်မီအောင် ရုန်းကန်နေရတဲ့ ဒေသခံတွေဟာ ပင်လယ်ရေငန်ကို သောက်သုံးရေအဖြစ်ပြန်ချက်တဲ့ စက်ရုံတွေအပေါ် လုံးဝမှီခိုနေရပါတယ်။ ပေ့ါဆူဒန်မြို့ရဲ့ အခြေခံအဆောက်အအုံတွေဟာလည်း ပျက်စီးနေတဲ့ လမ်းတွေနဲ့ဝန်ပိနေတဲ့ သယ်ယူပို့ဆောင်ရေး စနစ်တွေကြားမှာ ဖိအားတွေအောက်ရောက်ရှိနေပါတယ်။ လောင်စာဆီဈေးနဲ့ အပိုပစ္စည်းဈေးတွေ ကြီးမြင့်တာကြောင့် သယ်ယူပို့ဆောင်ရေးစရိတ်ကြီးမြင့်လာတယ်လို့ ဘတ်စ်ကားဒရိုင်ဘာတစ်ဦးဖြစ်တဲ့ အီဘရာဟင်က ပြောပါတယ်။

**ရှာဖွေနေ**

ဒီလိုစိန်ခေါ်မှုအချို့ကိုဖြေရှင်းနိုင်ဖို့ ကြိုးပမ်းဆောင်ရွက်လျက်ရှိပါတယ်။ ပင်လယ်နီပြည်နယ်ရဲ့စက်မှုဝန်ကြီးဖြစ်သူ အာမက်မိုဟာမက် တာဟီရာက အစိုးရဟာ ငွေကုန်ကြေးကျများတဲ့ သွင်းကုန်တွေအပေါ် မှီခိုနေရမှုကိုလျှော့ချဖို့ ရည်ရွယ်ချက်နဲ့ မရှိမဖြစ်လိုအပ်တဲ့ကဏ္ဍတွေမှာ ဒေသဆိုင်ရာစက်ရုံတွေတည်ထောင်ဖို့ မိတ်ဖက်အဖွဲ့အစည်းတွေ ရှာဖွေနေတယ်လို့ပြောပါတယ်။

**အခြေအနေဆိုးရွားလာစေခဲ့**

၂၀၂၃ ခုနှစ် ဧပြီလလယ် ဆူဒန်တပ်ဖွဲ့နဲ့ ဆူဒန်အမြန်ထောက်ပံ့ရေးတပ်ဖွဲ့ (အာအက်စ်အက်ဖ်) တို့ကြား ပဋိပက္ခတွေစတင်ခဲ့ပြီး တိုင်းပြည်ရဲ့ အခြေအနေကိုဆိုးရွားလာစေခဲ့ပါတယ်။ အဲဒီပဋိပက္ခတွေကြောင့် လူ့အသက်ပေါင်း ၂၉၆၈၃ သေဆုံးခဲ့ပြီး ပြည်တွင်း၌ပင်နေရပ်စွန့်ခွာနေထိုင်ရသူ လူပေါင်း ၁၄ သန်းကျော်ရှိလာခဲ့တယ်လို့ အပြည်ပြည်ဆိုင်ရာအဖွဲ့အစည်းတွေရဲ့ ခန့်မှန်းချက်တွေအရ သိရပါတယ်။

**ကိုးကား - ဆင်ဟွာ**

# အမေရိကန်ရွေးကောက်ခံသမ္မတ ထရမ့်ပိုင် ဟိုတယ်ရှေ့၌ တက်စ်လာဆိုက်ဘာကားတစ်စီးပေါက်ကွဲ၊ လူတစ်ဦးသေဆုံး

**လက်စ်ဗီးဂက်စ် ဇန်နဝါရီ ၂**

အမေရိကန်ပြည်ထောင်စုအနောက်ပိုင်း နီဗားဒါးပြည်နယ် လက်စ်ဗီးဂက်စ်ရှိ ရွေးကောက်ခံသမ္မတ ထရမ့်ပိုင် ဟိုတယ်တစ်လုံးအပြင်ဘက်တွင် ဇန်နဝါရီ ၁ ရက် နံနက်ပိုင်းက ကားတစ်စီးပေါက်ကွဲမှုဖြစ်ပွားခဲ့ရာ လူတစ်ဦးသေဆုံးခဲ့ပြီး ခုနစ်ဦးဒဏ်ရာရရှိခဲ့သည်။

ပေါက်ကွဲမှုဖြစ်ပွားခဲ့သော ကားသည် တက်စ်လာကုမ္ပဏီက ထုတ်လုပ်ခဲ့သော ကားဖြစ်သည်။ တက်စ်လာကုမ္ပဏီကို မစ္စတာထရမ့်နှင့် ရင်းနှီးသည့် စီးပွားရေးလုပ်ငန်းရှင် အီလွန်မက်ခ်က အမှုဆောင်အရာရှိချုပ်အဖြစ် တာဝန်ယူဆောင်ရွက်နေကြောင်း သိရသည်။

ထရမ့်ပိုင်နိုင်ငံတကာ ဟိုတယ်အပြင်ဘက်တွင် ဖြစ်ပွားခဲ့သော တက်စ်လာဆိုက်ဘာအမျိုးအစား မော်တော်ယာဉ်ပေါက်ကွဲမှုတွင် ယာဉ်ပေါ်ပါလူတစ်ဦးသေဆုံးခဲ့ကြောင်း ရဲတပ်ဖွဲ့က ပြောကြားခဲ့သည်။

ပေါက်ကွဲမှုသည် မော်တော်ယာဉ်ကြောင့်မဟုတ်ဘဲ မော်တော်ယာဉ်၏ပစ္စည်းထည့်သည့်နေရာတွင်ပါရှိသည့် ပေါက်ကွဲစေသည့်ပစ္စည်း သို့မဟုတ် ဗုံးကြောင့် ပေါက်ကွဲမှုဖြစ်ပွားခဲ့ခြင်းဖြစ်ကြောင်း အီလွန်မက်ခ်က လူမှုမီဒီယာအိက်ခ်စ်တွင် ရေးသားဖော်ပြခဲ့သည်။

အဆိုပါပေါက်ကွဲမှုသည် အကြမ်းဖက်လုပ်ရပ်တစ်ခုဖြစ်နိုင်ပြီး သက်ဆိုင်ရာအာဏာပိုင်များက ပေါက်ကွဲမှုဖြစ်ပွားရသည့်အကြောင်းရင်းကို စုံစမ်းစစ်ဆေးလျက်ရှိကြောင်း အမေရိကန်မီဒီယာများတွင် ဖော်ပြထားသည်။

အင်န်အိတ်ချ်ကေ




## ၂၀၂၄ ခုနှစ်အတွင်း အီဂျစ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ၁၅ ဒသမ ၇ သန်း စံချိန်တင်ဝင်ရောက်

**ကိုင်ရို ဇန်နဝါရီ ၂**

၂၀၂၄ ခုနှစ်အတွင်း အီဂျစ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ၁၅ ဒသမ ၇ သန်း ဝင်ရောက်ခဲ့သည်ဟု အီဂျစ်ဝန်ကြီးချုပ် မိုစတာဖာ မက်ဒ်ဘူလီက ဇန်နဝါရီ ၁ ရက်တွင် ပြောသည်။

ဒေသအတွင်း အဖြစ်အပျက်များကြောင့်သာမဟုတ်လျှင် အီဂျစ်နိုင်ငံသို့ လာရောက်လည်ပတ်သည့် ကမ္ဘာလှည့်ခရီးသွား အရေအတွက်သည် ၁၈ သန်းအထိ ရှိလိမ့်မည်ဟု အီဂျစ်ဝန်ကြီးချုပ်က ကိုင်ရိုမြို့တွင် ပြုလုပ်သည့် သတင်းစာရှင်းလင်းပွဲတွင် ပြောကြားခဲ့သည်။



၂၀၂၅ ခုနှစ်တွင် အီဂျစ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ၁၈ သန်း ဝင်ရောက်မည်ဟု ရည်မှန်းထားရာ ယင်းရည်မှန်းချက်အတိုင်း ဖြစ်လာမည်ဟု မျှော်လင့်ကြောင်း ၎င်းကဆက်ပြောသည်။

ယခုနှစ်အတွင်း ဂရန်းအီဂျစ်ပြတိုက်ကို ဖွင့်လှစ်ရန် မျှော်လင့်ထားသည်။ ၂၀၁၉ ခုနှစ်က အီဂျစ်နိုင်ငံသို့ ကမ္ဘာလှည့်ခရီးသွား ၁၃ သန်းကျော် ဝင်ရောက်ခဲ့ပြီး ၂၀၂၀ ပြည့်နှစ် ကိုဗစ် -၁၉ ကပ်ရောဂါကာလတွင် ခရီးသွားဝင်ရောက်မှု ၃ ဒသမ ၇ သန်းခန့် ကျဆင်းခဲ့သည်။ ၂၀၂၁ ခုနှစ်တွင် ခရီးသွားရှစ်သန်း၊ ၂၀၂၂ ခုနှစ်တွင် ခရီးသွား ၁၁ ဒသမ ၇ သန်းနှင့် ၂၀၂၃ ခုနှစ်တွင် ခရီးသွား ၁၄ ဒသမ ၉ သန်း အီဂျစ်သို့လာရောက်လည်ပတ်ခဲ့ကြောင်း တရားဝင်အချက်အလက်များအရသိရသည်။

ခရီးသွားကဏ္ဍသည် စူးအက်တူးမြောင်းမှ ရရှိသော ဝင်ငွေကဲ့သို့ပင် အီဂျစ်နိုင်ငံ၏ အဓိကနိုင်ငံခြားဝင်ငွေရရှိသည့် ကဏ္ဍဖြစ်သည်။

ဆင်ဟွာ

## ဂျယ်ဂျူလေကြောင်းလိုင်း စီအီးအိုကို တောင်ကိုရီးယားမှ ထွက်ခွာခွင့်ပိတ်ထား

**ဆိုးလ် ဇန်နဝါရီ ၂**

ဂျယ်ဂျူလေကြောင်းလိုင်း၏ စီအီးအိုဖြစ်သူ ကင်အီဘေးအား တောင်ကိုရီးယားနိုင်ငံမှ ထွက်ခွာခွင့်ပိတ်ပင်လိုက်ကြောင်း ဒေသဆိုင်ရာ ရဲတပ်ဖွဲ့က ဇန်နဝါရီ ၂ ရက်တွင် ကြေညာခဲ့သည်။

**အရာရှိနှစ်ဦးကို ထွက်ခွာခွင့်ပိတ်ပင်**

ဂျယ်ဂျူလေကြောင်းလိုင်းမှ လေယာဉ်ပျက်ကျမှု စုံစမ်းစစ်ဆေးနေသည့် ဂျိုနမ်အမျိုးသားရဲအေဂျင်စီက ကင်အီဘေးအပါအဝင် ဂျယ်ဂျူလေကြောင်းလိုင်းမှ အရာရှိနှစ်ဦးကို ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက်ရက်မှစတင်၍ နိုင်ငံအတွင်းမှ ထွက်ခွာခွင့်ပိတ်ပင်လိုက်ကြောင်း ကြေညာခဲ့သည်။

လေယာဉ်ပျက်ကျမှုစွပ်စွဲချက်များ စုံစမ်းစစ်ဆေးမှုပြုလုပ်စဉ် အဆိုပါအရာရှိရာနှစ်ဦးမှာ အရေးပါသည့်ပုဂ္ဂိုလ်နှစ်ဦးဖြစ်သည်ဟု ရဲတပ်ဖွဲ့က ယူဆထားသည်။

**အဆင်းဂီယာချွတ်ယွင်းမှုကြောင့် လေယာဉ်ပျက်ကျ**

ဂျယ်ဂျူလေကြောင်းလိုင်းမှ ၇ စီ ၂၂၁၆ လေယာဉ်သည် ထိုင်းနိုင်ငံ ဘန်ကောက်မြို့မှ တောင်ကိုရီးယားနိုင်ငံ အနောက်တောင်ပိုင်းရှိ မူအန်လေဆိပ်သို့ပျံသန်းစဉ် အဆင်းဂီယာချွတ်ယွင်းမှုကြောင့် လေယာဉ်ပျက်ကျခဲ့ပြီး လေယာဉ်ပေါ်ရှိ လူပေါင်း ၁၇၉ ဦး သေဆုံးခဲ့ကာ လေယာဉ်အမှုထမ်းနှစ်ဦးသာ အသက်ရှင်ကျန်ရစ်ခဲ့သည်။

ဆင်ဟွာ

## အစ္စရေးနိုင်ငံ၏ လူဦးရေ ၁၀ သန်းကျော်ရှိလာ

**ဂျေရုဆလင် ဇန်နဝါရီ ၂**

အစ္စရေးနိုင်ငံ၏ လူဦးရေသည် ၂၀၂၄ ခုနှစ် နှစ်ကုန်တွင် ၁၀ ဒသမ ၀၂၇ သန်းရောက်ရှိလာသဖြင့် ၂၀၂၃ ခုနှစ်ကုန်က ၉ ဒသမ ၉၁၅ သန်းရှိရာမှ ၁ ဒသမ ၁ ရာခိုင်နှုန်း တိုးလာကြောင်း နိုင်ငံ၏စာရင်းအင်း ဗျူရိုက ဇန်နဝါရီ ၂ ရက်တွင် နှစ်စဉ်ထုတ်ပြန်သည့် အစီရင်ခံစာအရ သိရသည်။

**လူဦးရေ ၁၂ ဆကျော် တိုးလာ**

၁၉၄၈ ခုနှစ် အစ္စရေးနိုင်ငံကို ထူထောင်ချိန်က လူဦးရေ ၈၀၆၀၀၀ သာရှိခဲ့ပြီး နောက်ပိုင်းတွင် ၁၂ ဆ ကျော် တိုးလာကြောင်း သိရသည်။ နိုင်ငံလူဦးရေ၏ လူ ၇ ဒသမ ၇၁ သန်းခန့်မှာ ဂျူးလူမျိုးများဖြစ်ပြီး ၂ ဒသမ ၁၀၄ သန်းမှာ အာရပ်လူမျိုးများဖြစ်ကြကြောင်း အချက်အလက်များအရ သိရသည်။



**ပြည်ပသို့ ပြောင်းရွှေ့**

၂၀၂၄ ခုနှစ်တွင် အစ္စရေးလူမျိုး ၈၂၇၀၀ မှာ ပြည်ပသို့ ပြောင်းရွှေ့နေထိုင်ကြောင်း သိရသည်။

**သေဆုံးသူ ၅၁၄၀၀ ရှိ**

အစ္စရေးနိုင်ငံ၌ ၂၀၂၄ ခုနှစ်တွင် မွေးကင်းစကလေးငယ် ၁၈၁၀၀၀ ရှိပြီး သေဆုံးသူ ၅၁၄၀၀ ရှိကြောင်း ထုတ်ပြန်ချက်အရ သိရသည်။

ဆင်ဟွာ

## ပါကစ္စတန်အကျဉ်းထောင်များမှ အာဖဂန်နိုင်ငံသား အကျဉ်းသား ၅၀ လွှတ်ပေး

**ကဘူးလ် ဇန်နဝါရီ ၂**

ပါကစ္စတန်နိုင်ငံအတွင်းမှ အကျဉ်းကျနေသည့် အာဖဂန်နိုင်ငံသား စုစုပေါင်း ၅၀ ကို လွှတ်ပေးခဲ့ရာ ၎င်းတို့ဇာတိမြေအာဖဂန်သို့ ပြန်လာခဲ့ကြောင်း အကျဉ်းသားများနှင့် နေရပ်ပြန်ပို့ရေးဝန်ကြီးဌာနက ဇန်နဝါရီ ၂ ရက်တွင် ထုတ်ပြန်ထားသည်။

အဆိုပါ ထိန်းသိမ်းခံရသူများသည် နန်ဂါဟာအရှေ့ပိုင်း တော်ခမ်းနယ်စပ်ဖြတ်ကျော်ဂိတ်နှင့် ခန်ဒါဟာပြည်နယ်တောင်ပိုင်း စပင်ဘော့ဒက် နယ်စပ်ဖြတ်ကျော်ဂိတ်များမှတစ်ဆင့် အာဖဂန်နစ္စတန်နိုင်ငံသို့ ဇန်နဝါရီ ၁ ရက်က ပြန်လာခဲ့ကြကြောင်း ဝန်ကြီးဌာနက ထုတ်ပြန်ထားသည်။

ပြီးခဲ့သည့်နှစ် အောက်တိုဘာလကလည်း ပါကစ္စတန်အကျဉ်းထောင်များမှ ထိန်းသိမ်းခံထားရသည့် အာဖဂန် ၃၅ ဦးကို လွှတ်ပေးခဲ့ကြောင်း ဝန်ကြီးဌာနက ပြောကြားသည်။

**အာဖဂန်နိုင်ငံသား ၈၀၀၀ မှ ၉၀၀၀ အထိ အကျဉ်းကျခံနေရ**

လက်ရှိတွင် အာဖဂန်နိုင်ငံသား ၈၀၀၀ မှ ၉၀၀၀ အထိ ပြည်ပတွင် အကျဉ်းကျခံနေရပြီး ၎င်းတို့ထဲတွင် အများစုမှာ အီရန်နှင့် ပါကစ္စတန်နိုင်ငံတို့တွင်ဖြစ်ကြောင်း ပြီးခဲ့သည့်နှစ် စက်တင်ဘာလက ထုတ်ပြန်သည့် နိုင်ငံ၏ အကျဉ်းသားအုပ်ချုပ်ရေးအဖွဲ့၏ အချက်အလက်များအရ သိရသည်။

ဆင်ဟွာ

# နှစ်သစ်မှာ ငြိမ်းချမ်းပျော်ရွှင်ကြပါစေ

မောင်ကမ္ဘာ

ကရင်တိုင်းရင်းသားရိုးရာဝတ်စုံကိုယ်စီနှင့် တက်ကြွပျော်ရွှင်စွာသွားလာနေကြသည့် သမီးငယ်လေးများကို မြင်ရသည်မှာ ကြည်နူးစရာကောင်းလှသည်။ သည်နေ့ကား ကရင်တိုင်းရင်းသားတို့၏ ကရင်အမျိုးသားနှစ်သစ်ကူးနေ့ပေမို့ ကရင်ပြည်နယ်အပါအဝင် အမြို့မြို့အရွာရွာတွင် ကရင်နှစ်သစ်ကူးပွဲတော်များကို စည်ကားသိုက်မြိုက်စွာ ကျင်းပလျက်ရှိသည်။ စောစောကမြင်တွေ့ခဲ့သည့် ကရင်တိုင်းရင်းသူလုပျိုဖြူလေးများကတော့ ရန်ကုန်မြို့ သာကေတမြို့နယ်ရှိ ပြည်ထောင်စုတိုင်းရင်းသားကျေးရွာ၌ စည်ကားသိုက်မြိုက်စွာကျင်းပလျက်ရှိသည့် ကရင်အမျိုးသားနှစ်သစ်ကူးပွဲတော်နှင့် ပျော်ပွဲရွှင်ပွဲများကို သွားကြလေမလားဟု မှန်းဆနေမိပါ၏။

“Happy New Year”။ နေပြည်တော်၊ ရန်ကုန်၊ မန္တလေးအပါအဝင် မြို့ကြီးများတွင် နိုင်ငံတကာ နှစ်သစ်ကူးနေ့ ဂီတဖျော်ဖြေပွဲများ၊ စျေးပွဲများ၊ ပျော်ပွဲရွှင်ပွဲများကို စည်ကားသိုက်မြိုက်စွာ ကျင်းပခဲ့ကြသည်။ ဒီဇင်ဘာလ ၃၁ ရက်ညတွင် မြန်မာပြည်သူများ အထူးသဖြင့် မြန်မာလူငယ်များသည် နှစ်ဟောင်းဖြစ်တော့မည့် ၂၀၂၄ ခုနှစ်ကိုနှုတ်ဆက်၍ ၂၀၂၅ ခုနှစ် နှစ်သစ်ကို Countdown ရေတွက်၍ ပျော်ရွှင်စွာ ကြိုဆိုခဲ့ကြပြန်သည်။

ခေတ်စနစ်တွေ ဘယ်လိုပင်ပြောင်းပြောင်း လူငယ်ဆိုသည်မှာတော့ ပျော်ရွှင်မြူးတူး၊ ပျော်ပါးလိုကြသည်။ ကျွန်တော်တို့ လူငယ်ဘဝကလည်း သူတို့လိုပင် နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များ၊ အခါကြီးရက်ကြီး ပွဲလမ်းသဘင်များစွာကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြပါသည်။

ကျွန်တော်တို့က လမ်းစဉ်ပါတီခေတ်တွင် လူလားမြောက်လာခဲ့ကြသူများဖြစ်၍ ယခုခေတ်သို့နှယ် ရုပ်ဝတ္ထုပစ္စည်းများ များများစားစားမရှိခဲ့ပေ။ အလွန်အင်မတန်မှ ပါးရှားလှပါသည်။ သို့ရာတွင် လွတ်လပ်မှု၊ ငြိမ်းချမ်းမှု၊ နောက်ဆံမငင်ရသည့် ပျော်ရွှင်မှုများကတော့ တင်းပြည့်ကျပ်ပြည့် အပြည့်အဝပင်။ ကျွန်တော်တို့ သူငယ်ချင်းအုပ်စုထဲတွင် ကရင်လည်းပါသည်။ ရခိုင်လည်းပါသည်။ အစ္စလာမ်ဘာသာဝင်လည်းရှိသည်။ ခရစ်ယာန်ဘာသာဝင်လည်းရှိသည်။ သို့တစေ ဘာသာရေးအားဖြင့်၊ လူမျိုးရေးအားဖြင့် ဝိဝါဒကွဲပြား အငြင်းပွားစရာ ဘာတစ်ခုမျှမရှိခဲ့။

ခရစ္စမတ်နေ့တွင် ခရစ်ယာန်ဘာသာဝင် သူငယ်ချင်းအိမ်သို့သွားပြီး မုန့်တွေစားကြသည်။ အစ္စလာမ်ဘာသာဝင်သူငယ်ချင်းက ရမ်ဇမ်ဥပုသ်လတွင် ဥပုသ်ပြုထားလျှင် ကျွန်တော်တို့ ကျန်သူငယ်ချင်းများက အလိုက်တသိ ဆက်ဆံပြောဆိုကြသည်။ သူတို့ကလည်း ဗုဒ္ဓဘာသာဝင်တို့၏ နေ့ထူးနေ့မြတ် အခါကြီးရက်ကြီးများတွင် ကျွန်တော်တို့နှင့်အတူ ရွှေတိဂုံဘုရားသို့ တက်ရောက်ကြည်ညိုကြသည်။ သီတင်းကျွတ်ပွဲတော်၊ တန်ဆောင်တိုင်ပွဲတော်၊ မဟာသင်္ကြန်ပွဲတော်၊ ကျိုက္ကစံပြည်ထောင်စုပွဲတော်များဆိုပါက သူတို့က ကျွန်တော်တို့ထက်ပင် ပိုပျော်ကြသည်။ မင်းက ရခိုင်၊ မင်းက ကရင်၊ ငါက ဗမာ၊ မင်းက ခရစ်ယာန်၊ အစ္စလာမ်၊ ငါက ဗုဒ္ဓဘာသာဟူ၍ ဘယ်တုန်းကမျှမရှိခဲ့။ အလွန်တရာ ရိုးသားဖြူစင်ခဲ့ကြပါ၏။

ယခုမျက်မှောက်ခေတ်မှာတော့ ဝိဝါဒကွဲပြားစရာများကား ပေါ်များလာသည်။ အထူးသဖြင့် နိုင်ငံရေး၊ ပြီးလျှင် လူမျိုးရေး။ ဆိုရှယ်မီဒီယာခေတ်တွင် အွန်လိုင်းပေါ်မှ ဘေးတီးသူများကလည်း အဆက်မပြတ်တီးကြသည်။ ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အကြောင်းပြု၍ ရှေးအတီအတေကတည်းက ချစ်ချစ်ခင်ခင်၊ စည်းစည်းလုံးလုံး၊ ညီညီညွတ်ညွတ်၊ တစ်မြေတည်းနေ တစ်ရေတည်း သောက်သုံးနေထိုင်လာခဲ့ကြသော တိုင်းရင်းသား ပြည်သူအချင်းချင်းကြား သွေးခွဲသပ်လျှိုသမှုပြုခဲ့ကြသည်။

ကြာလာတော့ ဂျာမနီ နာဇီခေတ် ဟစ်တလာ၏ **“မဟုတ်တာကိုများများပြော၊ ပြောတဲ့သူကိုယ်တိုင်အဟုတ်ထင်လာလိမ့်မယ်”**ဟူသည့် အဆိုအမိန့်အတိုင်း မျိုးဆက်သစ်လူငယ်များမဆိုထားဘိ ကိုယ်ကိုယ်တိုင်ပင် ဗမာလူမျိုးကြီးဝါဒကျင့်သုံးမိလေသလားဟု စောကြောရမလိုဖြစ်လာသည်။

ထိုသူများသည် လူငယ်များ၏ အနာဂတ်၊ တစ်နည်းအားဖြင့် မြန်မာနိုင်ငံ၏အနာဂတ်ကို ချိုးဖျက်ရိုက်ချိုးနေသူများဟုဆိုရမည်။ အနာဂတ်ကို အမြော်အမြင်ရှိရှိ သုံးသပ်ပါက လက်ရှိ ၃၀ တန်း၊ ၄၀ တန်း၊ ၅၀၊ ၆၀ တန်း မျိုးဆက်များသည် နောင်နှစ်ပေါင်း ၅၀၊ ၆၀၊ ၇၀ ကျော်ဆိုလျှင် ရှိကြတော့မည်မဟုတ်ပေ။ ကျွန်တော်တို့လည်း ရှိတော့မည်မဟုတ်။

သို့ဆိုလျှင် ကျွန်တော်တို့သည် အနာဂတ်မျိုးဆက်သစ်များကို ဝိဝါဒကွဲပြားမှုများ၊ နာကြည်းမုန်းတီးမှုများ၊ ဒေါသအာဃာတများကို လက်ဆင့်ကမ်းပေးခြင်းဖြင့် သူတို့အတွက် အကျိုးရှိ မရှိ၊ တိုးတက်ရာတိုးတက်ကြောင်းရှိ မရှိ၊ စဉ်းစားသုံးသပ်ချိန်ဆသင့်ပေသည်။

> ❑ **ခေတ်စနစ်တွေ ဘယ်လိုပင်ပြောင်းပြောင်း လူငယ်ဆိုသည်မှာတော့ ပျော်ရွှင်မြူးတူး၊ ပျော်ပါးလိုကြသည်။ ကျွန်တော်တို့ လူငယ်ဘဝကလည်း သူတို့လိုပင် နိုင်ငံတော်၏ နေ့ထူးနေ့မြတ်များ၊ အခါကြီးရက်ကြီး ပွဲလမ်းသဘင်များစွာကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲခဲ့ကြ**
>
> ❑ **ကျွန်တော်တို့သည် အနာဂတ်မျိုးဆက်သစ်များကို ဝိဝါဒကွဲပြားမှုများ၊ နာကြည်းမုန်းတီးမှုများ၊ ဒေါသအာဃာတများကို လက်ဆင့်ကမ်းပေးခြင်းဖြင့် သူတို့အတွက် အကျိုးရှိ မရှိ၊ တိုးတက်ရာတိုးတက်ကြောင်းရှိ မရှိ၊ စဉ်းစားသုံးသပ် ချိန်ဆသင့်**

နိုင်ငံတကာမှ သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးပညာရှင်တစ်ဦး၏ **“ကျွန်ုပ်တို့သည် ကမ္ဘာမြေကြီးကို ဘိုးဘွားတို့ထံမှ အမွေဆက်ခံခဲ့ခြင်းမဟုတ်၊ မျိုးဆက်သစ်တို့ထံမှ ခေတ္တငှားရမ်းယူထားခြင်းသာဖြစ်သည်”** ဟူသည့် အဆိုအမိန့်ကို ကျွန်တော် ခေါင်းထဲစွဲသည်အထိ နှစ်ခြိုက်လှသည်။

ထို့အတူပင် လက်ရှိမျိုးဆက်များသည် ယခုမျိုးဆက်သစ်များ၊ လာလတ္တံ့သော အနာဂတ်မျိုးဆက်သစ်များအတွက် ကောင်းမွန်သောအခြေခံကောင်းများနှင့် ပိုမိုကောင်းမွန်သောအနာဂတ်အခွင့်အလမ်းကောင်းများကို ချန်ရစ်ထားနိုင်ရန် တာဝန်ရှိပေသည်။

လက်ရှိကာလတွင် တိုင်းရင်းသားလူမျိုး မျိုးနွယ်စုမဆိုထားဘိ နိုင်ငံတစ်နိုင်ငံ၊ လူမျိုးတစ်မျိုးပင် ထီးထီးကြီးရပ်တည်နိုင်၍ မရနိုင်ပေ။ အပြန်အလှန်အမှီသဟဲပြု ပေါင်းစုမဟာမိတ်ပြု၍ ရပ်တည်နေကြရသည်။ ကမ္ဘာကြီးပင်လျှင် ရွာကြီးတစ်ရွာဖြစ်လာခဲ့သည်။

အမျိုးသားခေါင်းဆောင်ကြီး ဗိုလ်ချုပ်အောင်ဆန်းက တိုင်းရင်းသားလူမျိုးပေါင်းစုံဖြင့် ဖွဲ့စည်းထားသော ပြည်ထောင်စုမြန်မာနိုင်ငံတော်တွင် ဗမာက တစ်မျိုး၊ ကရင်က တစ်ဖုံ၊ ရှမ်းကတခြား အကွဲကွဲအပြားပြားလုပ်နေကြလျှင် အကျိုးရှိမည်မဟုတ်။ စုပေါင်းလုပ်မှအကျိုးရှိနိုင်မည်။ လုပ်ကြည့်မှလည်း အကျိုးရှိကြောင်း သိနိုင်မည်ဟု မိန့်ကြားခဲ့ပါသည်။

ထို့အတူပင် ၁၉၄၅ ခုနှစ် ဩဂုတ်လတွင် ကျင်းပခဲ့သည့် နိုင်ငံရေးခေါင်းဆောင်များ အစည်းအဝေးတွင် ဗိုလ်ချုပ်က **“ကျွန်တော်တို့မြန်မာပြည်ရဲ့အရေးဟာ မြန်မာပြည်သူပြည်သားတွေ၊ ခေါင်းဆောင်တဲ့လူတွေ ညီညွတ်စွာလုပ်တတ်ရမယ်။ လုပ်မယ်ဆိုရင် အေးအေးဆေးဆေးနဲ့ပြီးမြောက်နိုင်မယ်။ ရာထူးဝေစားရုံသာဖြစ်တဲ့ ညီညွတ်ရေးမျိုး၊ ရွေးကောက်ပွဲချိန် မီးငြိမ်းရုံလောက် တတ်နိုင်အောင်ညီညွတ်ရေးမျိုးဆိုရင်တော့ ဘယ်နည်းနဲ့မှ ဖြစ်မှာမဟုတ်ဘူး”** ဟူ၍ မိန့်ကြားခဲ့ပါသည်။

တစ်ဖန် ဗိုလ်ချုပ်က ကွန်မြူနစ်၊ ဆိုရှယ်လစ်၊ ပြည်သူ့ရဲဘော် စသည့် လက်ဝဲလူငယ် နိုင်ငံရေးသမားများအား ရည်ညွှန်း၍ **“လူငယ်နိုင်ငံရေးသမားတွေဟာ လွတ်လပ်ပြီးတဲ့ ဗမာပြည်မှာ သိပ်မမိုက်ဘဲ၊ တစ်ဦးနဲ့တစ်ဦး ညီညီညွတ်ညွတ်လုပ်ကြဖို့လိုတယ်။ ဒီလိုမှမလုပ်ရင် လွတ်လပ်တဲ့ဗမာပြည်ဟာ လွတ်လပ်တဲ့အရသာကို ကျပ်ပြည့်တင်းပြည့် ခံစားရမှာမဟုတ်ဘူး”**ဟု သတိပေးမိန့်ကြားခဲ့ပါသည်။

နိုင်ငံတော်အကြီးအကဲ ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်ကလည်း ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၃၀ ရက်နေ့ကကျရောက်သည့် ကရင်အမျိုးသားနှစ်သစ်ကူးနေ့အခါသမယတွင် **“ယနေ့နိုင်ငံတော်တွင် လိုအပ်လျက်ရှိသော တည်ငြိမ်အေးချမ်းရေး၊ တရားဥပဒေစိုးမိုးရေးနှင့် လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးတို့အတွက် ကရင်ပြည်နယ်မှ ကရင်တိုင်းရင်းသားများအပါအဝင် တိုင်းရင်းသားပြည်သူအားလုံးက ဝိုင်းဝန်းအကောင်အထည်ဖော်ဆောင်ရွက်သွားကြရမည်ဖြစ်ပါသည်။ ကရင်ပြည်နယ်အပါအဝင် မိမိတို့နေထိုင်ရာ နေရာဒေသများအတွင်း တိုက်ပွဲများနှင့် ဆူပူအကြမ်းဖက်မှုများ လျော့နည်းပပျောက်လာစေရန် အချင်းချင်းဝိုင်းဝန်းဆောင်ရွက်ပြီး တိုင်းရင်းသားများအားလုံး စည်းလုံးညီညွတ်ခြင်းအားဖြင့် ပြည်ထောင်စုကြီးအေးချမ်းသာယာဝပြောရေးဖော်ဆောင်ကြကာ တည်ငြိမ်အေးချမ်းမှုနှင့် ဖွံ့ဖြိုးတိုးတက်မှုရလဒ်ကောင်းများကို ပိုမိုရရှိနိုင်ပါစေကြောင်း”** စသည်ဖြင့် သဝဏ်လွှာပေးပို့ခဲ့ပါသည်။

ထို့အတူ ၂၀၂၄ ခုနှစ်၊ ဒီဇင်ဘာလ ၁၅ ရက်နေ့က ကျရောက်ခဲ့သည့် နှစ်(၅၀)ပြည့် ရွှေရတုအထိမ်းအမှတ် ရခိုင်ပြည်နယ်နေ့အခမ်းအနားတွင်လည်း နိုင်ငံတော်အကြီးအကဲက **“နိုင်ငံတော်အစိုးရသည် ရခိုင်ပြည်နယ်ဖွံ့ဖြိုးတိုးတက်ရေးအတွက် စိုက်ပျိုးရေးလုပ်ငန်း၊ မွေးမြူရေးလုပ်ငန်း၊ သမဝါယမနှင့် စက်မှုလက်မှုလုပ်ငန်းများကို ဆောင်ရွက်နိုင်ရန် နိုင်ငံ့စီးပွား ဖွံ့ဖြိုးတိုးတက်ရေး မတည်ရန်ပုံငွေမှ ထောက်ပံ့ငွေကျပ် ၁၀ ဘီလီယံကို ခွင့်ပြုထားပြီးဖြစ်ပါသည်။ ယခုအခါ အဆိုပါမတည်ငွေကို တောင်သူဦးကြီးများ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူများ၊ သမဝါယမအသင်းများနှင့် စက်မှုလက်မှုလုပ်ငန်းဆောင်ရွက်သူများသို့ ခွဲဝေဆောင်ရွက်ထားပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိနေကြပြီဖြစ်ပါသည်။ ထိုသို့ဆောင်ရွက်ပေးနေခြင်းသည် ရခိုင်ပြည်နယ်နှင့် ရခိုင်ဒေသတိုင်းရင်းသားပြည်သူများအပေါ်ထားရှိသည့် နိုင်ငံတော်၏ စေတနာနှင့် တိုင်းရင်းသားညီနောင်အချင်းချင်း မိသားစုစိတ်ဓာတ်၊ စစ်မှန်သည့်မျိုးချစ်စိတ်ဓာတ်နှင့် ပြည်ထောင်စုစိတ်ဓာတ်တို့ကို မြင်တွေ့ရမည်ဖြစ်ပါသည်”** စသည်ဖြင့် သဝဏ်လွှာပေးပို့ခဲ့ပါသည်။

တစ်ဆက်တည်းမှာပင် နိုင်ငံတော်အကြီးအကဲက **“ယနေ့အချိန်အခါတွင် ပြည်တွင်းမှ ပြည်ဖျက်သစ္စာဖောက်များနှင့် အင်အားကြီးနိုင်ငံများ၏ အကျိုးစီးပွားအတွက် မိမိတို့ တိုင်းရင်းသားများကို ဆင်းရဲဒုက္ခရောက်စေပြီး မိမိတို့နေထိုင်ရာဒေသ ဖွံ့ဖြိုးတိုးတက်မှုနှင့် အရင်းအမြစ်များကို ဖျက်ဆီးနေမည့်အစား မိမိတို့ရှင်သန်ကြီးပြင်းခဲ့ရာ ဒေသနှင့် နိုင်ငံတော်၏အကျိုးအတွက် အားလုံးက အရှည်ကို မျှော်တွေးကြရန် အရေးကြီးသည့်အချိန် ဖြစ်ပါသည်။ မိမိတို့အချင်းချင်း သွေးကွဲနေကြမည်ဆိုလျှင် နိုင်ငံတော်၏စွမ်းအားများ လျော့နည်းပြီး သူတစ်ပါးအလိုကျ လိုက်ပါဆောင်ရွက်ကြရသော လူမျိုးများအဖြစ် သမိုင်းမှတ်တမ်းကျန်ရစ်မည်ကို သတိချပ်ကြရန်”**တိုက်တွန်းမှာကြားခဲ့ပါသည်။

ကျွန်တော်သည် မူလက ဤဆောင်းပါးစာစုကို ရေးရန် မရည်ရွယ်ခဲ့ပါ။ ကရင်အမျိုးသားနှစ်သစ်ကူးနေ့တွင် ကရင်နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာဆင်နွှဲမည့် ကရင်တိုင်းရင်းသူ သမီးငယ်လေးများကိုလည်းကောင်း၊ နိုင်ငံတကာ နှစ်သစ်ကူးနေ့တွင် နှစ်သစ်ကူးပွဲတော်ကို ပျော်ရွှင်စွာ ပါဝင်ဆင်နွှဲနေကြသော မြန်မာလူငယ်အပေါင်းကိုလည်းကောင်း တွေ့မြင်ရသည်မှအစပြု၍ ရင်တွင်းဖြစ်ပေါ်လာသော ခံစားချက်များကြောင့် ရေးဖွဲ့မိခြင်း ဖြစ်သည်။

နိုင်ငံတကာနှစ်သစ်ကူးပွဲတော်တွင် ပါဝင်ဆင်နွှဲနေကြသော မြန်မာလူငယ်မောင်မယ်များကို ရုပ်သံဌာနများက လျှပ်တစ်ပြက် တွေ့ဆုံမေးမြန်းမှုများကိုလည်း ရုပ်မြင်သံကြား ဖန်သားပြင်မှတစ်ဆင့် ကြည့်ရှုနားဆင်ခဲ့ရပါသည်။ ရုပ်သံဌာနတစ်ခုက ၂၀၂၄ ခုနှစ်တွင် ချန်ရစ်လိုသည့်အရာများနှင့် ၂၀၂၅ ခုနှစ်တွင် သယ်ဆောင်လိုသည့်ဆန္ဒများကို မေးမြန်းစောကြောကြရာသမီးငယ်လေးများကလည်း လူငယ်များပီပီ သူတို့ထင်မြင်ခံစားရသည်များကို ပေါ့ပေါ့ပါးပါး၊ ရယ်ရယ်မောမောနှင့် ဖြေဆိုကြသည်။

ပီတိဖြူဖြူစင်စင်၊ တက်တက်ကြွကြွ၊ လန်းလန်းဆန်းဆန်းနှင့် ပျော်ရွှင်နေသော လုံမပျိုသမီးငယ်လေးများကိုကြည့်ရင်း မငြိမ်းချမ်းနိုင်သေးသောဒေသအချို့မှ မြန်မာလူငယ်မောင်မယ်များ၊ မျိုးဆက်သစ် အနာဂတ်ရင်သွေးငယ်များကို တွေးမြင်၊ မြင်ယောင်လာမိသည်။ ၂၀၂၅ ခုနှစ် နှစ်သစ်တွင် မြန်မာလူငယ်မောင်မယ်များ၊ မြန်မာနိုင်ငံနှင့် တိုင်းရင်းသားပြည်သူများအတွက် အလိုအပ်ဆုံး ဆောင်ကြဉ်းပေးရမည့် နှစ်သစ်လက်ဆောင်မှာ **“ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်း”**သာ ဖြစ်ပါသည်။

ကမ္ဘောဒီးယားနိုင်ငံသည်ပင်လျှင် ယခုရက်ပိုင်းဖြစ်သည့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် ကမ္ဘောဒီးယားငြိမ်းချမ်းရေးနေ့နှင့် ကမ္ဘောဒီးယားပြည်တွင်းစစ်အဆုံးသတ်မှု (၂၆) နှစ်မြောက် နှစ်ပတ်လည်နေ့အခမ်းအနားကို ကျင်းပခဲ့ပါသည်။ ကမ္ဘောဒီးယားတို့သည် လွန်ခဲ့သော ၁၉၉၈ ခုနှစ် ဒီဇင်ဘာလ ၂၉ ရက်နေ့တွင် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းလမ်းဖြင့်သာ အောင်မြင်စွာ ဖြေရှင်း အကောင်အထည်ဖော်နိုင်ခဲ့ကြပါသည်။

မြန်မာနိုင်ငံအနေဖြင့်မူ လက်နက်ကိုင်ပဋိပက္ခအတွင်းက နှစ်ပေါင်း ၇၀ ကျော်ကြာသည့်တိုင် ရုန်းမထွက်နိုင် ရှိနေဆဲပင်။ အနာဂတ်မျိုးဆက်သစ်များအတွက် ငြိမ်းချမ်းခြင်း၊ ပျော်ရွှင်ခြင်းများကို ဖန်တီးသယ်ဆောင်ပေးရန်မှာ တိုင်းရင်းသားခေါင်းဆောင်များအပါအဝင် လက်ရှိမျိုးဆက်များ၏ သမိုင်းပေးတာဝန်တစ်ရပ်သာဖြစ်ပေသည်။ ၂၀၂၅ ခုနှစ် နှစ်သစ်အခါသမယတွင် မြန်မာပြည်ကြီး စည်ပင်သာယာဝပြောပြီး လူငယ်မျိုးဆက်သစ်များလည်း ငြိမ်းချမ်းပျော်ရွှင်ပါစေကြောင်း ဆုမွန်ကောင်းတောင်းလိုက်ရပါသည်။ ။

ဖမ်းဆီးရမိစက်သုံးဆီများအား ထိန်းသိမ်းထားရှိမှု မှတ်တမ်းဓာတ်ပုံများ။



ဖမ်းဆီးရမိစက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များ မှတ်တမ်းဓာတ်ပုံ။



✪ *ကျော်ဖုံးမှ*

စစ်ကိုင်းတိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီးရှိ အချို့နေရာဒေသများတွင် လုံခြုံရေးဆိုင်ရာကန့်သတ်ချက်ရှိမှုအပေါ် အခွင့်ကောင်းယူ၍ ရှောင်ကွင်းလမ်းများ အသုံးပြုကာ နည်းလမ်းမျိုးစုံဖြင့် သယ်ဆောင်ပြီး စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ အချို့သောကျေးရွာများတွင် ဆီသိုလှောင်ထားရှိရာ နေရာများပြုလုပ်၍ စစ်ကိုင်းတိုင်းဒေသကြီး၊ ကချင်ပြည်နယ်နှင့် ရှမ်းပြည်နယ် (မြောက်ပိုင်း)ဒေသများသို့ ပို့ဆောင်ကာ ဈေးနှုန်းအဆမတန် မြှင့်တင်ရောင်းချလျက်ရှိကြောင်း တာဝန်သိပြည်သူများ၏ သတင်းပေးပို့မှုအရ သိရှိရသည်။

စက်သုံးဆီများအား စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့နယ် ညောင်ပင်ဇင်ကျေးရွာ ကံတလူ ပူးပေါင်းစစ်ဆေးရေးဂိတ်အနီးတွင် ဆီသိုလှောင်ခြံများပြုလုပ်၍ သိုလှောင်ရောင်းဝယ်လျက်ရှိကြောင်း သတင်းရရှိသဖြင့် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၇ ရက် မွန်းလွဲ ၁ နာရီတွင် လုံခြုံရေးတပ်ဖွဲ့ဝင်များဖြင့် ဝင်ရောက်ဖမ်းဆီးခဲ့ရာ မန္တလေးမြို့နေ ပိုင်ရှင် ဦးသိန်းသန်းဝင်း (တိမ်းရှောင်) ပိုင်ဆိုင်သည့် သိန်းသန်း စက်သုံးဆီခြံ၊ ဆားတောင်မြို့နေ ဒေါ်ထက်ထက်မျိုးဆွေ (၂၆ နှစ်) (ဘ) ဦးဇော်မျိုး ဦးစီးလုပ်ကိုင်လျက်ရှိသည့် စက်သုံးဆီခြံ၊ မြင်းမူမြို့နေ ဒေါ်ဇင်မာမြင့် (၂၇ နှစ်) (ဘ) ဦးကျော်ဝင်း ဦးစီးလုပ်ကိုင်လျက်ရှိသည့် စက်သုံးဆီခြံ၊ မြစ်ငယ်မြို့နေ မျိုးမင်း(တိမ်းရှောင်)ပိုင်ဆိုင်သည့် စက်သုံးဆီခြံနှင့် Golden Star စားသောက်ဆိုင်အနီးတွင် ရပ်တန့်ထားသည့် တရားမဝင်စက်သုံးဆီရောင်းဝယ်သည့်ယာဉ်များ စသည့်နေရာ ငါးနေရာမှ တရားခံ ၁၇ ဦးအား ၂၂ ဘီး ဆီသယ်ယာဉ်လေးစီး၊ ဆီနောက်တွဲယာဉ်တစ်စီး၊ ၂၀ ဘီး ဆီသယ်ယာဉ်သုံးစီး၊ ၁၂ ဘီး ဆီသယ်ယာဉ်တစ်စီး၊ ၁၀ ဘီး ဆီသယ်ယာဉ် သုံးစီး၊ ရှစ်ဘီးဆီသယ်ယာဉ် တစ်စီး၊ ခြောက်ဘီးဆီသယ်ယာဉ် သုံးစီး၊ Light Truck ယာဉ် ငါးစီး၊ Toyota Van တစ်စီး စုစုပေါင်းယာဉ် ၂၂ စီး၊ ပရီမီယမ်ဒီဇယ် ၃၀၀၈၃ ဂါလန်၊ အောက်တိန်း 92 ခတ်ဆီ ၃၀၄၆၂ ဂါလန် စုစုပေါင်းစက်သုံးဆီမျိုးစုံ ၆၀၅၄၅ ဂါလန်နှင့် တရားမဝင်စက်သုံးဆီများ အရောင်းအဝယ်ပြုလုပ်ရာတွင် အသုံးပြုသည့်ငွေများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိခဲ့သည်။

စိစစ်ဖော်ထုတ်ချက်များအရ တရားမဝင်စက်သုံးဆီရောင်းချသူများသည် စက်သုံးဆီများအား မန္တလေးမြို့မှတစ်ဆင့် ရေဝတီတံတား (ရတနာပုံ)အား ဖြတ်သန်း၍ စစ်ကိုင်း–ရှိန်းမကား–ကမ်းဖြူ–သစ်စိမ့်ကြီးသို့ စစ်ကိုင်း–ရွှေဘိုအမှတ်(၃)ခရိုင်ချင်းဆက်လမ်းမကြီးအတိုင်း သယ်ဆောင်ပြီး ၎င်းမှတစ်ဆင့် KIA အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော ဖားကန့်ဒေသရှိကျောက်စိမ်းတူးဖော်ရေးလုပ်ငန်းများ၊ တနိုင်းဒေသရှိ ရွှေနှင့်ပယင်းမှော်လုပ်ငန်းများသို့ လည်းကောင်း၊ PDF အကြမ်းဖက်အဖွဲ့များ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော ကောလင်းဒေသရှိ တရားမဝင်ရွှေလုပ်ကွက်များနှင့် ချင်းတွင်းမြစ်ကြောင်းတစ်လျှောက်ရှိ တရားမဝင်ရွှေလုပ်ကွက်များ၊ TNLA/PDF အကြမ်းဖက်သောင်းကျန်းသူများ ထိန်းချုပ်လုပ်ကိုင်လျက်ရှိသော

*စာမျက်နှာ ၁၈ သို့*

ဖမ်းဆီးရမိစက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များနှင့် တရားခံများမှတ်တမ်းဓာတ်ပုံ။



၂၂ ဘီးယာဉ် ၄ စီးနှင့် နောက်တွဲယာဉ် ၁ စီး



၂၀ ဘီးယာဉ် ၃ စီး



၈ ဘီးယာဉ် ၁ စီး



၆ ဘီးယာဉ် ၃ စီး



၁၂ ဘီးယာဉ် ၁ စီး



၁၀ ဘီးယာဉ် ၃ စီး



Light Truck ယာဉ် ၅ စီး



Toyota Van ယာဉ် ၁ စီး



ဖမ်းဆီးရမိစက်သုံးဆီသယ်ဆောင်သည့် မော်တော်ယာဉ်များနှင့် တရားခံများ မှတ်တမ်းဓာတ်ပုံ။

## ဖမ်းဆီးရမိတရားခံများ မှတ်တမ်းဓာတ်ပုံ။



ဇင်မာမြင့်၊ ၂၇ နှစ်၊ (ဘ)ဦးကျော်ဝင်း



ထက်ထက်မျိုးဆွေ၊ ၂၆ နှစ်၊ (ဘ)ဦးဇော်မျိုး



သန့်ဇင်၊ ၄၄ နှစ်၊ (ဘ)ဦးမြင့်သန်း



အောင်ဝင်းသူ၊ ၂၇ နှစ်၊ (ဘ)ဦးသိန်းသန်းထွန်း



အောင်မင်းကျော်၊ ၃၉ နှစ်၊ (ဘ)ဦးကြီးတင့်



နေသူစိုး၊ ၂၃ နှစ်၊ (ဘ)ဦးစိုးဝင်း



ဖိုးဝ၊ ၄၇ နှစ်၊ (ဘ)ဦးမြင့်အောင်



အောင်ပြည့်စုံ၊ ၄၇ နှစ်၊ (ဘ)ဦးသိန်းဖေ



ရဲတင့်၊ ၃၉ နှစ်၊ (ဘ)ဦးထွန်းမြင့်



သန်းထွေးအောင်၊ ၄၀ နှစ်၊ (ဘ)ဦးကံတင်



မိုးမိုး၊ ၅၄ နှစ်၊ (ဘ)ဦးအောင်ကြည်



ထွန်းလင်းအောင်၊ ၃၁ နှစ်၊ (ဘ)ဦးစိုးဝင်း



ကျော်ဆန်း၊ ၃၉ နှစ်၊ (ဘ) ဦးသန်းရွှေ



နန်းထိုက်အောင်၊ ၃၁ နှစ်၊ (ဘ)ဦးမြညို



နေလင်းဦး၊ ၂၉ နှစ်၊ (ဘ)ဦးညီအေး



စိုးထက်အောင်၊ ၃၁ နှစ်၊ (ဘ)ဦးမောင်မြင့်



ထွန်းထွန်းနိုင်၊ ၃၂ နှစ်၊ (ဘ)ဦးသန်းကြိုင်

*စာမျက်နှာ ၁၇ မှ*

စဉ့်ကူးမြို့နယ် သပိတ်ကျင်းဒေသရှိ တရားမဝင်ရွှေလုပ်ကွက်များသို့ လည်းကောင်း၊ မိုးကုတ်ဒေသရှိ တရားမဝင်ကျောက်မျက်တူးဖော်ရေးလုပ်ကွက်များသို့လည်းကောင်း အသီးသီးပို့ဆောင်ရောင်းချလျက်ရှိကြောင်း စိစစ်တွေ့ရှိရသည်။


အလားတူ စစ်ကိုင်းတိုင်းဒေသကြီးအတွင်းရှိ ဒေသခံပြည်သူများမှလည်း စက်သုံးဆီဈေးနှုန်းကြီးမြင့်မှုအပေါ်မူတည်၍ တရားဝင်ဖွင့်လှစ်ရောင်းချလျက်ရှိသော စက်သုံးဆီဆိုင်များမှတစ်ဆင့် စက်သုံးဆီများ ဝယ်ယူစုဆောင်းမှုများ ပြုလုပ်ကာ အရေအတွက်များပြားလာပါက တရားမဝင်ဆီသိုလှောင်ခြံများသို့ သွားရောက်ရောင်းချမှုများ ပြုလုပ်ကြသည့်အတွက် တရားမဝင်စက်သုံးဆီရောင်းဝယ်သည့်လုပ်ငန်းများ ပေါ်ပေါက်နေပြီး တရားမဝင်ဈေးကွက်တစ်ခုသဖွယ် ဖြစ်ပေါ်လျက်ရှိသောကြောင့် ပြည်တွင်းဈေးကွက်၌ စက်သုံးဆီဈေးနှုန်းများ မြင့်တက်လာခဲ့ပြီး ဆီဈေးနှုန်းကြီးမြင့်မှုပေါ် မူတည်၍ အခြေခံစားသောက်ကုန်များ၏ ဈေးနှုန်းများလည်း မြင့်တက်နေခြင်းဖြစ်ကြောင်း စိစစ်တွေ့ရှိရသည်။

သို့ဖြစ်၍ တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းချမှုပြုလုပ်ခဲ့သည့် တရားခံ ၁၇ ဦးအား အရေးကြီးကုန်စည်နှင့် ဝန်ဆောင်မှုဥပဒေပုဒ်မ ၅ ဖြင့် ထိရောက်စွာ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပြီး ဖမ်းဆီးရမိခဲ့သည့်ယာဉ်များနှင့် စက်သုံးဆီများအား စိစစ်မှုများပြုလုပ်၍ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းနှင့် မိဘပြည်သူများ အနေဖြင့်လည်း ထိုကဲ့သို့ တရားမဝင်စက်သုံးဆီများ သိုလှောင်ရောင်းချမှုပြုလုပ်နေသူများအား သိရှိပါက သက်ဆိုင်ရာလုံခြုံရေးအဖွဲ့အစည်းများထံသို့ လျှို့ဝှက်စွာ ဆက်သွယ်သတင်းပေးပို့နိုင်ပါကြောင်း အသိပေးသတင်းထုတ်ပြန်ထားသည်။

**သတင်းစဉ်**



စစ်ကိုင်းတိုင်းဒေသကြီး စစ်ကိုင်းမြို့ ကံတလူပူးပေါင်းစစ်ဆေးရေးဂိတ်အနီး၌ ဖမ်းဆီးရမိခဲ့သည့် တရားမဝင်စက်သုံးဆီများ သိုလှောင်ထားရှိသည့် တည်နေရာပြ မြေပုံ။



စစ်ကိုင်းတိုင်းဒေသကြီးမှ တရားမဝင်စက်သုံးဆီများ သယ်ယူပို့ဆောင်မှုလမ်းကြောင်းတည်နေရာပြ မြေပုံ။

# တရားမဝင် သစ်မျိုးစုံ၊ လုပ်ငန်းသုံးပစ္စည်းများနှင့် မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး ဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဒီဇင်ဘာ ၂၈ ရက်တွင် မကွေးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ တောင်တွင်းကြီးမြို့နယ် အိုးပေါက်ရွာအနီး၌ တရားမဝင်ကျွန်းသစ် ၀ ဒသမ ၁၈၀ တန်၊ သစ်မာ ၀ ဒသမ ၀၅၀ တန်၊ အခြားသစ် ၂ ဒသမ ၅၁၀ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၂၆၁၀၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့အတူ နေပြည်တော် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများဆောင်ရွက်ခဲ့ရာ လယ်ဝေးခရိုင်အတွင်း၌ တရားမဝင်မီးသွေး ၂ ဒသမ ၈၀၀ တန်၊ ကျွန်းသစ် ၂ ဒသမ ၇၈၀ တန်၊ အခြားသစ် ၁၀ ဒသမ ၂၄၃ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၈၁၇၃၅၃ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ဇန်နဝါရီ ၁ ရက်တွင် အကောက်ခွန်ဦးစီးဌာန၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ သာမညမှ ရန်ကုန်မြို့သို့ မောင်းနှင်လာသည့် မော်တော်ယာဉ်တစ်စီးပေါ်မှ တရားဝင်စာရွက်စာတမ်းအထောက်အထား တင်ပြနိုင်ခြင်းမရှိသည့် လုပ်ငန်းသုံးပစ္စည်းတစ်မျိုး (ခန့်မှန်းတန်ဖိုးငွေကျပ် ၁၅၇၅၀၀၀၀) နှင့် အဆိုပါ ပစ္စည်းများ တင်ဆောင်လာသည့် Nissan Condor Truck တစ်စီး (ခန့်မှန်းတန်ဖိုးငွေကျပ် ၃၀၀၀၀၀၀၀ စုစုပေါင်းခန့်မှန်းတန်ဖိုး ငွေကျပ် ၄၅၇၅၀၀၀၀ ကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇန်နဝါရီ ၂ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေး အထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်၊ တောင်ငူခရိုင်နှင့် သာယာဝတီခရိုင်တို့အတွင်း၌ တရားမဝင်မီးသွေး ၁၁ ဒသမ ၈၄၀ တန်၊ ကျွန်းသစ် ၅ ဒသမ ၈၉၆ တန် စုစုပေါင်းခန့်မှန်းတန်ဖိုးငွေကျပ် ၄၃၆၁၂၈၀ ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ရက်၊ ၂၀၂၅ ခုနှစ် ဇန်နဝါရီ ၁ ရက်နှင့် ၂ ရက်တို့တွင် ဖမ်းဆီးရမိမှု စုစုပေါင်းမှာ အမှုတွဲရှစ်မှု ခန့်မှန်းတန်ဖိုးငွေကျပ် ၅၁၁၈၉၇၁၃ ကို ဖမ်းဆီးရမိခဲ့သည်။ တရားမဝင်ကုန်သွယ်မှုများကြောင့် အသေးစား၊ အငယ်စားနှင့် အလတ်စား ပြည်တွင်းစီးပွားရေးလုပ်ငန်းများမှ ထုတ်လုပ်သည့်ကုန်ပစ္စည်းများ ဈေးကွက်အတွင်း မျှတစွာ ယှဉ်ပြိုင်နိုင်မှုမရှိခြင်းနှင့် ဈေးကွက်ပျောက်ဆုံးခြင်းတို့ဖြစ်ပေါ်စေပြီး ပြည်တွင်းကုန်ထုတ်လုပ်ငန်းများ ရေရှည်ရပ်တည်နိုင်ရေးအတွက် ကြီးမားသည့်ခြိမ်းခြောက်မှုများကို ဖြစ်ပေါ်စေသည်။ သို့ဖြစ်၍ သက်ဆိုင်ရာတာဝန်ရှိသူများမှ ယခုထက် ပိုမို၍ တားဆီးစစ်ဆေး ကြပ်မတ်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးဦးဆောင်ကော်မတီမှ သိရသည်။ **သတင်းစဉ်**







မရမ်းချောင်အမြဲတမ်းစစ်ဆေးရေးစခန်း၌ ဖမ်းဆီးရမိမှု။

# မြို့နယ်အချို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

မြိတ်မြို့နယ်၊ တာချီလိတ်မြို့နယ်၊ သာစည်မြို့နယ်နှင့် ကလောမြို့နယ်တို့တွင် မူးယစ်ဆေးဝါးများ ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

ဖြစ်စဉ်မှာ မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေး ရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၃၁ ရက် ည ၇ နာရီခွဲတွင် မြိတ်မြို့နယ် ကလွင်ကျေးရွာအုပ်စု ကလွင်ကျေးရွာအနီးတွင် မသင်္ကာဖွယ်တွေ့ရှိသူ မဝင်းဝင်းနွယ်(ခ)မီးပုတ်အား စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၉၉၀ သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးချက်အရ ည ၉ နာရီခွဲတွင် ၎င်းနေထိုင်သည့် ကလွင်ကျေးရွာရှိ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၀၀၀၀ ကိုလည်းကောင်း၊ ယင်းနေ့ ညနေ ၄ နာရီ ၄၅ မိနစ်တွင် ပူးပေါင်းအဖွဲ့သည် တာချီလိတ်မြို့နယ် ဝမ်လုံးကျေးရွာအုပ်စု လွယ်စီတုံကျေးရွာအနီးတွင် ပိုင်ထက် (ခ) ရွာသားမောင်းနှင်လာသည့် ဆိုင်ကယ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၂၀၀၀ သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၅ နာရီတွင် လွယ်စီတုံကျေးရွာရှိ ချစ်အေး(ခ) ထားဝယ်၏ နေအိမ်မှ စိတ်ကြွရူးသွပ်ဆေးပြား ၁၅၀၀၀ ကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

ထို့ပြင် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၉ ရက် နံနက် ၂ နာရီတွင် ပူးပေါင်းအဖွဲ့သည် သာစည်မြို့နယ် ကျွဲတပ်ဆုံကျေးရွာအုပ်စု ကျွဲတပ်ဆုံကျေးရွာ အနီးတွင် တောင်ကြီးမှ ရန်ကုန်သို့မောင်းနှင်လာသည့် ခရီးသည်တင်ယာဉ်ကို ရပ်တန့်စစ်ဆေးရှာဖွေရာ ခရီးသည် ဆုစန္ဒီဝင့်ထံမှ စိတ်ပြောင်းဆေးဝါး Happy Water ၂ ဒသမ ၁၁၅ ကီလို သိမ်းဆည်းရမိခဲ့ပြီး ကွင်းဆက်အရ ညနေ ၄ နာရီ ၁၅ မိနစ်တွင် တာချီလိတ်မြို့ ဆေခမ်းရပ်ကွက်ရှိ မြင့်ဇော်မိုး(ခ) ဦးချို(ခ)ဘူးချို ၄ားရမ်းနေထိုင်သည့် နေအိမ်ကို ဝင်ရောက်ရှာဖွေရာစိတ်ပြောင်းဆေးဝါးကက်တမင်း ၀ဒသမ၀၅ကီလိုကိုလည်းကောင်း၊ ဒီဇင်ဘာ ၃၀ ရက် နံနက် ၁၁ နာရီတွင် ပူးပေါင်းအဖွဲ့သည် ကလောမြို့နယ် အောင်ပန်းမြို့ လှည်းရိုးရပ်ကွက် နယ်မြေ(၁)ရှိ နိုင်လင်း၏နေအိမ်ကို ဝင်ရောက်ရှာဖွေရာ ၎င်းနှင့်အတူ ကျော်ဆွေဝင်း၊ မခင်နွယ်ဦးတို့အား တွေ့ရှိပြီး နေအိမ်မှ ဘိန်းစိမ်း ၄၄ ဒသမ ၄ ကီလိုကိုလည်းကောင်း သိမ်းဆည်းရမိခဲ့သည်။

၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သတင်းရရှိသည်။

**သတင်းစဉ်**



နိုင်လင်း၊ မခင်နွယ်ဦး နှင့် ကျော်ဆွေဝင်း တို့အား သိမ်းဆည်းရမိသည့် ဘိန်းစိမ်းများနှင့်အတူ တွေ့ရစဉ်။



ဖမ်းဆီးရမိသူများအား သိမ်းဆည်းရမိသည့် မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။

# မိုင်းပန်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်း ဖမ်းဆီးရမိ

**နေပြည်တော် ဇန်နဝါရီ ၂**

မိုင်းပန်မြို့နယ်တွင် ငွေကျပ်သိန်း ၅၄၀၀ ကျော်တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၂ သိန်း ဖမ်းဆီးရမိခဲ့ကြောင်း မြန်မာနိုင်ငံ ရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါး တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ၂၀၂၄ ခုနှစ် ဒီဇင်ဘာ ၂၈ ရက် နံနက် ၁၁ နာရီခွဲတွင် ရှမ်းပြည်နယ် (တောင်ပိုင်း) မိုင်းပန်မြို့နယ် တာဆန်းကျေးရွာအနီးတွင် မိုင်းပန်မြို့မှ မိုင်းတုံမြို့သို့ စိုင်းနွံဟန်(ခ) စိုင်းနွံလျန် မောင်းနှင်ပြီး စိုင်းစံညွန့် လိုက်ပါလာသည့် VIGO မော်တော်ယာဉ်ကို သတင်းအရရှာဖွေရာ ယာဉ်၏ ကြမ်းခင်းအံဝှက်အတွင်း သိုဝှက်သယ်ဆောင်လာသည့် ဒေသကာလတန်ဖိုး ငွေကျပ်သိန်း ၅၄၀၀ ကျော် တန်ဖိုးရှိ ဘိန်းဖြူဘလောက်တုံး ၁၂၀ အလေးချိန် ၄၀ ဒသမ ၂ ကီလိုနှင့် စိတ်ကြွရူးသွပ်ဆေးပြား နှစ်သိန်းတို့အား သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေး ဖော်ထုတ်ချက်အရ သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများအား နမ့်စန်မြို့နယ်မှ မိုင်းတုံမြို့နယ်သို့သယ်ဆောင်ရောင်းဝယ်ခြင်းဖြစ်ကြောင်း သိရှိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများအား ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သတင်းရရှိသည်။ **သတင်းစဉ်**

**ဥပဒေဘောင်အတွင်း နေထိုင်ခြင်း ဘေးကင်းရန်ကွာ စိတ်ချမ်းသာ**

စပိန်လာလီဂါပွဲစဉ် (၁၂) ပွဲကျန်မှ ဗလင်စီယာနဲ့ နာမည်ကြီး ရီးရဲမက်ဒရစ်အသင်းပွဲစဉ်ကို ဇန်နဝါရီ ၄ ရက် နံနက် ၂ နာရီခွဲမှာ ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ တန်းဆင်းဇုန်မှ လွတ်မြောက်ရေး ခြေကုန်ထုတ်လာမယ့် ဗလင်စီယာအသင်းနဲ့ အမှတ်ပေးဇယား ဦးဆောင်ခွင့်ရရေး ခြေကုန်ထုတ်လာမယ့် ရီးရဲမက်ဒရစ်အသင်းတို့ တွေ့ဆုံနေတာကြောင့် စိတ်ဝင်စားဖွယ်ရာ စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# ပွဲရလဒ်အဖြေကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ရီးရဲမက်ဒရစ်ကို တန်းဆင်းဇုန်က ဗလင်စီယာအသင်း နိုင်ဖွယ်ရာ မရှိ

■ မိုးဇက် - စုစည်းသည်



## ဗလင်စီယာ VS ရီးရဲမက်ဒရစ်

ဗလင်စီယာအသင်းက ဒီရာသီမှာ ခြေစွမ်းကျဆင်းနေတဲ့အသင်းဖြစ်တယ်။ လာလီဂါ ၁၇ ပွဲကစားပြီးချိန်မှာ နှစ်ပွဲသာ နိုင်ပွဲရရှိထားသေးပြီး ကိုးပွဲအထိ ရှုံးနိမ့်ထားတယ်။ ဒါ့အပြင် နောက်ဆုံးယှဉ်ပြိုင်ကစားခဲ့တဲ့ လေးပွဲမှာလည်း နိုင်ပွဲရရှိထားခြင်း မရှိဘဲ နှစ်ပွဲရှုံးပြီး နှစ်ပွဲသရေကျထားတယ်။ ပြိုင်ဘက်နာမည်ကြီး ရီးရဲမက်ဒရစ်က လာလီဂါမှာ ပုံမှန်ခြေစွမ်းပြသထားနိုင်တဲ့အသင်းဖြစ်တယ်။ လာလီဂါ ၁၈ ပွဲကစားပြီး ကစားပြီးချိန်မှာ ရမှတ် ၄၀ နဲ့ ဦးဆောင်သူ အက်သလက်တီကိုမက်ဒရစ်အသင်းကို အနီးကပ် ဖိအားပေးလျက်ရှိတယ်။ ဒီပွဲစဉ်နိုင်ရင် ရီးရဲမက်ဒရစ်က အမှတ်ပေးဇယား ဦးဆောင်ခွင့်ရမှာဖြစ်လို့ ခြေကုန်ထုတ်လာမှာ သေချာတယ်။ ဗလင်စီယာကလည်း တန်းဆင်းဇုန်က လွတ်မြောက်ဖို့ ခြေကုန်ထုတ်လာမှာ သေချာတယ်။ ပွဲရလဒ်ကို အချိန်မရွေးပြောင်းလဲနိုင်စွမ်းရှိတဲ့ ရီးရဲမက်ဒရစ်ကို ဗလင်စီယာအသင်း နိုင်ဖွယ်ရာမရှိဘူး။



ဟူဂိုဒူရို
ဗလင်စီယာ (တိုက်စစ်)
၁၄ ပွဲကစား၊ ၄ ဂိုးသွင်း

ဗလင်စီယာနဲ့ ရီးရဲမက်ဒရစ်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| ဗလင်စီယာ | ၂ - ၂ | ရီးရဲမက်ဒရစ် | လာလီဂါ |
| ရီးရဲမက်ဒရစ် | ၅ - ၁ | ဗလင်စီယာ | လာလီဂါ |
| ဗလင်စီယာ | ၁ - ၀ | ရီးရဲမက်ဒရစ် | လာလီဂါ |

အမ်ဘာပေ
ရီးရဲမက်ဒရစ် (တိုက်စစ်)
၁၆ ပွဲကစား၊ ၁၀ ဂိုးသွင်း


ဇန်နဝါရီ ၄ ရက် နံနက် ၁ နာရီခွဲမှာ အီတလီစူပါဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် ဂျူဗင်တပ်စ်နဲ့ အေစီမီလန်အသင်းပွဲစဉ်ကို ယှဉ်ပြိုင်ကစားသွားမှာ ဖြစ်ပါတယ်။ နာမည်ကြီး အသင်းအချင်းချင်း တွေ့ဆုံမှုဖြစ်တဲ့အပြင် တိုက်စစ်ထက်မြက်ပြီး ခံစစ်တည်ငြိမ်တဲ့အသင်းတို့ တွေ့ဆုံမှုဖြစ်တာကြောင့် လက်မလွှတ်တမ်း စောင့်ကြည့်သွားရမှာ ဖြစ်ပါတယ်။

# အီတလီစူပါဖလားပြိုင်ပွဲ ဆီမီးဖိုင်နယ်မှာ ဂျူဗင်တပ်စ်နဲ့ အေစီမီလန်အသင်းတို့ရဲ့ အားပြိုင်မှုက ဘယ်လိုဖြစ်လာမလဲ



## ဂျူဗင်တပ်စ် VS အေစီမီလန်

ဂျူဗင်တပ်စ်အသင်းက ပြိုင်ဘက်အေစီမီလန်အသင်းထက် တိုက်စစ်ပိုင်းထက်မြက်ပြီး ခံစစ်ပိုင်းကျစ်လျစ်မှုရှိတယ်။ ဂျူဗင်တပ်စ်အသင်းမှာ လုပ်အားနှုန်းကောင်းတဲ့ ဒန်နီလို၊ ဂတ်တီ၊ ရစ်ဇို၊ ဖန်တီးမှုအားကောင်းတဲ့ လိုကာတယ်လီ၊ မက္ကင်နီ၊ အာသာ၊ အဆုံးသတ်သေချာတဲ့ ဗလာဟိုဗစ်၊ မိုရာတာ၊ ကွန်စီကာအိုတို့ရှိတယ်။ အေစီမီလန်အသင်းက ဂျူဗင်တပ်စ်အသင်းထက် တိုက်စစ် - ကွင်းလယ် - ခံစစ် ချိတ်ဆက်ကစားမှုပိုင်း အားနည်းတယ်။ ဂိုးဖန်တီးမှု အားကောင်းတဲ့ ကစားသမားတွေ အများအပြားရှိပေမယ့်လည်း အဆုံးသတ်ပိုင်းသေချာတဲ့ ကစားသမား အတော်လေး နည်းပါးတာ တွေ့ရတယ်။ မည်သို့ပင်ဆိုစေ အနိုင်ရတဲ့အသင်း ဗိုလ်လုပွဲ တက်လှမ်းနိုင်မှာဖြစ်တာကြောင့် နှစ်သင်းစလုံးခြေကုန်ထုတ်လာမှာပါ။ ခြေစွမ်းသာလွန်တဲ့အသင်းထက် ရရှိလာမယ့် အခွင့်အရေးကို ဂိုးအဖြစ် ပြောင်းလဲနိုင်တဲ့အသင်း နိုင်ပွဲရမယ်။



ဗလာဟိုဗစ်
ဂျူဗင်တပ်စ် (တိုက်စစ်)
၁၆ ပွဲကစား၊ ၇ ဂိုးသွင်း

ဂျူဗင်တပ်စ်နဲ့ အေစီမီလန်အသင်းတို့ရဲ့ နောက်ဆုံး သုံးပွဲရလဒ်

| | | | |
|---|---|---|---|
| အေစီမီလန် | ၀ - ၀ | ဂျူဗင်တပ်စ် | စီးရီးအေ |
| ဂျူဗင်တပ်စ် | ၀ - ၀ | အေစီမီလန် | စီးရီးအေ |
| အေစီမီလန် | ၀ - ၁ | ဂျူဗင်တပ်စ် | စီးရီးအေ |

မိုရာတာ
အေစီမီလန် (တိုက်စစ်)
၁၃ ပွဲကစား၊ ၄ ဂိုးသွင်း



■ ဆန်းဒါးလန်းကစားသမား ဝီလ်ဆင် အသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို သွင်းယူစဉ်။

# ဆန်းဒါးလန်းက ရှက်ဖီးလ်ကို အကြိတ်အနယ်ကစားပြီး နှစ်ဂိုး - တစ်ဂိုးဖြင့် အနိုင်ရ

ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၂၅) မှ ဆန်းဒါးလန်းနှင့် ရှက်ဖီးလ်ယူနိုက်တက် အသင်းပွဲစဉ်ကို ဇန်နဝါရီ ၂ ရက် နံနက် ၂ နာရီခွဲက ယှဉ်ပြိုင်ကစားခဲ့ရာ ဆန်းဒါးလန်းအသင်းက အကြိတ်အနယ်ကစားပြီး နှစ်ဂိုး-တစ်ဂိုးဖြင့် နိုင်ပွဲရရှိခဲ့သည်။

အဆိုပါ ပွဲစဉ်ကို ဆန်းဒါးလန်းအသင်းအိမ်ကွင်း၌ လက်ခံယှဉ်ပြိုင်ကစားခဲ့ပြီး ပရိသတ် ၄၂၀၀၀ ကျော် လာရောက်ကြည့်ရှုခဲ့သည်။ နှစ်သင်းကြား ရမှတ်ကွာဟမှု ကျဉ်းမြောင်းပြီး အမှတ်ပေးဇယား အဆင့် (၃) နှင့် (၄) တွင် ရပ်တည်နေသည့် အသင်းနှစ်သင်းတွေ့ဆုံမှုဖြစ်သည့်အတွက် ပွဲစသည်နှင့်တစ်ပြိုင်နက် ပြိုင်ဆိုင်မှု ပြင်းထန်ခဲ့သည်။

ပွဲကစားချိန် ၁၄ မိနစ်တွင် ရှက်ဖီးလ်အသင်း ပယ်နယ်တီကန်သွင်းခွင့်ရရှိခဲ့သော်လည်း တိုက်စစ်ကစားသမား မော်ရီ အဆုံးသတ်ကန်သွင်းရာ လွဲချော်ခဲ့သည့်အတွက် နစ်နာခဲ့ရသည်။ ပွဲချိန် ၂၇ မိနစ်တွင် ဆန်းဒါးလန်းအသင်းမှ အီလစ်ဗာက အသင်းအတွက် ဦးဆောင်ဂိုးသွင်းယူပေးခဲ့သည်။

ပွဲချိန် ၃၂ မိနစ်တွင် ဆန်းဒါးလန်းအသင်းမှ အိုနေးလ် ကိုယ့်ဂိုးကိုယ်သွင်းယူမိခဲ့၍ ရှက်ဖီးလ်အသင်း ချေပဂိုးရရှိခဲ့သည်။ ဆန်းဒါးလန်းအသင်းအတွက် အနိုင်သေချာစေမည့် ဒုတိယဂိုးကို ပွဲချိန် ၃၅ မိနစ်တွင် ဝီလ်ဆင်က သွင်းယူပေးခဲ့သည်။

ချန်ပီယံရှစ်ပြိုင်ပွဲ ပွဲစဉ် (၂၅) ယှဉ်ပြိုင်အပြီးတွင် အမှတ်ပေးဇယားကို လိစ်ဒ်အသင်းက ရမှတ် ၅၂ မှတ်ဖြင့် ဦးဆောင်ထားပြီး ဒုတိယနေရာတွင် ဘန်လေအသင်းက ရမှတ် ၄၉ မှတ်ဖြင့် ရပ်တည်နေသည်။

လာမည့်ပွဲစဉ်တွင် ဆန်းဒါးလန်းက ပို့စ်မောက်၊ ရှက်ဖီးလ်က ဝက်ဖို့ဒ်အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည် ဖြစ်သည်။

## နောက်ဆုံးရအားကစားသတင်းတိုများ



■ မန်ယူအသင်းသည် ယခုလတွင် စပို့တင်းအသင်းမှ ဆွီဒင် တိုက်စစ်ကစားသမား ဗစ်တာဂယို ကီရက်စ်ကို ခေါ်ယူသွားဖွယ်ရှိနေသည်။ အဆိုပါ ကစားသမားကို ခေါ်ယူရာတွင် ပေါင်သန်း ၈၀ ကုန်ကျနိုင်ကြောင်း သိရသည်။

■ ရီးရဲမက်ဒရစ်အသင်းသည် လီဗာပူးမှ ထွက်ခွာဖွယ်ရှိနေသော အသက် ၂၆ နှစ်အရွယ် အလက်ဇန္ဒြား အာနိုးကို နွေရာသီတွင် အလွတ်ပြောင်းရွှေ့ကြေးဖြင့် ခေါ်ယူသွားဖွယ်ရှိနေသည်။

■ အာဆင်နယ်အသင်းသည် လီဗာပူး၊ ပီအက်စ်ဂျီနှင့် အေစီမီလန်အသင်းတို့က ခေါ်ယူရန် စိတ်ဝင်စားနေသည့် ဖရန့်ဖတ်အသင်းမှ အီဂျစ်တိုက်စစ်ကစားသမား အိုမာ မာမော့ရှ် (၂၅ နှစ်) ကို ခေါ်ယူရေးတွင် လက်ဦးမှု ရယူဖွယ်ရှိနေသည်။

■ ဂါလာတာစာရေးအသင်းသည် အပြီးသတ်ဝယ်ယူခွင့်နှင့်အတူ စလိုဗက်ကီးယားခံစစ်ကစားသမား မီလန်စကွာရီနီယာ (၂၉နှစ်) ကို အငှားခေါ်ယူရေးနှင့်ပတ်သက်ပြီး ပီအက်စ်ဂျီအသင်းနှင့် ဆွေးနွေးလျက်ရှိသည်။

# ရန်ကုန်တိုင်းဒေသကြီး၌ သားဆက်ခြားနည်းလမ်းများ သင်တန်းဖွင့်ပွဲကျင်းပ

**ရန်ကုန် ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနနှင့် ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့တို့ ပူးပေါင်းဆောင်ရွက်သည့် သားဆက်ခြားနည်းလမ်းများ သင်တန်းဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ဗဟန်းမြို့နယ်ရှိ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည်။




ဦးစွာ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့ ဥက္ကဋ္ဌ ဒေါ်နုနုဆွေက မိခင်နှင့် ကလေးစောင့်ရှောက်ရေးအသင်းဟာ နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် မိခင်နှင့်ကလေးများအပါအဝင် မိသားစုတွေရဲ့ ကျန်းမာရေး၊ ပညာရေး၊ လူမှုရေး စီးပွားရေးကဏ္ဍတွေ တိုးတက်ဖွံ့ဖြိုးဖို့အတွက် ကူညီဆောင်ရွက်ရန်ဆိုသည့် ရည်ရွယ်ချက်နဲ့ ၁၉၉၁ ခုနှစ် မေ ၃၀ ရက်မှာ စတင်ဖွဲ့စည်းခဲ့တဲ့ စေတနာ့ဝန်ထမ်း လူမှုရေးအဖွဲ့အစည်းတစ်ခုဖြစ်ပါကြောင်း၊ ရန်ကုန်တိုင်းဒေသကြီး မိခင်နှင့်ကလေးစောင့်ရှောက်မှုကြီးကြပ်ရေးအဖွဲ့အနေနဲ့ မြို့နယ်အသင်းပိုင်သားဖွားခန်း ၁၅ ခု ဖွင့်လှစ်ထားပြီး ကျေးလက်ဒေသနဲ့ မြို့ပေါ်ဆင်ခြေဖုံးရပ်ကွက်တွေမှာ ကိုယ်ဝန်ဆောင်မိခင်တိုင်း ကိုယ်ဝန်ဆောင်စောင့်ရှောက်မှုခံယူစေရေး၊ ကျွမ်းကျင်သူနဲ့ မွေးဖွားနိုင်ရေး၊ လိုအပ်ပါက ညွှန်းပို့ခြင်း၊ ကျန်းမာရေးပညာပေးခြင်း၊ မွေးပြီးမိခင်စောင့်ရှောက်ခြင်းလုပ်ငန်းတို့ကိုဆောင်ရွက်ကာ မိခင်နှင့်ကလေး သေနှုန်းကျဆင်းရေးအတွက် ကိုယ်ဝန်ဆောင်စဉ် တွေ့ကြုံရသည့် အန္တရာယ်လက္ခဏာတွေနဲ့ပတ်သက်လို့ ကျန်းမာရေးပညာပေးဗီနိုင်းတွေလည်း ထုတ်ဝေဖြန့်ဖြူးပေးခြင်း၊ သားဖွားခန်းတိုင်းတွင် ကိုယ်ဝန်ဆောင်မိခင်တွေကို ကျန်းမာရေးပညာပေးခြင်း၊ မိသားစုစီမံကိန်း သားဆက်ခြားဝန်ဆောင်မှုပေးခြင်းတွေကို တစ်ဖက်တစ်လမ်းက ဆောင်ရွက်ပေးလျက်ရှိကြောင်း၊ သင်တန်းသူအသင်းဝင်တွေအနေနဲ့လည်း ယခုသင်တန်းမှာ ပို့ချပေးလိုက်တဲ့သင်ခန်းစာတွေကို စိတ်ပါဝင်စားစွာ သင်ယူလေ့လာကြပြီး မိမိတို့ရဲ့ အရည်အသွေးမြင့်တက်လာအောင် မိမိပတ်ဝန်းကျင်မှာရှိတဲ့ ပြည်သူလူထုအတွင်း ကျန်းမာရေးဆိုင်ရာ သတင်းအချက်အလက်တွေ၊ ကာကွယ်ကုသခြင်းဆိုင်ရာ နည်းပညာတွေ၊ မှန်ကန်စွာပျံ့နှံ့ရောက်ရှိဖို့အတွက် ကြိုးစားသင်ယူစေချင်ပါကြောင်း ပြောကြားခဲ့သည်။

ဆက်လက်၍ ရန်ကုန်တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးနှင့် ကုသရေးဦးစီးဌာနမှူး ဒေါက်တာနန္ဒဝင်းက သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားခဲ့ကြောင်း သိရသည်။

အောင်မြင့် (ပြန်/ဆက်)

# နတ်မောက်မြို့၌ စက်သုံးဆီအရောင်းဆိုင်များ မီးဘေးကြိုတင်ကာကွယ်ရေး တာဝန်ရှိသူများစစ်ဆေး

**နတ်မောက် ဇန်နဝါရီ ၂**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်၌ ပွင့်လင်းရာသီသို့ ရောက်ရှိလာပြီဖြစ်သဖြင့် မီးဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် မြို့ပေါ်ရပ်ကွက်များရှိ စက်သုံးဆီအရောင်းဆိုင်များအား ယမန်နေ့က မြို့နယ်မီးသတ်ဦးစီးဌာနက လိုက်လံစစ်ဆေးခဲ့သည်။



ထိုသို့စစ်ဆေးရာတွင် မြို့နယ်အတွင်းရှိ စက်သုံးဆီအရောင်းဆိုင်များအား မီးဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေးအတွက် မိမိဈေးဆိုင် ပတ်ဝန်းကျင်တွင် လောင်စာ အမှိုက်သရိုက်များ ရှင်းလင်းထားရန်၊ မီးလောင်ကျွမ်းမှု၊ မီးလန့်မှုမဖြစ်ပေါ်စေရန်မီးဘေးလုံခြုံရေးအတွက် ရေပုံးနှင့် မီးချိတ်၊ မီးကပ်၊ မီးသတ်ဆေးဘူးများ ထားရှိရန်၊ ပေါက်ပြဲဆွေးမြည့်နေသော လျှပ်စစ်ဝိုင်ယာကြိုးများ အသုံးမပြုရန်၊ ဆိုင်တွင် လူမရှိသောအခါ လျှပ်စစ်မီးခလုတ်များပိတ်ထားရန်၊ အရေးပေါ် ဆက်သွယ်ရမည့်ဖုန်းနံပါတ်များ ထားရှိရန်၊ အချိန်မီ မီးငြိမ်းသတ်နိုင်ရေးတို့အတွက်ရည်ရွယ်၍ လက်တွေ့သရုပ်ပြစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ် (ပြန်ဆက်)

# သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ် - ရန်ကုန် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဖွင့်လှစ်

**ရန်ကုန် ဇန်နဝါရီ ၂**

သွားဘက်ဆိုင်ရာ ဆေးတက္ကသိုလ်–ရန်ကုန် ၂၀၂၅ ပညာသင်နှစ် ဘွဲ့လွန်ဆေးပညာသင်တန်းများ ဖွင့်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက အဆိုပါတက္ကသိုလ် ရွှေရတုခန်းမ၌ပြုလုပ်ရာ သွားဘက်ဆိုင်ရာတက္ကသိုလ်–ရန်ကုန်မှ ပညာရေးအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ သွားနှင့်ခံတွင်းဆိုင်ရာ ဆေးကောင်စီမှ တာဝန်ရှိပုဂ္ဂိုလ်များနှင့် ဘွဲ့လွန်သင်တန်းသား သင်တန်းသူ ၃၄ ဦးတို့ တက်ရောက်ခဲ့ကြပြီး ပါမောက္ခချုပ် ပါမောက္ခဒေါက်တာရွှေတိုးက ကြိုဆိုနှုတ်ခွန်းဆက်စကားပြောကြားခဲ့ကြောင်း သိရသည်။

မြန်မာ့အလင်း

# တွံတေးမြို့နယ် ပဒံရေကျော်ကျေးရွာ၌ ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲ ကျင်းပ

**တွံတေး ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး တွံတေးမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက (၇၇)နှစ်မြောက် လွတ်လပ်ရေးနေ့ကို ကြိုဆိုဂုဏ်ပြုသောအားဖြင့် ပဒံရေကျော်ကျေးရွာ၌ ကျေးရွာတွင်း ကွန်ကရစ်လမ်းသစ်ဖွင့်ပွဲကို ယနေ့နံနက်ပိုင်းက အဆိုပါလမ်းပေါ်၌ ကျင်းပသည်။



ဦးစွာ တွံတေးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တွံတေးခရိုင် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ခရိုင်ဦးစီးမှူးတို့က အမှာစကားပြောကြားပြီး တွံတေးမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနဦးစီးမှူး ဒေါ်ယဉ်ယဉ်ဌေးက ပဒံရေကျော်ကျေးရွာတွင် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းဖြင့် ကျေးရွာတွင်း ကွန်ကရစ်လမ်းခင်းခြင်း လုပ်ငန်းဆောင်ရွက်ခဲ့မှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

အဆိုပါ ကွန်ကရစ်လမ်းသည် အရှည် ၄၂၈ ပေ၊ အကျယ် ၁၂ ပေ၊ ၃ ခြောက်လက်မရှိပြီး ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း ရန်ပုံငွေကျပ်သိန်း ၁၅၀၊ ပြည်သူထည့်ဝင်ငွေကျပ်သိန်း ၃၀ စုစုပေါင်း ရန်ပုံငွေကျပ်သိန်း ၁၈၀ ကိုအသုံးပြုကာ ၂၀၂၄ ခုနှစ် အောက်တိုဘာ စတုတ္ထအပတ်က စတင်အကောင်အထည်ဖော်ဆောင်ရွက်ခဲ့ရာ လုပ်ငန်းများအားလုံး ရာနှုန်းပြည့်ပြီးစီးကြောင်း သိရသည်။

JJJ

# ဒလမြို့နယ်၌ သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲ ကျင်းပ

**ဒလ ဇန်နဝါရီ ၂**

ရန်ကုန်တိုင်းဒေသကြီး ဒလမြို့နယ်၌ မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းက ကြီးမှူးကျင်းပသော (၇၇) နှစ်မြောက် လွတ်လပ်ရေးနေ့ အထိမ်းအမှတ် သားကောင်းမိခင်နှင့်ကလေးပြိုင်ပွဲကို ယနေ့နံနက်ပိုင်းက သီရိဇေယျနေဘ်ရထာအစည်းအဝေးခန်းမ၌ ကျင်းပသည်။

အခမ်းနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးစိုင်းအောင်မြတ်က အမှာစကားပြောကြားပြီး မြို့နယ်မိခင်နှင့်ကလေးစောင့်ရှောက်ရေးအသင်းဥက္ကဋ္ဌ ဒေါ်နုနုထွေးက ကလေးပြိုင်ပွဲနှင့်ပတ်သက်သည့် အချက်အလက်များကို ရှင်းလင်းပြောကြားခြင်း၊ မြို့နယ်ကျန်းမာရေးဦးစီးဌာနဦးစီးဌာနမှူး ဒေါက်တာထွန်းဝင်းက ပြိုင်ပွဲ၏အမှတ်ပေးစည်းကမ်း (၁၁) ချက်ကို ရှင်းလင်းပြောကြားသည်။

အဆိုပါပြိုင်ပွဲတွင် မွေးကင်းစမှ ခြောက်လအထိ၊ ခြောက်လမှ တစ်နှစ်အထိ၊ တစ်နှစ်မှ တစ်နှစ်ခွဲအထိ၊ ကလေးအမြွှာမွေးဖွားသူ၊ သားကောင်းမိခင်ဆုစသော ပြိုင်ပွဲဝင် ၂၀ ကို အမျိုးအစားငါးမျိုးခွဲခြားပြီး ပထမ၊ ဒုတိယ၊ တတိယနှင့် နှစ်သိမ့်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ကြပြီး အကဲဖြတ်ဒိုင်များကိုလည်း အမှတ်တရလက်ဆောင်များ ပြန်လည်ပေးအပ်ခဲ့သည်။

ခင်စန္ဒာမြင့် (ပြန်/ဆက်)



| ၂ - ၁ - ၂၀၂၅ | ရန်ကုန်စတော့အိတ်ချိန်းဈေးကွက် | | | ညီညီ - စုစည်းသည် |
|---|---|---|---|---|
| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
| FMI | ၈၄၀၀ | ၈၂၀၀ | ၁၄၅၈ | ၁၂၁၆၈၂၀၀ |
| MTSH | ၃၀၅၀ | ၃၁၀၀ | ၁၆၉၀ | ၅၁၈၆၅၀၀ |
| MCB | ၈၃၀၀ | ၈၃၀၀ | ၃၀ | ၂၄၉၀၀၀ |
| FPB | ၁၉၀၀ | ၁၉၅၀ | ၄၀၃ | ၇၆၅၉၀၀ |
| TMH | ၀ | ၀ | ၀ | ၀ |
| EFR | ၁၇၀၀ | ၁၇၀၀ | ၈၀၃ | ၁၃၃၄၉၅၀ |
| AMATA | ၄၂၀၀ | ၄၂၀၀ | ၁၀ | ၄၂၀၀၀ |
| MAEX | ၃၁၅၀ | ၃၁၅၀ | ၂၃၆ | ၇၄၃၄၀၀ |
| MADPL (PLB) | ၃၀၀၀ | ၃၀၀၀ | ၂၀၀ | ၆၂၀၀၀၀ |

## အိတ်ဖွင့်တင်ဒါခေါ်ယူခြင်း

၁။ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်၊ မြန်မာ့သစ်လုပ်ငန်း၊ ပဲခူးတိုင်းဒေသကြီး၊ တောင်ငူဒေသ၊ အုတ်တွင်းမြို့နယ်နှင့် ပြည်ဒေသ၊ ပန်းတောင်းမြို့နယ်များရှိ ကြိုးဝိုင်း/သစ် ကွက်များမှ သတ်မှတ်သစ်ဆိပ်သို့ အငှားကားတိုက်လုပ်ငန်းအတွက် အိတ်ဖွင့်တင်ဒါအဆိုပြုလွှာများ တင်သွင်းနိုင်ပါရန် ဖိတ်ခေါ်အပ်ပါသည်။

၂။ **တင်ဒါပုံစံရောင်းချမည့်ရက်** - ၂-၁-၂၀၂၅ရက်မှ ၁၅-၁-၂၀၂၅ရက်

၃။ **တင်ဒါတင်သွင်းရမည့် နောက်ဆုံးရက်** - ၁၆-၁-၂၀၂၅ရက် (၁၆:၃၀)နာရီ

၄။ **တင်ဒါပုံစံရောင်းချမည့် နေရာနှင့် တင်သွင်းရမည့် နေရာ** - မြန်မာ့သစ်လုပ်ငန်း၊ ဒုတိယ အထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့

၅။ **တင်ဒါဖွင့်မည့်ရက်** - ထပ်မံအကြောင်းကြားပါမည်။

၆။ တင်ဒါစည်းကမ်းနှင့် အသေးစိတ်အချက်အလက်များ သိရှိလိုပါကမြန်မာ့သစ်လုပ်ငန်း၊ ဒုတိယအထွေထွေမန်နေဂျာရုံး၊ ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့၏ ဖုန်း -၀၉-၄၀၄၄၅၅၉၆ သို့ ရုံးချိန်အတွင်း ဆက်သွယ်မေးမြန်းနိုင်ပါသည်။

**တင်ဒါကော်မတီ**

## ကန့်ကွက်နိုင်ပါကြောင်း

ညောင်တုန်းမြို့၊ အမှတ်(၂)ရပ်ကွက်၊ အကွက်အမှတ်(၁၆)၊ အကွက်အမည်-တာဝတိံသာရပ်၊ ဦးပိုင်အမှတ်(၉၁၀)၊ ဧရိယာ(၀.၀၄၇)ဧကရှိ ဘိုးဘပိုင်မြေအား ဦးလင်းရိပ်တာရာ ပါ(၂)ဦးတို့၏အမည်ဖြင့် အမည်ပြောင်းလျှောက်ထားမည်ဖြစ်ပါ၍ ကန့်ကွက်လိုပါက ဤကြော်ငြာပါသည့်ရက်မှ ရက်(၃၀)အတွင်း ကန့်ကွက်နိုင်ပါကြောင်း။

**ဦးလင်းရိပ်တာရာ ၁၁/ရဗန(နိုင်) ၀၇၉၄၆၀**
**ဖုန်း-၀၉-၄၄၅၀၀၁၀၄၉**

## ဒီကရီကိုအတည်ပြုရန် အမိန့်မထုတ်သင့်ကြောင်း ထုချေစေရန် အကြောင်းကြားစာ

**(တရားမကျင့်ထုံးဥပဒေအမိန့် ၂၁ ၊နည်းဥပဒေ ၂၂)**
**စစ်ကိုင်းခရိုင်တရားရုံးတော်**
**၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ်-၂၃နှင့်ဆက်နွှယ်သည့်**
**၂၀၂၄ ခုနှစ်၊ တရားမဇာရီမှုအမှတ်-၂၄**

အာရှစိမ်းလန်းမှုဖွံ့ဖြိုးရေး နှင့် ဘဏ်လီမိတက်
(၎င်း၏ကိုယ်စား မုံရွာဘဏ်ခွဲတာဝန်ခံ-ဦးကျော်ဝင်း)
ဒီကရီအနိုင်ရသူ

၁။ ဦးဇော်သင်း(ခ)ဦးဇော်မင်းသန်း
၂။ ဒေါ်စန္ဒာလင်း
တရားရှုံးများ

စစ်ကိုင်းတိုင်းဒေသကြီး၊ စစ်ကိုင်းခရိုင်၊ မြင်းမူမြို့၊ မင်းရဲကျော်စွာရပ်၊ အမှတ်(၃)၊ စံပယ်လမ်း(ကမ်းနားလမ်း)တွင် နေထိုင်သည့် တရားရှုံးများဖြစ်သော (၁)ဦးဇော်သင်း(ခ)ဦးဇော်မင်းသန်း(ဘ)ဦးစိုးသန်း၊ (၂)ဒေါ်စန္ဒာလင်း(ဘ)ဦးတင်အုန်း(ယခု နေရပ်လိပ်စာမသိ)သူတို့ သိစေရမည်။

၂၀၁၈ခုနှစ်၊ တရားမကြီးမှုအမှတ် ၂၃ တွင်ကျရှိသည့် ဒီကရီကို အတည်ပြုလုပ်ရန် ဤရုံးတော်တွင် တရားနိုင်က လျှောက်ထားသည်ဖြစ်၍ မည်သည့်အကြောင်းကြောင့် အတည်ပြုလုပ်စေရန် အမိန့်ကို မထုတ်သင့်ကြောင်း အကြောင်းတစ်ခုခုရှိလျှင် ချေဆိုရန် သင်ကိုယ်တိုင်ဖြစ်စေ၊ ရှေ့နေ သို့မဟုတ် အခွင့်ရကိုယ်စားလှယ်ဖြင့်ဖြစ်စေ ၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ ၁၇ ရက်(၁၃၈၆ခုနှစ်၊ ပြာသိုလဆုတ် ၄ ရက်) မွန်းမတည့်မီ ၁၀နာရီတွင် ဤရုံးတော်ရှေ့လာရောက်ရမည်။

၂၀၂၄ခုနှစ်၊ ဒီဇင်ဘာလ ၂၇ရက်တွင် ဤရုံးတော်တံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုးထုတ်ပေးလိုက်သည်။

**(သင်းသင်းလွင်)**
**ခရိုင်တရားသူကြီး**
**စစ်ကိုင်းခရိုင်တရားရုံး**

## အများသိစေရန်ကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ မြေတိုင်းရပ်ကွက်အမှတ် ၁၂/ချင်းတွင်းအနောက်ရပ်၊ လူနေရပ်ကွက်အမှတ် ဝဏ္ဏဒီပရပ်ကွက်မှ မြေဧရိယာ(၀.၁၁၀)ဧကရှိ မြေကွက်အမှတ် (ပ-၂၃၂၅၁)၏ နှစ် ၃၀ မြေငှားစာချုပ်မူရင်း ပျောက်ဆုံးသွားသဖြင့် မြေငှားစာချုပ်မိတ္တူမှန် ထုတ်ပေးပါရန် မြေကွက်အမည်ပေါက် ဦးဝင့်သူဝင်း(ခ)ဦးလင်းအောင်(ဘ)ဦးခင်မောင်ဝင်း ၁၂/မဂဒ(နိုင်)၀၈၆၂၀၄၏ အထူးကိုယ်စားလှယ်ရရှိထားသူ ဒေါ်နန်းကေသီမြင့်(ဘ)ဦးမြင့်သိန်း ၁၂/ရကန(နိုင်)၀၈၁၇၂၄မှ လျှောက်ထားလာမှုအား ဌာနမှလုပ်ထုံးလုပ်နည်းများနှင့်အညီ ဆောင်ရွက်ပြီး ကန့်ကွက်သူမရှိသဖြင့် မြေငှားစာချုပ်(မိတ္တူမှန်) ထုတ်ပေးမည်ဖြစ်ပါ၍ မူလက ထုတ်ပေးထားသည့် ပျောက်ဆုံးသွားသော မြေငှားစာချုပ်အမှတ် ပုဗ္ဗသီရိ/သစ်-၁၀၄/၂၀၁၃-၂၀၁၄၊ ဦးဝင့်သူဝင်း(ခ) ဦးလင်းအောင်အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မူရင်းကို မြို့ပြစီမံကိန်းနှင့် မြေစီမံ ခန့်ခွဲမှုဌာနမှ ပယ်ဖျက်ပြီးဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

ဥတ္တရသီရိမြို့၊ ဥတ္တရသီရိရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ် ၁/ဥတ္တရသီရိမြောက်ရပ်၊ မြေဧရိယာ(၀ဒသမ၀၅၅)ဧက၊ မြေကွက်အမှတ် (ဥ-၇၄၈၄)၊ ဒေါ်စန်းစန်းဝင်း (ဘ)ဦးတင်လှိုင် အမည်ပေါက် နှစ်(၃၀)မြေငှားစာချုပ်မြေကွက်ကို ဒေါ်နှင်းနွယ်ရည် ၈/ရစက(နိုင်) ၁၃၇၀၈၆(ဘ)ဦးအေဝမ်းမှ နေပြည်တော်စာချုပ်စာတမ်းမှတ်ပုံတင်ရုံး၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် ၃၄၇၅/၂၀၂၃ (၁၉-၉-၂၀၂၃)တင်ပြ၍ ဒေါ်ရတနာအောင် ၁၂/မရက(နိုင်) ၁၀၈၄၀၀(ဘ)ဦးလှအောင် အမည်ဖြင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ်ချုပ်ဆိုရန် မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့် ဒီကရီများ အထောက်အထား ခိုင်လုံစွာတင်ပြ၍ နေပြည်တော်စည်ပင်သာယာရေးကော်မတီ ၊ မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ ၁၅ ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ/မြေရာဇဝင်ရေးကူးခွင့်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

## မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းသင်တန်း

၁။ **သင်တန်းဖွင့်မည့်ရက်များ**
(က) အမှတ်စဉ်(၁/၂၀၂၅) - (၁၅-၁-၂၀၂၅)မှ (၂၁-၁-၂၀၂၅)အထိ
(ခ) သင်တန်းချိန် - (၉:၀၀)နာရီမှ (၄:၀၀) နာရီအထိ

၂။ **သင်ကြားပို့ချမည့်ဘာသာရပ်များ**- မှိုမျိုးစုံမွေးမြူစိုက်ပျိုးထုတ်လုပ်နည်းများ

၃။ **သင်တန်းကြေး** - အခမဲ့(သင်တန်းကာလတွင် ဌာနမှ သင်တန်းဆောင်တွင်အခမဲ့နေထိုင်ခွင့် ပြုပါမည်။

၄။ **စားစရိတ်၊ သင်တန်းမှတ်စု ၊ လက်တွေ့ လုပ်ငန်းဆောင်ရွက်မှု** ကုန်ကျစရိတ်နှင့် ပြင်ပမှိုခြံလေ့လာရေး - သင်တန်းသားများကျခံရမည်။

**စိုက်ပျိုးရေး၊မွေးမြူရေးနှင့်ဆည်မြောင်းဝန်ကြီးဌာန**
**စိုက်ပျိုးရေးဦးစီးဌာန**
**ကော်ဖီ-ရာသီ သီးနှံဌာနခွဲ**
**ဘက်စုံစိုက်ပျိုးမွေးမြူရေးစခန်း၊ (၁၀)မိုင်သင်တန်းကျောင်း**
**ဟံသာဝတီဂေါက်ကွင်းရှေ့၊ ပဲခူးမြို့နယ်**
**ဆက်သွယ်ရန်-၀၉ -၄၂၀၁၇၇၁၁၅၊ ၀၉-၇၉၂၂၅၁၉၈၇**
**(သင်တန်းသား(၃၀)ဦးသာ လက်ခံမည်ဖြစ်ပါသည်။)**

## ဖောင်းကြွပျောက်လျှောက်ထားခြင်း

ယာဉ်အမှတ် 18U/7358 ၏ဖောင်းကြွနံပါတ်ပြား ပျောက်ဆုံး၍ ထုတ်ပေးရန် လျှောက်ထားလာပါသဖြင့် ယခင်ဖောင်းကြွနံပါတ်ပြား ပျက်ပြယ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**ကညန၊တိုင်းဒေသကြီးဦးစီးမှူးရုံး(ပဲခူး)**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

မင်းဘူး(စကု)မြို့နယ်၊ ကန်ရေကျေးရွာအုပ်စု၊ ကွင်းအမှတ် (၁၃၃၀-ရွာမကန်မြောက်)၊ ဦးပိုင်အမှတ် (၂၆/၃)၊ မြေဧရိယာ (၀.၁၆)ဧကရှိ မြေကွက်အား ကျွန်တော် ဦးဟန်မင်းအောင် ၈/မဘန(နိုင်)၀၈၅၈၇၈ အမည်ဖြင့် မင်းဘူးခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အမှုတွဲအမှတ် DORP No. 23V/V2023-2024အရ (၁၁-၁၁-၂၀၂၄ရက်မှ ၁၀-၁၁-၂၀၅၄ထိ) နှစ်(၃၀) မြေငှားဂရန်စာချုပ်အား ထုတ်ပေးရရှိခဲ့ ပါသည်။ အဆိုပါအမည်ဖြင့် ရရှိထားသော မြေငှားစာချုပ်မှာ ပျောက်ဆုံးသွားပါသဖြင့် အသစ်ပြန်လည်လျှောက်ထားမည်ဖြစ်ရာ ကန့်ကွက်လိုသူများရှိပါက ကြော်ငြာပါသည့်ရက်မှစ၍ (၁၅)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်မှုမရှိပါက လုပ်ထုံးလုပ်နည်းများနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးဟန်မင်းအောင်**
အမှတ် (၄)ရပ်ကွက်၊ မင်းဘူးမြို့၊ ဖုန်း-၀၉-၇၈၅၃၄၂၇၂၄

## အများပြည်သူသိရှိစေရန်ကြေညာခြင်း

Online Advertising Platform တွင် ပုဂံမြို့၊ Bagan View Hotel မှ တင်ထားသော Page ကို အတုပြုလုပ် ဖန်တီးကာ Bagan View Hotel ၏အမည်၊ ဓာတ်ပုံများကို အသုံးပြုပြီး အခြားဖုန်းနံပါတ်များဖြင့် အများပြည်သူထံမှ Hotel booking များလက်ခံ၍ အခန်းခငွေများ ကြိုတင်လွှဲအပ်စေပြီး ငွေကြေးလိမ်လည် ရယူမှုများ ပြုလုပ်နေကြောင်း သိရပါသည်။

သို့ဖြစ်ပါ၍ Bagan View Hotel သို့ လာရောက်တည်းခိုမည့် အများပြည်သူထံမှ Bagan View Hotel ၏ Page ကို အတုပြုလုပ်ဖန်တီးကာ အခန်းခငွေများကို KBZ Pay Account ဖြင့် ငွေကြေးလိမ်လည်လက်ခံရယူနေမှုများကြောင့် အများပြည်သူတို့တွင် ငွေကြေးလိမ်လည်ခံရပြီး နစ်နာဆုံးရှုံးမှုများ ဖြစ်ပေါ်လျက်ရှိသည့်အပြင် Bagan View Hotel ၏ ဂုဏ်သိက္ခာကိုလည်း ထိခိုက်မှုများ ဖြစ်ပေါ်လျက်ရှိပါသည်။ သို့ဖြစ်ရာ ယင်းသို့ ပြုလုပ်သူများအနေဖြင့် ဆက်လက်မပြုလုပ်ရန်နှင့် ဆက်လက်ပြုလုပ်ပါက ဖြစ်ပေါ်လာမည့်အကျိုးဆက်များကို ပြုလုပ်သူမှ ရင်ဆိုင်ဖြေရှင်းရမည်ဖြစ်ကြောင်း လေးနက်စွာ သတိပေးကြေညာအပ်ပါသည်။

Bagan View Hotel သည် လုပ်ငန်းသုံးဖုန်းနံပါတ်များအဖြစ် Ph-09-444790476 နှင့် 09-951320821 တို့ကိုသာ အသုံးပြုပြီး Viber Account ကိုလည်း ယင်းဖုန်းနံပါတ်များဖြင့်သာ အသုံးပြုလျက်ရှိပါသည်။ Bagan View Hotel သည် အခန်းခငွေများ ကြိုတင်လက်ခံရာတွင်လည်း Personal ဖုန်းနံပါတ်များဖြင့် ဖွင့်လှစ်ထားသော KBZ Pay Account ဖြင့် လက်ခံဆောင်ရွက်ခြင်းမပြုပါ။ Bagan View Hotel အမည်ဖြင့် ဖွင့်လှစ်ထားသော လုပ်ငန်းသုံး KBZ Pay Account ၏ QR Code ဖြင့်သာ လက်ခံဆောင်ရွက်လျက်ရှိပါကြောင်း အများပြည်သူသိရှိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးမြအောင် (LL.B) စဉ်-၁၅၂၄၃**
**တရားလွှတ်တော်ရှေ့နေ**
**အမှတ် (၄)ရပ်ကွက်၊ ညောင်ဦးမြို့**

## အမှတ်(၂၇၂)၊မင်းရဲကျော်စွာ(၁)လမ်း၊ (၇ )ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ် ၊ ပထမထပ်၊ ခေါင်းရင်းခန်း ( ၁၃ x ၅၀)ပေ တိုက်ခန်းသည်ဒေါ်လှဲ့လှဲ့မွန်တစ်ဦးတည်း၏ ကိုယ်ပိုင်တိုက်ခန်းဖြစ်ပါကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ (၇) ရပ်ကွက်၊ ရာဇာဓိရာဇ် (၂၄) လမ်း၊ အမှတ် (၃၉၈ ) နေ ဒေါ်လှဲ့လှဲ့မွန် (၁၂/ဥကတ(နိုင်) ၁၉၄၁၃၅ )၏ လွှဲအပ်ညွှန်ကြားချက်များအရ အောက်ပါအတိုင်းအသိပေး ကြေညာအပ်ပါသည်-

ကျွန်ုပ်မ ဒေါ်လှဲ့လှဲ့မွန်နှင့် ဦးဇော်လင်းအောင် (၁၂/ဥကတ(နိုင်)၁၅၅၆၈၃) တို့သည်(၁၉-၆-၂၀၀၆ )ရက်တွင် လက်ထပ်ပေါင်းသင်း၍ သားသမီး (၂) ဦးမွေးဖွားပြီးနောက်(၂၄-၁၂-၂၀၂၄)ရက်တွင် လင်မယားကွာရှင်းပြတ်စဲ စာချုပ်ဖြင့်ကွာရှင်းပြီး ဦးဇော်လင်းအောင်၏ကိုယ်ပိုင်ငွေဖြင့် ဝယ်ယူထားသော ၎င်း၏မိဘများဖြစ်သည့် ဦးကျော်မြင့်နှင့်ဒေါ်မြပိုတို့နေထိုင်သည့် တိုက်အမှတ်(၂၇၂)၊ ပထမထပ်၊ ခေါင်းရင်းခန်း(၁၃x၅၀)ပေ မင်းရဲကျော်စွာ(၁)လမ်း၊ (၇ )ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်တွင်တည်ရှိသော တိုက်ခန်းအရောင်းအဝယ်စာချုပ်အားပေးအပ်၍လက်ရောက်ရရှိခဲ့ပါသောကြောင့် ဒေါ်လှဲ့လှဲ့မွန်သိရှိခြင်းမရှိဘဲ လွှဲပြောင်း၊ ရောင်းချခြင်းများ မပြုလုပ်ပါရန်အတွက် အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်များအရ-**

| | | |
|---|---|---|
| **ဒေါ်သူဇာအောင်** | **ဒေါ်ခင်မာထွန်း** | **ဒေါ်လေးလေးနုထွေး** |
| **စဉ်-၁၁၈၇၉ / ၁၇** | **စဉ် - ၁၂၇၀၁ /၁၇** | **စဉ်- ၁၅၃၅၀ / ၁၉** |
| **LL.B, D.B.L, D.I.L, WIPO** | **LL.B, D.B.L,** | **LL.B, LL.M, D.B.L** |
| **(G.C.I.P Switzerland)** | | **(G.C.I.P Switzerland)** |

**တရားလွှတ်တော်ရှေ့နေများ**
**ရုံး -(၇၈၅၄-လွှာ၊ဘယ်)၊ ရာဇာဓိရာဇ် (၂၁ /က )လမ်း၊(၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ရန်ကုန်မြို့၊**
**Ph-09-420009937/ 09-250223181/ 09-253103906**

## မတည်ရင်းနှီးငွေလျှော့ချခြင်းကိစ္စ အသိပေးအကြောင်းကြားခြင်း

BRUNEI ENERGY MYANMAR COMPANY LIMITED ၏ ၃၁-၁၂-၂၀၂၄ရက်တွင် ကျင်းပပြုလုပ်ခဲ့သော အစုရှယ်ယာရှင်များအစည်းအဝေးဆုံးဖြတ်ချက်အရ မတည်ရင်းနှီးငွေအား USD 250000000 မှ USD 252000 သို့ လျှော့ချသွားရန် အဖွဲ့ဝင်များအားလုံးမှ သဘောတူ ဆုံးဖြတ်ခဲ့ကြပါသည်။

**ဒါရိုက်တာအဖွဲ့၊ BRUNEI ENERGY MYANMAR COMPANY LIMITED**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ မရမ်းကုန်းမြို့နယ်၊ (၃)ရပ်ကွက်၊ အောင်သိဒ္ဓိလမ်း၊ တိုက်အမှတ် (၇၉)၊ (၁)ခန်းတွဲ Hall(၅)ထပ်တိုက်၏ အခန်း (ပထမထပ်)ဟုခေါ်တွင်သည့် တိုက်ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ ဒေါ်ဝင်းမြင့်ကြည် (၁၂/မရက(နိုင်) ၁၈၃၆၃၄)ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၁၁ အေ) အပိုင်း (၂)၊ လူနေရပ်ကွက်အမှတ် (အရှေ့ပြည်သာ)၊ ခရေလမ်း၊ ခြံအမှတ် (G-12)၊ မြေကွက်အမှတ် (၁၁၄)၊ အကျယ်အဝန်း (၀.၁၃၃)ဧကရှိ ဒေါ်ခင်မြတ်မြတ်သွေး (၁၂/ပဇတ(နိုင်) ၀၀၃၀၁၁) အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို ရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ခင်မြတ်မြတ်သွေး ထံမှ ကျွန်ုပ်တို့၏ မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေ ပေးချေထားပြီးဖြစ်ပါသည်။ အရောင်းအဝယ်အား ကန့်ကွက်လိုပါက ကျွန်ုပ်တို့ထံသို့ စာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ယနေ့မှစ၍ (၇)ရက်အတွင်းလာရောက် ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ လွှဲအပ်ညွှန်ကြားချက်အရ

| | |
|---|---|
| **ဦးခင်မောင်ဦး** | **ဒေါ်လင်းလင်းထက်** |
| **LL.B, D.B.L, D.I.L.,** | **LL.B,** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၈၈၅၂)** | **အထက်တန်းရှေ့နေ(စဉ်-၄၈၃၃၈)** |

**၀၉ ၅၅၀ ၆၁၄၆ ၊ ၀၉ ၄၅၅၅၀ ၆၁၄၆**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ (၉)ရပ်ကွက်၊ ရတနာပုံ (၄)လမ်း၊ အမှတ် (၁၁၅၄/ခ)၊ အဆောက် အအုံ၏ မြေညီထပ်(မှန်ခန်းပါ)၊ (ဂရန်အမည်ပေါက်-ဦးဝင်းအောင်) အကျယ် (၁၈x၅၅)ပေတိုက်ခန်းကို ဝယ်ယူပိုင်ဆိုင်နေ ထိုင်လျက်ရှိသူ ဦးဝင်းနိုင် (၁၀/ခဆန(နိုင်)၀၁၅၈၃၄) ထံမှ ကျွန်ုပ်မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေတစ်စိတ်တစ်ဒေသပေးချေ ဝယ်ယူထားပြီးဖြစ်ပါသည်။ ကန့်ကွက်လိုသူရှိပါက တရားဝင်ခိုင်လုံသောအထောက်အထားမူရင်းများ ဖြင့် ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုရက်ကျော်လွန်ပါက အရောင်းအဝယ်ကိစ္စကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်စန်းစန်းမော် တရားလွှတ်တော်ရှေ့နေ (စဉ်-၇၉၆၆)**
**ရုံးလိပ်စာ-အမှတ် (က/၇၂၁)၊ မြောက်ဥက္ကလာပမြို့နယ်၊ တရားရုံးရှေ့၊**
**ခေမာသီလမ်းမကြီး၊ မြောက်ဥက္ကလာပမြို့နယ်၊**
**ဖုန်း-၀၉-၂၅၄၄၉၁၂၄၈၊ ၀၉-၉၇၂၇၇၀၉၀၉**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် 4E/3732, Mitsubishi Pajero V78, S/W (4x4)(R) ယာဉ်လက်ဝယ်ရှိသူဦးစိုင်းစန်းယု ၁၂/တမန(နိုင်)၀၄၈၄၅၉က(ကမ-၃)ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့် ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင်လာရောက် ကန့်ကွက်နိုင်ပါသည်။ **ကညန၊ ခရိုင်ရုံး (ရန်ကုန်အနောက်ပိုင်း)**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ သဃ်န်းကျွန်းမြို့နယ်၊ ငမိုးရိပ်ရပ်ကွက်၊ ငမိုးရိပ်(၉)လမ်း၊ အပိုင်း(၄)၊ အမှတ်(၁၆၉)၊ ပထမထပ်(ဘီ)ဟုခေါ်တွင်သော အကျယ်အဝန်း(၁၂ပေခွဲ x ၅၀ပေ)ရှိ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်း၏ အကျိုးခံစားခွင့်များအားလုံးကို ဒေါ်သီဂီနိုင် ၁၁/တကန(နိုင်)၀၅၉၃၉၇မှ ယနေ့အချိန်ထိ မိမိမှသာလျှင် လက်ဝယ်လက်ရှိ ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ် ၏မိတ်ဆွေမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်းအထောက်အထား (မူရင်း) များဖြင့် ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့် အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်(၇၁၀)၊(၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉- ၇၈၃၅၃၅၀၀၃**

## ကန့်ကွက်နိုင်ပါကြောင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်(ဗ)၊ လူနေရပ်ကွက်အမှတ်(၁၃)၊ စစ်ကိုင်းလမ်း၊ မြေကွက်အမှတ်(၃၇/၃၃၄)၊ အကျယ်အဝန်း(၁၀x၆၀)ပေရှိ ဦးသန်းထွန်းအောင် ၁၂/လမတ(နိုင်)၀၁၀၆၇၄ အမည်ပေါက် ပါမစ်မြေကွက်(မိတ္တူ)နှင့်ယင်းမြေကွက်ပေါ်ရှိ အဆောက်အအုံအပါအဝင် အကျိုးခံစားခွင့်အားလုံးတို့ကို အမည်ပေါက်ဖြစ်သူထံမှ အရပ်ကတိစာချုပ်အဆက်စပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ခဲ့သူ ဒေါ်သဇင်နွယ် ၁၂/ရပသ(နိုင်) ၀၃၁၂၂၈မှ ယနေ့အချိန်ထိ မိမိမှသာလျှင် လက်ဝယ်လက်ရှိနေထိုင်ပိုင်ဆိုင်၍ အရှုပ်အရှင်းကင်းပြီး ပြန်လည်လွှဲပြောင်း ရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြု ပြောကြားလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေဖြစ်သူမှ ဝယ်ယူရန်အတွက် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါ အရောင်းအဝယ်အား ကန့်ကွက်လိုပါက စာရွက်စာတမ်း အထောက်အထား(မူရင်း)များဖြင့် ဤကြော်ငြာပါသည့် ရက်မှစ၍ ခုနစ်ရက်အတွင်း ကျွန်ုပ်ထံသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ညွှန်ကြားချက်အရ-**
**ဒေါ်တင်ဇာလွင်(LL.B) တရားလွှတ်တော်ရှေ့နေ(စဉ်-၁၂၄၂၇)**
**အမှတ်(၇၁၀)၊ (၂၅)လမ်း၊ (၅)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်၊ ဖုန်း-၀၉-၇၈၃၅၃၅၀၀၃**

# အထူးကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းလွှာ

မြန်မာနိုင်ငံစာရေးဆရာအသင်းက ကြီးမှူးကျင်းပသော ၁၃၈၆ ခုနှစ်၊ မြန်မာနိုင်ငံစာဆိုတော်နေ့ အထိမ်းအမှတ်အခမ်းအနားနှင့် (၃၇)ကြိမ်မြောက် သက်ကြီးစာပေပညာရှင်များအား ပူဇော်ကန်တော့ပွဲကို ၂၈-၁၂-၂၀၂၄ ရက် (စနေနေ့) နံနက် ၉ နာရီတွင် ရန်ကုန်မြို့တော်ခန်းမ၌ စည်ကားသိုက်မြိုက် အောင်မြင်စွာ ကျင်းပပြီးစီးခဲ့ပါသည်။

အခမ်းအနားသို့ မွန်မြတ်သောစေတနာ သဒ္ဓါထက်သန်စွာဖြင့် အလှူငွေထည့်ဝင်လှူဒါန်းပေးပါသော ပဲခူးတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမျိုးဆွေဝင်းနှင့် တိုင်းဒေသကြီး ဝန်ကြီးများအား အထူးပင်ကျေးဇူးတင်ရှိပါကြောင်း မှတ်တမ်းတင်ဂုဏ်ပြုဖော်ပြအပ်ပါသည်။

**မြန်မာနိုင်ငံစာရေးဆရာအသင်း**


## ၂၀ပေ×၆၀ပေ RC ၃ ထပ်တိုက်ရောင်းမည်

ထောက်ကြန့်ကွက်၊ မင်းဂေါင် ၁ လမ်း၊ (မြပတ္တစိုရ်လမ်းကျော်ကပ်)၊ ၆ ရပ်ကွက်၊ တောင်ဥက္ကလာ၊ ဂရံအမည်ပေါက်၊ 3MB ၊ GYM ခန်း၊ ပန်းခြံ၊ ဘုရားခန်း၊ Level 2 EV အားသွင်းစက်။ ပါဝါ+ ရိုးရိုးမီတာ။ အဝီစိ+ ဂျီးဖြူရေ တိုက်သက်တမ်း ၅ နှစ်။ ကား ၄ စီးရပ်နိုင်။

09 43021001 ၁၂၅၀၀သိန်း(ညှိနှိုင်း)


## ဖခင်အမည်မှန်

ဟသ်ာတမြို့နယ်၊ ဒူးယား အထက G-10မှ မောင်စိုးလင်းအောင် ၁၄/ဇလန(နိုင်)၂၂၆၃၄၇၏ ဖခင် ဦးဇာဏီလင်း ၁၄/ဇလန(နိုင်) ၁၀၆၀၄၄နှင့် ဦးဇာနည်လင်းသည် ဖခင်တစ်ဦးတည်းဖြစ်ပြီး ဇလွန်မြို့နယ်၊ အလက အင်းဇောင်း G-8 မှ မစုလဲ့မွန်၏ ဖခင် ဦးဇာဏီလင်း ၁၄/ဇလန(နိုင်)၁၀၆၀၄၄ နှင့် ဦးဇာနည်လင်းသည် ဖခင် တစ်ဦးတည်းဖြစ်ပါကြောင်း။

## ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ (၆)ရပ်ကွက်၊ ခိုင်မဥ္ဇူလမ်း၊ အမှတ်(၂၈)ရှိ ကိုမျိုးမင်း (၁၄/မအပ(နိုင်)၁၄၅၀၂၂) နှင့် မခင်ဥမ္မာဦး (၁၄/မအပ(နိုင်)၁၈၁၇၉၀) တို့ ပိုင်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သော ပစ္စည်းများ၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများနှင့် ပတ်သက်၍ အများသိစေရန် သတိပေးကြေညာချက်

ဧရာဝတီတိုင်းဒေသကြီး၊ မအူပင်မြို့နယ်၊ အမှတ်(၆)ရပ်ကွက်၊ ခိုင်မဥ္ဇူလမ်း၊ အမှတ်(၂၈)နေ ဒေါ်ခင်ဥမ္မာဦး (ဘ) ဦးချစ်ခင် (၁၄/မအပ(နိုင်)၁၈၁၇၉၀) မှ အများသိစေရန် အောက်ပါအတိုင်း အသိပေးကြေညာအပ်ပါသည်-

ကျွန်မ ဒေါ်ခင်ဥမ္မာဦးနှင့် ကိုမျိုးမင်း(၁၄/မအပ(နိုင်)၁၄၅၀၂၂)တို့သည် မြန်မာဓလေ့ထုံးတမ်း အစဉ်အလာအရ တရားဝင် လက်ထပ်ပေါင်းသင်းခဲ့ရာ သားသမီး(၂) ဦးထွန်းကားခဲ့ပြီး အောက်ပါရွှေ့ပြောင်းနိုင်သော ပစ္စည်းများနှင့် မရွှေ့မပြောင်း နိုင်သော ပစ္စည်းများ ဖြစ်ထွန်းပိုင်ဆိုင်ခဲ့ပါသည်။

(၁) အမှတ်(၂၈)၊ ခိုင်မဥ္ဇူလမ်း၊ (၆)ရပ်ကွက်၊ မအူပင်မြို့ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ။
(၂) မအူပင်မြို့နယ်၊ အောင်ချမ်းသာကျေးရွာရှိ ပေ(၂၀ x ၆၀)အကျယ်ရှိ မြေနှင့် ယင်းမြေပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အအုံ။
(၃) မအူပင်မြို့နယ်၊ ကျွန်းစုကျေးရွာအုပ်စု၊ တမံလေးကျေးရွာရှိ ကွင်းအမှတ် (၈၂၈)၊ ဦးပိုင်- ၁၆/၄ ဟုခေါ်တွင်သော လယ်မြေ ၁ဒသမ၃၃ဧက။
(၄) HONDA 125 အမျိုးအစား မော်တော်ယာဉ် ဆိုင်ကယ် အမှတ် AYY-16W (67057)(၁)စီး။
(၅) HONDA Wave အမျိုးအစား မော်တော်ယာဉ်ဆိုင်ကယ်အမှတ် (၁၆ယ-52039) (၁)စီး။
(၆) Click အမျိုးအစား၊ အနီ+အနက်ရောင် မော်တော်ယာဉ်(၁)စီး။
(၇) ဆောက်လုပ်ရေးလုပ်ငန်းသုံး(၂၂)ကောင်အား၊ 10-KB၊ မီးစက်(၁)လုံး။
(၈) BS-T 750 MNZ မီးခံသေတ္တာ(၁)လုံး။
(၉) ဆောက်လုပ်ရေးလုပ်ငန်းသုံး ဘိလပ်မြေမွှေစက်အသေး(၃)လုံး-တို့ဖြစ်ပါသည်။

ယခုအခါ ကျွန်မတို့လင်မယားနှစ်ဦးမှာ စိတ်သဘောထားချင်း မတိုက်ဆိုင်တော့ပါသဖြင့် အထက်ပါ ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့မပြောင်းနိုင်သောပစ္စည်းများအား ကျွန်မ၏ အတိအလင်း သဘောတူခွင့်ပြုချက်မပါဘဲ မည်သူတစ်ဦး တစ်ယောက်မျှ ရောင်းချခြင်း၊ ဝယ်ယူခြင်း၊ ပေါင်နှံခြင်း၊ ပေးကမ်းခြင်း၊ စွန့်လွှတ်ခြင်း၊ လှူဒါန်းခြင်း၊ လက်ဝယ်ထားရှိခြင်း၊ အာမခံတင်သွင်းခြင်းတို့ အပါအဝင် လွှဲပြောင်းခြင်းတို့ကို မပြုလုပ်ပါရန် နှင့်ပြုလုပ်ခဲ့ပါက ပြုလုပ်သူတို့၌သာ တာဝန်အပြည့်အဝ ရှိပါကြောင်းကို အများသိရှိစေရန် အသိပေးလိုက်ပါသည်။

ယခုကြေညာချက် မတိုင်မီ ယင်းပစ္စည်းများအား ကျွန်မ၏ ခွင့်ပြုချက်မပါရှိဘဲ ဝယ်ယူလွှဲပြောင်း၊ လက်ရောက် ရရှိထားသူများကို ကျွန်မမှ လိုအပ်လျှင် တည်ဆဲဥပဒေများနှင့်အညီ ရာဇဝတ်ကြောင်း၊ တရားမကြောင်းတို့နှင့်လည်း အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်းနှင့် မကြာခင်တွင်လည်း လင်မယားကွာရှင်းပြတ်စဲရန်နှင့် ပစ္စည်းခွဲဝေရန်အတွက် သက်ဆိုင်ရာ တရားရုံးတွင်ပြုလုပ်သွားရန် စီစဉ်နေကြောင်းကိုလည်း တစ်ပါတည်း သတိပေးကြေညာလိုက်ပါသည်။

**ဒေါ်ခင်ဥမ္မာဦး**
**၁၄/မအပ(နိုင်)၁၈၁၇၉၀**
**အမှတ်(၂၈)၊ ခိုင်မဥ္ဇူလမ်း၊ (၆)ရပ်ကွက်၊ မအူပင်မြို့နယ်၊**
**ဧရာဝတီတိုင်းဒေသကြီး**

## တင်ဒါပိတ်သိမ်းမည့်နေ့ရက်ပြင်ဆင်ခြင်း

ကျန်းမာရေးဝန်ကြီးဌာန၊ ကုသရေးဦးစီးဌာနသည် (၂၀၂၄-၂၀၂၅) ခုဘဏ္ဍာရေးနှစ်တွင် ဆေးရုံသုံးစက်ပစ္စည်းကိရိယာများအား ဝယ်ယူရန် တင်ဒါအမှတ်-21DMS/2024-2025(L)ဖြင့် တင်ဒါခေါ်ယူမည် ဖြစ်ပါကြောင်း (၂၈-၁၂-၂၀၂၄)ရက် မြန်မာ့အလင်းသတင်းစာ စာမျက်နှာ(၂၅)ကော်လံ(၃)နှင့် (၂၉-၁၂-၂၀၂၄)ရက် မြန်မာ့အလင်း သတင်းစာ စာမျက်နှာ(၂၈)ကော်လံ (၁) တို့၌ ကြော်ငြာခဲ့ရာတွင် တင်ဒါပိတ်သိမ်းမည့်နေ့ရက်အား (၁၅-၁၂-၂၀၂၅)ရက် ကြော်ငြာခဲ့ခြင်းကို (၁၅-၁-၂၀၂၅)ရက်ဟု တင်ဒါပိတ်သိမ်းမည့်ရက်ပြင်ဆင်ကြောင်း အသိပေးအပ်ပါသည်။

**တင်ဒါလက်ခံရေးနှင့်စိစစ်ရေးကော်မတီ**
**ကုသရေးဦးစီးဌာန**
**ကျန်းမာရေးဝန်ကြီးဌာန**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အေးသာယာရပ်ကွက်၊ သဇင်(၂၀)လမ်း၊ မြေကွက်အမှတ် (G-၂၂၈)၊ စလစ်မြေအမျိုးအစား၊ သက်ဆိုင်ရာဌာနတွင် ဦးတင်အောင်၊ ဦးညွန့်ဝင်း (SRM-၀၉၁၆၂၆) အမည်တွင်သည့်ပေ (၄၀'x၆၀')အကျယ်ရှိသည့် အနက်မှ ခေါင်းရင်းခြမ်းပေ (၂၀'x၆၀')အကျယ်ရှိ မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ ပျဉ်ထောင်အိမ်တစ်လုံး အပါအဝင် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို လက်ရှိပိုင်ဆိုင်ရောင်းချပိုင်ခွင့်ရှိသူဟုဆိုသူ ဒေါ်ပန်းအိခိုင်(၁၂/လမန(နိုင်)၁၄၆၇၄၃)ထံမှ ကျွန်ုပ်မိတ်ဆွေက ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကိုပေးချေပြီးဖြစ်ပါသည်။ ကန့်ကွက်လိုပါက ကြော်ငြာပါသည့်ရက်မှ (၇)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်း မူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လူကိုယ်တိုင်လာ ရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်သင်းသင်းဝေ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၈၇၈၄)**
**အမှတ် (I-၃၇)၊ တော်ဝင် (၁၂)လမ်း၊ အေးသာယာရပ်ကွက်၊ သန်လျင်မြို့၊**
**ဖုန်း-၀၉-၇၉၉၄၂၂၈၆၇**

## နှစ်ဦးသဘောတူကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်းကြေညာခြင်း

ကျိုင်းတုံမြို့၊ မိုင်းလန်းအုပ်စု၊ ဝမ်ကျင်းရွာနေ ဦးမြင့်သိန်း၏သမီး ကျွန်မ ဒေါ်ရတနာလှိုင် ၁၃/ကတန(နိုင်)၁၈၈၀၇၀နှင့်တာချီလိတ်မြို့၊ ဝမ်လုံအုပ်စု၊ ဟွေခိုက်ရွာနေ ဦးဝင်းမြင့်၏သား ဦးအောင်ဖြိုးသန့် ၁၃/တခလ(နိုင်) ၁၀၀၈၃၀ တို့သည် စိတ်သဘောထားခြင်း တိုက်ဆိုင်မှုမရှိတော့သည့်အတွက် (၃၀-၁၂-၂၀၂၄) ရက်တွင် နှစ်ဦးသဘောတူ ကွာရှင်းပြတ်စဲပြီးဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ (၎င်းနှင့်ပတ်သက်သည့် မည်သည့်ကိစ္စရပ်များကိုမှ တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ပါကြောင်း။)

**ဒေါ်ရတနာလှိုင် ၁၃/တကန(နိုင်)၁၈၈၀၇၀**

## အမွေပြတ်စွန့်လွှတ်ကြောင်း
## သားဖြစ်သူ မောင်အောင်မိုးနှင့် အများသိစေရန်ကြေညာခြင်း

ရှမ်းပြည်နယ်တောင်ပိုင်း၊ ကလောခရိုင်၊ အောင်ပန်းမြို့၊ ရွာငံစုရပ်ကွက်၊ အိမ်အမှတ် (၁၉၈)နေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်ကျန်ပတ်(ခ)ဒေါ်ကြည်အေး (၁၃/ကလန(နိုင်)၀၅၆၂၁၄)၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်း အများသိစေရန်ကြေညာအပ်ပါသည်။ (ပရင်း(ခ)ဦးခင်မောင်ဝင်း)နှင့် ဒေါ်ကျန်ပတ် (ခ) ဒေါ်ကြည်အေးတို့တွင် သားသမီး(၄)ဦးရှိသည်အနက် ပထမသားကြီးဖြစ်သူ မောင်အောင်မိုး (၁၃/ကလန(နိုင်)၀၅၆၄၄၃)သည် ဖခင်ဖြစ်သူ ကွယ်လွန်ပြီးနောက် မိခင်ဖြစ်သူပိုင်ဆိုင်သော မြေကွက်များအား ရောင်းချပြီး ရောင်းရငွေများအားလုံးကို မိမိအမွေဝေစုအဖြစ်ပြောဆိုပြီး ရယူကာ မိမိကိုယ်ကျိုးအတွက် အသုံးပြုခဲ့ခြင်း၊ မိခင်ပိုင်ဆိုင်သည့် နေအိမ်ရှိ ရွှေ့ပြောင်းနိုင်သော ပစ္စည်းများအား မိမိကိုယ်ကျိုးအတွက် ယူဆောင်ကာ ရောင်းချအသုံးပြုခဲ့ခြင်း၊ မိခင်၏ပြောဆိုဆုံးမမှုများကို နာခံမှုမရှိခြင်း၊ မိခင်ဖြစ်သူနှင့် ညီအစ်ကိုမောင်နှမများပေါ် စိတ်ဆင်းရဲ၊ ကိုယ်ဆင်းရဲဖြစ်အောင် အကြိမ်ကြိမ်ပြုမူသည့်အပြင် မိသားစုဂုဏ်သိက္ခာကျဆင်းညှိုးနွမ်းစေရန် အကြိမ်ကြိမ်အခါခါ ပြုလုပ်လာသဖြင့် ဤကြေညာပါသည့်ရက်မှစ၍ မောင်အောင်မိုးနှင့် ပတ်သက်သည့် မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းဆောင်ရွက်ပေးမည်မဟုတ်ကြောင်းနှင့် ရာသက်ပန်သားအဖြစ်မှ အမွေပြတ်စွန့်လွှတ်လိုက်ပါကြောင်း မောင်အောင်မိုးနှင့် အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ကျန်ပတ်(ခ)ဒေါ်ကြည်အေး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဦးခွန်ဌေးအောင်ကျော် (LL.B, C.B.L,D.B.L, D.I.L)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၀၇၁၈)**
**အမှတ် (၂၀)၊ ပြည်ထောင်စုလမ်းမကြီး၊ မိုးကောင်းရပ်ကွက်၊ အောင်ပန်းမြို့၊**
**ဖုန်း-၀၉-၄၀၂၆၁၁၃၃၉**

## ပြည်တက္ကသိုလ်
## ဘွဲ့နှင်းသဘင် ဓာတ်ပုံနှင့် ဗီဒီယိုရိုက်ကူးခွင့် တင်ဒါခေါ်ယူခြင်း

၂၀၂၅ခုနှစ်၊ ဇန်နဝါရီလ (၁၆)ရက်မှ (၂၈)ရက်နေ့အထိ ကျင်းပမည့် ပြည်တက္ကသိုလ် (၂၂)ကြိမ်မြောက် (နေ့သင်တန်း)နှင့် (အဝေးသင် သင်တန်း) ဘွဲ့နှင်းသဘင် အခမ်းအနားတွင် ဓာတ်ပုံနှင့်ဗီဒီယို ရိုက်ကူးခြင်း လုပ်ငန်းအတွက် မြန်မာနိုင်ငံသားလုပ်ငန်းရှင်များ အိတ်ဖွင့်တင်ဒါတင်သွင်း လျှောက်ထားနိုင်ပါသည်။

တင်ဒါလျှောက်လွှာများကို (၃-၁-၂၀၂၅)မှ (၁၀-၁-၂၀၂၅)ရက်နေ့အတွင်း စီမံ/ဘဏ္ဍာဌာနတွင် မွန်းတည့် (၁၂:၀၀)နာရီ နောက်ဆုံးထား၍ တင်သွင်းလျှောက်ထားနိုင်ပါသည်။ တင်ဒါစည်းကမ်းချက်များကိုပြည်တက္ကသိုလ် ကြော်ငြာသင်ပုန်းများတွင် ဖတ်ရှုလေ့လာနိုင်ပါသည်။ အသေးစိတ်သိရှိလိုပါက ဖုန်း-၀၉ ၄၂၆၁၂၉၀၁၈ တို့ကို စုံစမ်းမေးမြန်းနိုင်ပါသည်။

**အတွင်းရေးမှူး**
**ဓာတ်ပုံနှင့်ဗီဒီယိုရိုက်ကူးခွင့်**
**တင်ဒါရွေးချယ်ရေးကြီးကြပ်မှုဆပ်ကော်မတီ**
**ပြည်တက္ကသိုလ်**

## ရန်ကုန်တိုင်းဒေသကြီး ၊ ပုဇွန်တောင်မြို့နယ် ၊ (၉) ရပ်ကွက် ၊ အိမ်ကြီးလမ်း၊ အမှတ် - ၃၆ ၊ အခန်း - ၁၁၊ ဆဋ္ဌမထပ် (၆-လွှာ) (လက်ဝဲဘက်ခြမ်း) အကျယ်အဝန်း (၁၇'ပေx၅၀'ပေ)ရှိ တိုက်ခန်း (၁) ခန်းနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ပါတိုက်ခန်းအား တရားဝင် လက်ဝယ်ပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိ ပြုသူ ဒေါ်ခင်သဥ္ဇာဝင်း (၁၂/တကန(နိုင်)၁၀၀၁၈၁) ထံမှ ကျွန်ုပ်မိတ်ဆွေ၏ ၁။ ဦးဝင်းသူစိုး (၈/ရစက(နိုင်)၁၇၆၇၂၅)၊ ၂။ ဒေါ်ဝင်းငယ်ငယ်ထွန်း (၁၁/မအန(နိုင်)၀၅၀၇၃၄)တို့က ဝယ်ယူရန်သဘောတူညီပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည် ကန့်ကွက်လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်စိုး - LL.B တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)**
**ရုံးခန်းလိပ်စာ-အမှတ်-၁၁၂(ပထမထပ်)၊ မြင်တော်သာလမ်း၊**
**၂/တောင်ရပ်ကွက်၊ သာကေတမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## ရန်ကုန်တိုင်းဒေသကြီး၊ သာကေတမြို့နယ်၊ ၆/အရှေ့ရပ်ကွက်၊ ဝေဇယန္တာအရှေ့(၁၁)လမ်း၊ အမှတ်-၁၀၁၄၊ အကျယ်အဝန်း (၁၀ပေ x ၆၀ပေ) အိမ်ခြံမြေနှင့် ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန် ကြေညာခြင်း

အထက်ပါ အိမ်ခြံမြေအား အရပ်ကတိစာချုပ်ဖြင့် တရားဝင်ဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဦးဝင်းမြင့် ၁၂/ဥကတ(နိုင်) ၁၀၆၆၄၅ထံမှ ကျွန်ုပ်၏ မိတ်ဆွေ ဦးဝဏ္ဏဖြိုး ၁၁/ရဗန(နိုင်) ၀၇၈၉၇၂က ဝယ်ယူရန် သဘောတူညီပြီး အပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ ကန့်ကွက် လိုသူများရှိပါက ဤကြေညာပါသည့်ရက်မှစ၍ ခုနစ်ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်း မူရင်းများနှင့်အတူ ကျွန်ုပ်ထံသို့ လာရောက် ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ဤအရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ထက်မြတ်စိုး(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၆၃၀၇)**
**ရုံးခန်းအမှတ်-၃၊ သုမနလမ်းမကြီး၊ သာကေတမြို့နယ်ဥပဒေရုံးရှေ့၊**
**သာကေတ မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊ ဖုန်း-၀၉-၂၅၂၄၀၄၄၈၉**

## ဖခင်အမည်မှန်

မကွေးတိုင်းဒေသကြီး၊ မင်းဘူး(စကု)မြို့နယ်၊ အခြေခံပညာနှင့် စက်မှုစိုက်ပျိုးမွေးမြူရေး အထက်တန်းကျောင်း(စကု) Grade-10မှ မောင်ကျော်ဇင်လင်းနှင့် Grade-7မှ မောင်မင်းသန့်နိုင်တို့၏ဖခင် ဦးအောင်ဇေယျာလင်း၏ အမည်မှန်မှာ ဦးဇေယျာလင်း (၈/မဘန(နိုင်)၁၃၇၅၈၉) ဖြစ်ပါကြောင်း။

**ဦးဇေယျာလင်း**

## အမည်ပြောင်း

ထားဝယ်မြို့၊ ပညာရွှေပြည်ကိုယ်ပိုင် အထက်တန်းကျောင်း Grade-2 မှ မမိုးမြင့်သီရိကြယ်အား မမေသီရိ အောင်ဟုလည်းကောင်း၊ မမိုးမြင့်မြတ်နိုးကြယ်အား မမေမြတ်နိုးအောင်ဟုလည်းကောင်း ပြောင်းလဲခေါ်ဆိုပါရန်။

**မမေသီရိအောင်၊**
**မမေမြတ်နိုးအောင်**

## ဖခင်အမည်မှန်

ပုလောမြို့နယ်၊ ပလမြို့၊ အမှတ် (၃)ရပ်ကွက်၊ အောင်မင်္ဂလာလမ်း၊ အိမ်အမှတ် (၁၈၁)နေ မယွန်းပန်းချီလှိုင်၏ ဖခင်အမည်မှန်မှာ အိမ်ထောင်စုစာရင်းအရ ဦးအောင် လှိုင်ဝင်း ၆/ပလန(နိုင်)၀၄၆၀၄၀ ဖြစ်ပါကြောင်း။

**ဦးအောင်လှိုင်ဝင်း**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

တောင်ငူခရိုင်၊ ဖြူးမြို့၊ ဆေးရုံရပ်ကွက်၊ အကွက်အမှတ်နှင့်အမည် (၂-က၊ ဖြူးဈေးမြောက်ရပ်)၊ ဦးပိုင်အမှတ်(၁၉)ဧရိယာ(၀ဒသမ ၀၆၄) ကေရှိ မြေအား ဦးဇော်လင်းငွေ အမည်ဖြင့် သက်တမ်းတွင်း/အမည်ပြောင်း မြေငှားဂရန် တင်ပြလျှောက်ထားလာမှုနှင့် ပတ်သက်၍ ကျိုးကြောင်းဖော်ပြချက် ခိုင်လုံစွာဖြင့် ကန့်ကွက်တင်ပြနိုင်သူ မည်သူမဆို ယခုလျှောက်ထားခြင်းအား ဆောင်ရွက်မပေး သင့်ကြောင်း ယခုကြေညာစာပါသည့်ရက်မှစ၍ ၁၅ရက်အတွင်း မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဖြူးမြို့သို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်မှုမရှိပါက လျှောက်ထားသူအား လုပ်ထုံးလုပ်နည်း ညွှန်ကြားချက်များနှင့်အညီ မြေငှားဂရန် ထုတ်ပေးရေးကို ဆက်လက်ဆောင်ရွက်သွားမည် ဖြစ်ပါကြောင်း အများပြည်သူများ သိရှိစေရန် ကြေညာအပ်ပါသည်။

**မြို့နယ်အထွေထွေအုပ်ချုပ်ရေး**
**ဦးစီးဌာန၊ ဖြူးမြို့**

## ကန့်ကွက်နိုင်ပါကြောင်းအများသိစေရန် ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ် (၁၂၇)၊ ဦးအေး (၂)လမ်းနေ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဒေါ်အေးအေးမိုး ၁၂/လမန(နိုင်)၁၀၀၈၈၄သည် (၉-၁၂-၂၀၂၄)ရက်စွဲပါ တိုက်ခန်းအရောင်းအဝယ် စရန်ပေးကတိစာချုပ်ဖြင့် ဦးဉာဏ်ထွန်းထွန်း (ကန်ထရိုက်တာ) ၉/တကန(နိုင်)၁၁၃၇၉၈ ထံမှ ရန်ကုန်တိုင်းဒေသကြီး ၊ လှိုင်မြို့နယ်၊ (၁၆ )ရပ်ကွက်၊ ဦးအေး (၃)လမ်း၊ အမှတ် (၁၀၂) ၊ (ဓမ္မာရုံနောက်၊ မဟုတ်) A-4 လွှာ (25'x50')ရင်ကွဲ (၅)ထပ်၊ ခေါင်းရင်းဘက်အခန်းနှင့် ယင်း၏တွယ်ကပ်ပစ္စည်းများ အပါအဝင် ပိုင်ဆိုင်မှုအထောက်အထား၊ စာရွက်စာတမ်းမူရင်း ၊ မိတ္တူများနှင့် အကျိုးခံစားခွင့် အရပ်ရပ်အားလုံးတို့ကို အပိုင်ဝယ်ယူရန် ကျွန်ုပ်၏မိတ်ဆွေမှ စရန်ငွေပေးချေပြီးဖြစ်ပါသည်။ အထက်ပါ တိုက်ခန်းအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤသတင်းစာကြေညာပါရှိသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသော အထောက်အထား စာရွက်စာတမ်းမူရင်းများနှင့် တကွလာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်အေးအေးမိုး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ယဉ်မြတ်မွန် (LL.B.DBL) တရားလွှတ်တော်ရှေ့နေ (စဉ်-၁၆၈၄၂)**
**အမှတ် (၁၆၇)၊ မြေညီထပ်၊ ၃၈-လမ်း (လယ်)၊ (၆)ရပ်ကွက်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး၊**
**Ph: 09-429938797**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (77W/97047) Sporter-125 ယာဉ်လက်ဝယ်ရှိသူ Orchid Queen Co;ltd က ကမ-၃ ပျောက်မိတ္တူ လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး**
**(မကွေး)**

## ကန့်ကွက်နိုင်ပါသည်

ယာဉ်အမှတ် (82W/72449) Sprinter-125 ယာဉ်လက်ဝယ်ရှိသူ That Hnin Su Co;ltd က ကမ-၃ ပျောက် မိတ္တူလျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ (၃၀)ရက်အတွင်း အောက်ဖော်ပြပါ ရုံးသို့ လာရောက်ဆက်သွယ်ဆောင်ရွက်ပါရန်။

**ကညန၊တိုင်းရုံး**
**(မကွေး)**

## ယာဉ်မှတ်ပုံတင်စာအုပ် မိတ္တူလျှောက်ထားခြင်း

ယာဉ်အမှတ် ၆၃ယ/၈၃၅၄၇ ယာဉ်လက်ဝယ်ရှိသူ ဦးသန်းဝေစိုး ၁၀/ခဆန(နိုင်) ၀၇၃၀၁၅က (ကမ-၃) ပျောက်ဆုံး၍ မိတ္တူထုတ်ပေးရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများဖြင့် ကြော်ငြာသည့်ရက်မှ ရက် ၃၀ အတွင်း အောက်ဖော်ပြပါရုံးသို့ လူကိုယ်တိုင် လာရောက်ကန့်ကွက် နိုင်ပါသည်။

**ကညန၊ ပြည်နယ်ဦးစီးမှူးရုံး၊**
**မော်လမြိုင်မြို့**

**ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ လင်းလွန်း(မြောက်)ရပ်ကွက်၊ လင်းလွန်းလမ်း၊ အမှတ်(၅၀)တွင် တည်ဆောက်ထားသည့် (၆)ထပ်တိုက်၏ (၆လွှာ)၊ အခန်းအမှတ် (၆-B)ခြေရင်းခန်း၊ တိုက်၏မျက်နှာချင်းဆိုင်မှကြည့်လျှင် ဘယ်ဘက်ခြမ်း၊ အကျယ်အဝန်း (၁၅' x ၆၀')ခန့်ရှိ ဓါတ်လှေကားပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်တွယ်ကပ် ဆက်စပ်လျှက်ရှိသည့် ပစ္စည်းများနှင့် ရေမီးစုံအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်နှင့် ပတ်သက်၍ အများသိစေရန်ကြော်ငြာချက်**

အထက်ဖော်ပြပါ တိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ယခုရောင်းချသူများဖြစ်သော ဒေါ်ဝင့်သိမ့်သိမ့်ဇင်(၁၂/မရက(နိုင်)၁၂၁၉၂၆)၊ ဒေါ်မြတ်သန္တာလင်း (၁၂/စခန(နိုင်)၀၅၉၀၇၅)တို့မှ ယခုရောင်းချသည့် တိုက်ခန်းသည် လူနေထိုင်ခွင့်(BCC) ရရှိပြီးတိုက်ခန်းဖြစ်ကြောင်း၊ မိမိတို့မှ တရားဝင် ဝယ်ယူပိုင်ဆိုင်ထားပြီး တရားဝင်ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အခြားအရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံပြောဆို၍ ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ၎င်းတို့ထံမှ အဆိုပါတိုက်ခန်းနှင့်တကွ ယင်းတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်တို့အား ကျွန်ုပ်၏မိတ်ဆွေက ဥပဒေနှင့်အညီ တရားဝင် ဝယ်ယူရန်အတွက် ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေပြီးဖြစ်ပါသည်။

အဆိုပါတိုက်ခန်းအရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်မာသော စာရွက်စာတမ်း မူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်၏ထံသို့ ဤကြော်ငြာစာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက ဤအရောင်းအဝယ်ကို ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြော်ငြာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ-**

**ဒေါ်ထွေးဇာခြည် (LL.B)၊ (D.B.L)** **ဒေါ်ညိုမာ (LL.B)**

**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၃၁၁၈)** **အထက်တန်းရှေ့နေ (စဉ်-၃၅၇၇၆)**

**အခန်းအမှတ် (308) Office Tower (3), Time City, ကျွန်းတောလမ်း၊ ကမာရွတ်မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉-၄၃၀၆၆၅၈၀၊ ၀၉-၉၆၀၇၂၀၃၇၄**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ကျွန်ုပ်တို့၏မိတ်ဆွေများက ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ The Gems Garden Condominiums တွင်တည်ရှိသော တိုက်ခန်းအမှတ် (G4)၊ တိုက်နံပါတ် - (12- 03) ဧရိယာ ( 897 ) စတုရန်းပေ၊ အကျယ်အဝန်းရှိ တိုက်ခန်းအပါအဝင် Car Paking တစ်စီးထားရန်နေရာနှင့် ယင်းတိုက်ခန်းပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား Capital Development Limited" ထံ (၉-၁၀-၂၀၁၃) ရက်စွဲပါ - နှစ်ဦးသဘောတူ ကွန်ဒိုမီနီယမ်တိုက်ခန်းအရောင်းအဝယ်ကတိစာချုပ်"အရ တရားဝင်ဝယ်ယူပိုင်ဆိုင်ထားပြီး ပြန်လည်ရောင်းချပိုင်ခွင့်ရှိသူ ဦးစီအစင်း (ခ) ဦးမျိုးလှိုင် (ဘ)စီချူခေး (၉/မရမ(နိုင်)၀၈၁၁၀၁)၊ ဒေါ်ရှုရင် (ခ) ဒေါ်ကျင်မေ (ဘ)ဦးအော်လောက်ပင်(၉/မရမ(နိုင်)၀၈၁၁၀၂)၊ အမှတ် (၈၅)၊ လမ်းသစ်လမ်း၊ (၃)ရပ်ကွက် လမ်းမတော်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီးတွင်နေသူများထံမှ ဝယ်ယူရန် စရန်ငွေပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါကွန်ဒိုတိုက်ခန်း အရောင်းအဝယ်ပြုလုပ်သည့် ကိစ္စနှင့်စပ်လျဉ်း၍ ကန့်ကွက်ရန်ရှိပါက ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထားများနှင့်တကွ ကျွန်ုပ်တို့ထံ လာရောက်ကန့် ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကိစ္စကို ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း၊ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

**ဒေါ်ခင်ဝင်းမြင့် (B.Sc, PGDL)** **ဒေါ်ခင်မြတ်သူ (H.GP,LL.B,D.M.L)**

**တရားလွှတ်တော်ရှေ့နေ (စဉ်/၁၆၁၉၆)** **တရားလွှတ်တော်ရှေ့နေ (စဉ်/၇၅၁၅)**

**ဖုန်း-၀၉-၅၁၇၁၄၃၃** **ဖုန်း-၀၉-၂၅၄၄၈၈၃၃၀**

**အမှတ် (၁၂၂)၊ ၂/လမ်းတောင်၊ အရှေ့ကြို့ကုန်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး**

# ကန့်ကွက်နိုင်ကြောင်းကြော်ငြာစာ

